http://www.dhammadownload.com

# သင်္ကန်းအလှူ

သာမဏေကျော်




သင်္ကန်းအလှူ • သာမဏေကျော်

ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း စသည့်
သင်္ကန်းအလှူများနှင့် ပတ်သက်၍
ပိဋကတ်တော်လာ သိသင့်စရာများ

http://www.dhammadownload.com

သာမဏေကျော်

# သင်္ကန်းအလှူ

ပါရမီ
စာပေ

http://www.dhammadownload.com

**သင်္ကန်းအလှူ**

ပထမအကြိမ်၊ ၂၀၀၆ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀

**မျက်နှာဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၂၀၂၇၄၀၆၀၅ နှင့် စာမူခွင့်ပြုချက် အမှတ် ၃၂၀၉၄၃၀၅၁၂ တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ် ၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးအောင်ထက်(၀၈၀၀၃) အောင်ပါရမီ ပုံနှိပ်တိုက်၊ အခန်း ၃၊ အမှတ် ၁၂၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

**တန်ဖိုး ၇၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)

၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်

၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

E-mail paramibk@myanmar.com.mm

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | ၅ |
| ၁။ | သောတာပန်နဲ့ တူသူများ | ၇ |
| ၂။ | ကထိန်ဒကာ ရတဲ့အကျိုး ၅ မျိုး | ၉ |
| ၃။ | သက်န်းအလှူနဲ့ မဟာလတာတန်ဆာ | ၁၃ |
| ၄။ | မဟာလတာတန်ဆာပိုင်ဆိုင်သူ ၃ ဦး | ၁၃ |
| ၅။ | မဟာလတာတန်ဆာ | ၁၄ |
| ၆။ | သင်္ကန်းမလှူခဲ့လို့ | ၁၅ |
| ၇။ | အဂ္ဂသာဝက ၂ ပါး | ၁၆ |
| ၈။ | ဗောဓိဘိက္ခုဖြစ်ဖို့ကံ | ၁၇ |
| ၉။ | ဗောဓိဘိက္ခုဆိုတာ | ၁၈ |
| ၁၀။ | ဗောဓိဘိက္ခုရဟန်းအရေအတွက် | ၁၉ |
| ၁၁။ | ပိလိန္ဒမစ္ဆမထေရ်ကိုယ်တွေ့ အဝတ်လှူရကျိုး ၈ မျိုး | ၂၁ |
| ၁၂။ | နတ်သားမေးလို့ ဘုရားဖြေ | ၂၂ |
| ၁၃။ | အဝတ်အစုံနဲ့ ယသုတ္တရာ | ၂၄ |
| ၁၄။ | အဝတ်ပိုင်းတစ်ဝက် အလှူ | ၂၉ |
| ၁၅။ | နတ်အဝတ် | ၃၂ |
| ၁၆။ | ရှာစားသား | ၃၇ |
| ၁၇။ | ဇနီးမောင်နှံနဲ့ အဝတ်တစ်ထည် | ၃၈ |
| ၁၈။ | ဆင်းရဲသားရဲ့ အဝတ်အလှူ | ၄၅ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၁၉။ | တိဿလေးရဲ့ ကမ္ဗလာအလှူ | ၄၇ |
| ၂၀။ | ပစ္စေကဗုဒ္ဓါ ၅၀၀ အတွက် သင်္ကန်း ၃ ထည်စီ | ၅၄ |
| ၂၁။ | နှစ်ယောက်အတွက်မှ အဝတ်တစ်ထည် | ၆၀ |
| ၂၂။ | ဥမ္မာဒန္တီ | ၆၇ |
| ၂၃။ | မိတ္တာထေရီ | ၇၄ |
| ၂၄။ | မိထွေးတော်ရဲ့ သင်္ကန်းအလှူ | ၇၅ |
| ၂၅။ | နတ်သားနဲ့ ပြိတ္တာမ | ၈၀ |
| ၂၆။ | အဝတ်မပါတဲ့ ဆံပင်အလှပိုင်ရှင် | ၈၆ |
| ၂၇။ | အရှင်သာရိပုတ္တရာရဲ့ မိခင်ဟောင်း ပြိတ္တာ | ၉၆ |
| ၂၈။ | မတ္တာနဲ့ တိဿာ | ၁၀၂ |
| ၂၉။ | ကရဏာရှင် အရှင်သာရိပုတ္တရာ | ၁၁၂ |
| ၃၀။ | ကျိန်စာသင့်သူ | ၁၂၁ |
| ၃၁။ | သင်္ကန်းအမျိုးမျိုး | ၁၂၆ |
| ၃၂။ | သင်္ကန်းချုပ်ပုံ | ၁၃၀ |
| ၃၃။ | သင်္ကန်းနဲ့ ရဟန္တာ | ၁၃၂ |
| ၃၄။ | လူအနာဂါမ်နဲ့ ပုထုဇဉ် သာမဏေ | ၁၃၃ |
| ၃၅။ | မစင်ပေ သင်္ကန်း | ၁၃၄ |
| ၃၆။ | သင်္ကန်းနဲ့ သာသနာ | ၁၃၄ |
| ၃၇။ | သင်္ကန်းလှူရကျိုးများ | ၁၃၅ |
| ၃၈။ | ပဒေသာပင် | ၁၃၆ |
| ၃၉။ | မဟာလတာနဲ့ ဗောဓိကွူ | ၁၃၆ |
| ၄၀။ | ဗောဓိကွူဖြစ်နိုင်သူ | ၁၃၇ |
| ၄၁။ | ဓိဝကရဲ့သင်္ကန်းအလှူ | ၁၃၇ |

http://www.dhammadownload.com

# နိဒါန်း

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှေကားဥယျာဉ်နဲ့ လှော်ကား ရွာအကြားက ကတ္တရာလမ်းရဲ့ အနောက်ဘက်အနီးအနားမှာ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက် တည်ရှိပါတယ်။ ၁၃၆၆ ခု၊ ဝါဆိုလ (၂၀၀၄ ခုနှစ်) ကမှ စတင်တည်ထောင် ထားပါတယ်။ ပထမနှစ် ဝါကပ်စဉ်က ရဟန်း ၃ ပါးသာ ရှိပါတယ်။ ဝါခေါင်လမတိုင်မီ ကိုရင်လေး ၃ ပါးလည်း တိုးလာပါတယ်။ အဲဒီပထမနှစ် ဝါကပ်စဉ်က ဝါဆိုသင်္ကန်း ကပ်လှူမယ့်သူ မရှိခဲ့ပါ။ ကထိန်သင်္ကန်းကိုတော့ မှော်ဘီမြို့ ဈေးသူဈေးသားတွေက စုပေါင်းလှူဒါန်းကြပါတယ်။ မှော်ဘီ မြို့ ဈေးသူ ဈေးသားတွေက ပထမဆုံး ကထိန်ဒကာ၊ ဒကာမတွေ ဖြစ်ကြပါတယ်။ ယခုနှစ် (၁၃၆၇ ခု၊ ခရစ်နှစ် ၂၀၀၅) ခုနှစ်မှာလည်း အခြားကထိန်ဒကာ၊ ဒကာမတွေ မပေါ်ပေါက်ခဲ့ရင် သူတို့ပဲ ဒုတိယအကြိမ်ခင်းလိုကြပါတယ် လို့ လျှောက်ထားကြပါတယ်။

ပဲခူးတိုင်း အင်းတကော်စံပြကျေးရွာနေ ဦးကျော်လှိုင် ဒေါ်တင်ဋ္ဌေးတို့ရဲ့ အင်္ဂလန်နိုင်ငံနေ သမီးငယ် မဥမ္မာလှိုင်၊ သူ့ခင်ပွန်း မောင်ကောင်းမြတ်စိုးတို့က သာမဏေကျော် မဟာ

http://www.dhammadownload.com



ဂန္ဓာရုံကျောင်းတိုက်ရဲ့ ဒုတိယအကြိမ်ကထိန်မှာ ကထိန်ဒကာ ဒကာမအဖြစ် တာဝန်ယူလိုကြောင်း လျှောက်ထားလာကြပါတယ်။ မှော်ဘီမြို့ ဈေးသူဈေးသားတွေကလည်း ဝမ်းသာကျေနပ်စွာ ကထိန်ကို ခွင့်ပြုလိုက်ကြပါတယ်။ ဦးကျော်လှိုင် ဒေါ်တင်ဋ္ဌေးတို့ရဲ့သမီးကြီး မညိုမီလှိုင်ကတော့ သာမဏေကျော် မဟာဂန္ဓာရုံကျောင်းတိုက်ရဲ့ ဒုတိယနှစ်မှာ ဝါကပ်ကြတဲ့ ရဟန်း ၂ ပါး၊ သာမဏေ ၁၃ ပါးတို့အား ဝါဆိုသင်္ကန်းတစ်စုံစီ ဆက်ကပ်လှူဒါန်းပါတယ်။

အဲဒီဝါဆိုသင်္ကန်းအလှူရှင် ဦးကျော်လှိုင်–ဒေါ်တင်ဋ္ဌေး မိသားစု၊ ကထိန်သင်္ကန်းအလှူရှင် မောင်ကောင်းမြတ်စိုး–မဥမ္မာလှိုင်နဲ့ မှော်ဘီဈေးသူဈေးသားတွေကို အကြောင်းပြုပြီး ဝါဆိုသင်္ကန်းနဲ့၊ ကထိန်သင်္ကန်းစတဲ့ သင်္ကန်းအလှူရှင်တွေကို သင်္ကန်းအလှူနဲ့ပတ်သက်တဲ့ ပိဋကတ်တော်လာ သိသင့်တာလေးတွေ သိစေလို၊ သဒ္ဓါပွားစေလိုတဲ့ဆန္ဒဟာ သာမဏေကျော့် ရင်မှာ ပေါ်ပေါက်လာပါတယ်။ ဒါကြောင့် ဒီစာအုပ်လေး ဖြစ်ပေါ်လာအောင် ကြိုးစားလိုက်ပါတယ်။

သာမဏေကျော်
၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်နေ့။
၁၉၊ ၈၊ ၂၀၀၅။

http://www.dhammadownload.com

## သောတာပန်နဲ့ တူသူများ

၁။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်မှု။

၂။ ငါးပါးသီလ လုံခြုံမှု။ (မသတ်မှု၊ မခိုးမှု၊ ကာမမကျူးလွန်မှု၊ မလိမ်မှု၊ မူးယစ်သေစာ မသုံးစွဲမှု)

၃။ မဲချပြီး လှူဒါန်းတဲ့ ဆွမ်းတစ်ထပ်အလှူ။

၄။ ၁၅ ရက် တစ်ကြိမ်လှူတဲ့ ဆွမ်းတစ်ထပ် အလှူ။

၅။ ဝါဆိုသင်္ကန်းတစ်ကြိမ်အလှူ။

၆။ ရေကန်တစ်ကန်အလှူ။

၇။ ကျောင်းဆောင်တစ်ဆောင်အလှူ။

အဲဒီကောင်းမှု ၇ မျိုးဟာ စွဲမြဲတဲ့ကောင်းမှုတွေ ဖြစ်ကြပါတယ်။ အဲဒီစွဲမြဲတဲ့ကောင်းမှုတွေရှိတဲ့ ဒကာ ဒကာမတွေရဲ့ နောက်ရောက်ရမယ့်ဘဝဟာလည်း မြဲပါတယ်။ (ကောင်းဖို့ သေချာပါတယ်။) အဲဒီ ဒကာ ဒကာမတွေဟာ သောတာပန်နဲ့တူသူတွေသာ ဖြစ်ကြပါတယ်။

(အံ၊ ဋ္ဌ၊ တ၊ ၂၆၅)

ဝါဆိုသင်္ကန်းအလှူနဲ့ ပတ်သက်ပြီး အမရပူရမြို့

http://www.dhammadownload.com



မဟာဂန္ဓာရုံဆရာတော်ကြီးက ပါတိမောက်ဘာသာဋီကာမှာ ဒီလို ရေးထားပါတယ်။

'ဝဿာဝါသိက' ပုဒ်ရဲ့အနက်ကို 'ဝါဆိုသင်္ကန်း'လို့ အဓိပ္ပာယ်ပြန်ကြတယ်။ ယခုကာလမှာတော့ ဝါမဆိုခင် 'ဝါဆိုသင်္ကန်း'လို့ ခေါ်ကာ သင်္ကန်းကပ်ကြတယ်။ ကျမ်းဂန်လာ ဝဿာဝါသိက သင်္ကန်းကတော့ ဝါတွင်းမှာ ဝါကပ်နေတဲ့ ရဟန်းသံဃာအား လှူအပ်တဲ့ သင်္ကန်းဖြစ်တယ်။'

ဝါဆိုသင်္ကန်းတစ်ကြိမ် လှူဖူးတဲ့ပုဂ္ဂိုလ်ဟာ သောတာပန်နဲ့ တူသွားပါတယ်။ သောတာပန်အစစ်တော့ မဟုတ်သေးပါ။ သောတာပန်အတုမျှသာ ဖြစ်ပါသေးတယ်။ သောတာပန် အစစ်ကတော့ ဘယ်တော့မှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါးကို မရောက်နိုင်တော့ပါ။ အပါယ်တံခါး အမြဲပိတ်သွားတဲ့ သောတာပန်အစစ်ဘဝကမှ ရာနှုန်းပြည့် အားရကျေနပ်စရာဖြစ်ပါမယ်။ အထက်ပါ စွဲမြဲတဲ့ ကောင်းမှုရှင်တွေဟာ သောတာပန်အတုတွေသာ ဖြစ်သေးတာမို့ အဲဒီကောင်းမှုတွေလောက်နဲ့ အားရကျေနပ်မနေဘဲ သောတာပန်အစစ်ဖြစ်စေနိုင်တဲ့ ဝိပဿနာအလုပ်ကိုပါ အားထုတ်ဖို့ လိုပါသေးတယ်။

မဟာဂန္ဓာရုံဆရာတော်ကြီးက ပါရာဇိကဏ်ဘာသာဋီကာ စတုတ္ထအုပ် ၅၄၁ စာမျက်နှာမှာတော့ ဒီလိုရေးထားပြန်ပါသေးတယ်။

http://www.dhammadownload.com



'ဝဿဝါသိက (ဝါဆိုသင်္ကန်း) ကို ဗုဒ္ဓလက်ထက်က ဝါကျွတ်မှ လှူလေ့ရှိကြပြန်တူ၏။ ယခုခေတ်ကား ဝါမဆိုခင် လှူတတ်ကြသည်။'

## ကထိန်ဒကာရတဲ့ အကျိုး ၅ မျိုး

ကထိန်သင်္ကန်းလှူတဲ့ ဒကာ ဒကာမတွေမှာ အောက်ပါ အကျိုး ၅ မျိုး ရကြောင်းကို မဟာစည်ဆရာတော်ကြီးက လင်္ကာလေးတွေ သီကုံးထားပါတယ်။

** လှူသူမှာလည်း နည်းတူပဲ ရမြဲ ကျိုးငါးမည်။

၁။ တားဆီးကင်းကွာ၊ လွတ်လပ်စွာ၊ လိုရာသွားနိုင်သည်။

၂။ တာဝန်ကိစ္စ၊ မလေးရ၊ ပေါ့လှလေတော့သည်။

၃။ စားလိုရာများ၊ စားသော်ငြား၊ ဘေးကား မသင့်ပြီ။

၄။ ပစ္စည်းအများ၊ သိမ်းပိုက်ထား၊ ဘေးကား မရှိပြီ။

၅။ ကိုယ့်ပစ္စည်းများ၊ သူတစ်ပါး၊ ယူသွားကင်းပသည်။

** ကထိန်ဒကာ၊ ကျိုးငါးဖြာ၊ လျော်စွာရနိုင်သည်။

(သုတ္တာနုလောမ)

* သာမန်ကျိုးလည်း၊ များစွာပဲ၊ ရလည်းရနိုင်သည်။

ကထိန်ခင်းလိုက်တဲ့အတွက် အဲဒီကျောင်းတိုက်မှာ ဝါကျွတ်ပြီးတဲ့ ရဟန်းတွေမှာ အကျိုး ၅ မျိုး ရကြောင်းကို

http://www.dhammadownload.com



တော့ ဘုရားရှင် ဟောတော်မူထားပါတယ်။ ကထိန်သင်္ကန်း အလှူရှင် ဒကာ ဒကာမတွေမှာ အထက်ပါအကျိုး ၅ မျိုး ရကြောင်းကိုတော့ ဘုရားရှင်က တိုက်ရိုက်ဟောတော်မမူခဲ့ ပါ။ စားဖွယ်လှူသူဟာ အလှူခံပုဂ္ဂိုလ်အား အသက်၊ ရုပ် အဆင်း၊ ချမ်းသာ၊ အင်အား၊ ပညာကိုပါ တစ်ပါတည်း လှူလိုက်တဲ့အတွက် လှူသူမှာ အလားတူ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အင်အားရှိခြင်း၊ ပညာထက် ခြင်း အကျိုးတွေကို ရရှိကြောင်းကို ဘုရားရှင် ဟောတော်မူ ခဲ့ပါတယ်။ အဲဒီဘုရားဟော တရားတော်တွေကို နည်းမှီပြီး ကထိန်သင်္ကန်းအလှူရှင်တွေမှာလည်း အလားတူ အထက် ပါ အကျိုး ၅ မျိုးရနိုင်ကြောင်းကို ပညာရှိပုဂ္ဂိုလ်ကြီးတွေက ယူဆကာ ပြောဟောကြပါတယ်။

ကထိန်ခင်းပြီးတဲ့ရဟန်းတွေမှာ ရတဲ့အကျိုး ၅ မျိုးက

၁။ အစေကလကာဝင်၊ စာရိတ္တသိက္ခာပုဒ်မှာ 'ထင်ရှားရှိတဲ့ ရဟန်းကို ခွင့်မပန်ဘဲ ပင့်ဖိတ်ထားတဲ့ဆွမ်းကို မစား မိဖြစ်စေ၊ စားပြီးနောက် မွန်းမတည့်မီဖြစ်စေ အိမ် တွေမှာ မလှည့်လည်ရ'လို့ ပညတ်တော်မူထားပါ တယ်။ အဲဒီပညတ်တော်အရ အာပတ်မသင့်ခြင်း။

၂။ ဒုတိယကထိန စီဝရအဝိပ္ပဝါသသိက္ခာပုဒ်အရ အဓိဋ္ဌာန်တင်အပ်တဲ့ သင်္ကန်းကို သွားလေရာသို့ ယူသွားပြီး အရုဏ်တက်ချိန်မှာ မိမိနဲ့ မကင်းအောင်

http://www.dhammadownload.com



နေရရိုးရှိပါတယ်။ ကင်းပြီးနေရင် နိသဂ္ဂိပါစိတ် အာပတ် သင့်ပါတယ်။ အဲဒီလိုမယူဘဲ ပေါ့ပေါ့ပါးပါး သွားနိုင်ခြင်း။

၃။ မအပ်စပ်တဲ့နည်းနဲ့ 'ထမင်းစား ကြွပါ'လို့ ပင့်ရင် ရဟန်း ၄ ပါး အတူခံယူပြီး မစားကောင်းပါ။ ဂဏဘောဇနသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါတယ်။ အဲဒီလိုစားလို့ အာပတ်မသင့်ခြင်း။ (ပရမ္ပရဘောဇနသိက္ခာပုဒ်အရလည်း အာပတ်မသင့်ပါ။)

၄။ ကထိန်အာနိသင် မရရင် အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ ၁၀ ရက်လွန်အောင် မထားရ။ ကထိန်အာနိသင် ရရင်တော့ အာနိသင်ရနေသမျှ အဓိဋ္ဌာန်၊ ဝိကပ္ပနာ မပြုဘဲ အလိုရှိသလောက် သင်္ကန်း (အဝတ်) တွေကို ထားနိုင်ပါတယ်။ အဲဒီလိုထားတဲ့အတွက် ပထမကထိနသိက္ခာပုဒ်အရ အာပတ်မသင့်ခြင်း။

၅။ ကထိန်ခင်းရာ ကျောင်းတိုက်မှာ သံဃိကသင်္ကန်း (အဝတ်အထည်) ဟူသမျှဟာ ကထိန်အာနိသင် ရထားတဲ့ အဲဒီကျောင်းတိုက်ရှိ ရဟန်းတွေဝေပြီး ယူနိုင်ပါတယ်။ အဲဒီလို ယူနိုင်ခြင်း။ (ကထိန်အာနိသင် မရသူနဲ့ အခြားကျောင်းတိုက်ကလာတဲ့ အာဂန္တု (ဧည့်သည်) ရဟန်းတွေဟာ ကထိန်လအတွင်းမှာ သံဃိကသင်္ကန်း (အဝတ်အထည်) တွေကို ဝေငှပြီး မယူနိုင်ပါ။)

http://www.dhammadownload.com



ကထိန်ခင်းရာ အဲဒီကျောင်းတိုက်မှာ ဖြစ်ပေါ်လာသမျှ သင်္ကန်း (အဝတ်စတွေပါ) အားလုံးဟာ ကထိန်အာနိသင် ရထားတဲ့ ပုရိမဝါသားရဟန်းတွေအတွက် ဖြစ်ပါလိမ့်မယ်။

ရဟန်းတွေမှာရတဲ့ ကထိန်အကျိုး ၅ မျိုးကို မဟာစည်ဆရာတော်ကြီးက ဒီလိုလင်္ကာသီကုံးထားပါတယ်။

၁။ မပန်မကြား၊ လိုရာသွား၊ ပြစ်များ မရှိပြီ။
၂။ ၃ ထည်ထဲမှာ၊ ထားလိုရာ၊ ထားကာသွားနိုင်သည်။
၃။ ၄ ပါးတူပင်၊ ဂိုဏ်းဘောဇဉ်၊ စားချင်စားနိုင်သည်။
၄။ သင်္ကန်းများစွာ၊ ၅ လမှာ၊ သိမ်းကာထားနိုင်သည်။
၅။ သံဃာလှူကြား၊ သင်္ကန်းများ၊ သူ့အားသာဖြစ်သည်။

(ဝိ၊ ၃၊ ၃၅၂)

ရဟန်းတွေမှာရတဲ့ နံပါတ်တစ်အကျိုးနဲ့ အလားတူတဲ့အကျိုးကို နံပါတ်တစ်အနေနဲ့ ကထိန်သင်္ကန်း အလှူရှင်တွေမှာ ရရှိပါတယ်။ ကထိန်အလှူရှင်တွေရတဲ့ ကျန်အကျိုး ၄ မျိုးကလည်း ရဟန်းတွေမှာရတဲ့ နံပါတ် ၂၊ ၃၊ ၄၊ ၅ အကျိုးတွေနဲ့ အလားတူပဲဖြစ်ပါတယ်။ ၂ နဲ့ ၂ ချင်း၊ ၃ နဲ့ ၃ ချင်း၊ ၄ နဲ့ ၄ ချင်း၊ ၅ နဲ့ ၅ ချင်းက အလားတူအကျိုးတွေဖြစ်ပါတယ်။

http://www.dhammadownload.com

## သက်န်းအလှူနှင့် မဟာလတာတန်ဆာ

ဝိသာခါဟာ ကဿပဘုရားရှင်လက်ထက်က ရဟန်း ၂၀၀၀၀ အား သင်္ကန်းလျာအဝတ်ကို လှူပြီး ချည်ကိုရော၊ အပ်တွေကိုရော၊ ဆိုးရည်ကိုပါ သူမရဲ့ဥစ္စာကိုသာ (သူမ ပိုင်ဆိုင်တာတွေကိုသာ) လှူခဲ့ပါတယ်။ အဲဒီသင်္ကန်းလှူခဲ့တဲ့ အလှူရဲ့ အကျိုးဆက်ကြောင့် မဟာလတာတန်ဆာကို ရရှိခဲ့ပါတယ်။ မှန်ပါတယ်။ အမျိုးသမီးတွေရဲ့ သင်္ကန်းအလှူဟာ မဟာလတာ တန်ဆာပစ္စည်းနဲ့ အထွတ်အထိပ်ကို ရောက်ပါတယ်။ (မဟာလတာတန်ဆာပစ္စည်းဟာ ခေါင်ထိပ်အကျိုး ဖြစ်ပါတယ်။) အမျိုးသားတွေရဲ့ သင်္ကန်းအလှူကတော့ တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်းနဲ့ အထွတ်အထိပ်ကိုရောက်ပါတယ်။ (တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်းဟာ ခေါင်ထိပ်အကျိုး ဖြစ်ပါတယ်။) (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၉)

## မဟာလတာတန်ဆာ ပိုင်ဆိုင်သူ ၃ ဦး

မဟာလတာကို တန်ဆာဆင်ဖို့ (ဝတ်ဆင်ဖို့) သင့်လျော်တဲ့ အမျိုးသမီးတွေဆိုတာ ရခဲပါတယ်။ ၁။ ဝိသာခါဒကာမကြီး၊

http://www.dhammadownload.com



၂။ ဗန္ဓုလစစ်သူကြီးရဲ့ဇနီး မလ္လိကာ၊ ၃။ ဓာရာဏသီသူဌေး ရဲ့သမီး၊ ဒီအမျိုးသမီး ၃ ယောက်သာ မြေအပြင်မှာ အဲဒီ မဟာလတာတန်ဆာကို ရခဲ့ကြပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၆၀)

## မဟာလတာတန်ဆာ

အဲဒီမဟာလတာတန်ဆာမှာ စိန် ၄ ပြည်၊ ပုလဲ ၁၁ ပြည်၊ သန္တာ ၂၂ ပြည်၊ ပတ္တမြား ၃၃ ပြည် သုံးစွဲပါတယ်။ အဲဒီ ရတနာတွေနဲ့ရော အခြားရတနာတွေနဲ့ပါ အပြီးအဆုံးသို့ ရောက်ပါတယ်။ ချည်မပါတဲ့ မဟာလတာတန်ဆာကို ငွေနဲ့ ချည်ကိစ္စ ပြုလုပ်ကြပါတယ်။ အဲဒီတန်ဆာက ဦးခေါင်းမှာ စွပ်လိုက်ရင် ခြေဖမိုး ရောက်သွားပါတယ်။ ထိုထိုနေရာတွေ မှာ (နေရာများစွာမှာ) လက်စွပ်တွေလိုတပ်ကာ ပြုလုပ်ထား တဲ့ ရွှေကြယ်သီးတွေ ရှိကြပါတယ်။ ကြယ်သီးကွင်းတွေက ငွေနဲ့ပြုလုပ်ထားတယ်။ ဦးထိပ်ရဲ့အလယ်မှာ လက်စွပ်တစ်ခု ရှိပါတယ်။ နားအပြင် ၂ ခုတွေမှာ လက်စွပ် ၂ ခု၊ လည် ချောင်း ရေမြှုမှာ လက်စွပ်တစ်ခု၊ ညှပ်ရိုး ၂ ခုမှာ လက်စွပ် ၂ ခု၊ တတောင်ဆစ် ၂ ခုမှာ လက်စွပ် ၂ ခု၊ ခါးစောင်း ၂ ခုမှာ လက်စွပ် ၂ ခု ရှိကြပါတယ်။ အဲဒီမဟာလတာ တန်ဆာမှာ ဥဒေါင်းတစ်ကောင်လို ပြုလုပ်ထားကြပါတယ်။

http://www.dhammadownload.com



အဲဒီဥဒေါင်းရဲ့လက်ယာဘက်တောင်ပံမှာ ရွှေနီနဲ့ပြုလုပ်ထားတဲ့ ငှက်တောင် ၅၀၀ ရှိကြပါတယ်။ လက်ဝဲဘက်တောင်ပံမှာ အဲဒီလိုငှက်တောင် ၅၀၀ ရှိကြပါတယ်။ နှုတ်သီးက သန္တာနဲ့ပြုလုပ်ထားပါတယ်။ မျက်စိတွေက ပတ္တမြားနဲ့ ပြုလုပ်ထားပါတယ်။ လည်ပင်းနဲ့မြီးဆံတွေကလည်း ပတ္တမြားနဲ့ပြုလုပ်ထားပါတယ်။ လေသာတောင် အရိုးတံတွေက ငွေနဲ့ပြုလုပ်ထားပါတယ်။ ခြေသလုံးတွေကလည်း ငွေနဲ့ ပြုလုပ်ထားပါတယ်။ အဲဒီဥဒေါင်းက ဝိသာခါရဲ့ဦးထိပ်အလယ်မှာ တောင်ထိပ်ပေါ်ရပ်တည်ကာ ကနေတဲ့ဥဒေါင်းလို ထင်ရပါတယ်။ လေသာတောင်အရိုးတံ တစ်ထောင်ရဲ့အသံက နတ်သီချင်းသံလိုရော၊ တူရိယာငါးမျိုးသံလိုပါ ဖြစ်နေပါတယ်။ အနီးအနားကပ်သွားသူတွေသာ အဲဒီဥဒေါင်းရုပ်ကို ဥဒေါင်းအစစ်မဟုတ်မှန်း သိကြပါတယ်။ အဲဒီမဟာလတာတန်ဆာက ၉ ကုဋေထိုက်တန်ပါတယ်။ လက်ခကို တစ်သိန်းပေးရပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၄၈)

## သက်န်း မလှူခဲ့လို့

ဗာဟိယဟာ ဘုရားရှင်ရဲ့တရားကို နာရင်းပဲ အာသဝေါအားလုံးကို ကုန်စေကာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားပါတယ်။ အဲဒီခဏမှာပဲ ဗာဟိယက ဘုရားရှင်ကို

http://www.dhammadownload.com



ရဟန်းပြုပေးဖို့ လျှောက်တယ်။ 'ဗာဟိယ၊ သင့်မှာ သပိတ်၊ သင်္ကန်း ပြည့်စုံပြီလား'လို့ ဘုရားရှင်က မေးတယ်။ ဗာဟိယ က 'မပြည့်စုံသေးပါ ဘုရား'လို့ လျှောက်တယ်။ အဲဒီအခါ ဗာဟိယကို ဘုရားရှင်က 'ဒီလိုဆိုရင် သပိတ်၊ သင်္ကန်းကို ရှာဖွေပါ'လို့ မိန့်ကာ ဖဲသွားပါတယ်။ ဗာဟိယဟာ အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်းတရားကို အားထုတ်တဲ့ အခါ 'ရဟန်းဆိုတာ ကိုယ်တိုင်ပစ္စည်းတွေကိုရပြီး အခြားသူကို မကြည့်ရှုဘဲ ကိုယ်တိုင်သာ သုံးစွဲသင့်တယ်'လို့ ယူဆပြီး ရဟန်းတစ်ပါးအားသော်မှ သပိတ်နဲ့ဖြစ်စေ၊ သင်္ကန်းနဲ့ဖြစ်စေ မချီးမြှောက်ခဲ့။ ဒါကြောင့် ဗာဟိယမှာ တန်ခိုးနဲ့ပြီးတဲ့ သပိတ်၊ သင်္ကန်း မပေါ်ပေါက်လတ္တံ့လို့ သိပြီး ဧဟိဘိက္ခု ရဟန်းအဖြစ်နဲ့ ရဟန်းပြုမပေးခဲ့ပါ။ သပိတ်၊ သင်္ကန်း ရှာဖွေနေတုန်းမှာပဲ ဗာဟိယကို ဘီလူးမတစ်ယောက်က နွားမအသွင်နဲ့လာပြီး ရင်ဘတ်မှာပုတ်ခတ်ကာ သတ်လိုက်ပါ တယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၁၁)

## အဋ္ဌသာဝက ၂ ပါး

အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနဲ့ အရှင်မဟာ မောဂ္ဂလ္လာန်အလောင်း ကောလိတတို့ဟာ ဘုရားရှင်ကို ရှိခိုး

http://www.dhammadownload.com



ပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကြပါတယ်။ ဘုရားရှင်ကို ဒီစကားကို လျှောက်ထားကြပါတယ်။

'မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ ဘုရားရှင်ထံမှာ ရှင် ရဟန်းအဖြစ်ကို ရလိုကြပါတယ်'

မြတ်စွာဘုရားက ဒီလိုမိန့်တော်မူပါတယ်။

'ရဟန်းတို့၊ လာကြလော၊ တရားကို ကောင်းစွာ ဟောထားတယ်။ ဝဋ်ဆင်းရဲရဲ့အဆုံးကို ကောင်းစွာပြုဖို့ အကျင့်မြတ်ကို ကျင့်ကြလော့'

ဥပတိဿနဲ့ကောလိတတို့ဟာ တန်ခိုးနဲ့ပြီးတဲ့သပိတ်၊ သင်္ကန်းကို ဆောင်ထားကာ ဝါတော် ၆၀ ရ မထေရ်တွေ ပမာ ဖြစ်သွားကြပါတယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၆၀)

အဂ္ဂသာဝကနှစ်ပါးဟာ ရှေးဘဝတွေမှာ သင်္ကန်း လှူခဲ့ကြတာကို သိခဲ့ရပါတယ်။ ဗာဟိယမှာလို မဟုတ်လို့ပါ ပဲ။

# ပေါ်ဘိက္ခုရဟန်းဖြစ်ဖို့ ကံ

တစ်ခုသောရှေးဘဝမှာ သင်္ကန်းစတဲ့ ပရိက္ခရာ ၈ ပါး (သင်းပိုင်၊ ကာသီ၊ နှစ်ထပ်သင်္ကန်းကြီး၊ သပိတ်၊ ပဲခွပ်၊ သို့မဟုတ် ဓားငယ်၊ အပ်၊ ခါးပန်းကြိုး၊ ပဝါရေစစ်) ကို

http://www.dhammadownload.com



သို့မဟုတ် သပိတ်၊ သင်္ကန်းကိုသာ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်အား သို့မဟုတ် သီလနဲ့ပြည့်စုံတဲ့ ပုထုဇဉ်အားသာ လှူပြီး 'ဒီပရိက္ခရာအလှူဟာ နောင်အခါမှာ ဧဟိဘိက္ခု ရဟန်းဖြစ်ဖို့ အထောက်အပံ့ဖြစ်ပါစေ'လို့ ဆုတောင်းခဲ့တယ်။ အဲဒီပုဂ္ဂိုလ်မှာ အဲဒီကောင်းမှုပြည့်စုံလို့ ဘုရားရှင်တွေရဲ့ မျက်မှောက်မှာ တန်ခိုးနဲ့ပြီးတဲ့ ပရိက္ခရာကို ရဖို့ဖြစ်လာပါတယ်။

(သာရတ္ထ၊ ၃၊ ၅၁)

## ဧဟိဘိက္ခုဆိုတာ

ဧဟိဘိက္ခုရဟန်းဆိုတာ ဘုရားရှင်ရဲ့ 'ရဟန်း၊ လာလော့' ဆိုတဲ့စကားမျှနဲ့ ရဟန်းအဖြစ်ရောက်တဲ့ ပုဂ္ဂိုလ်ပါပဲ။ ချဲ့ပြီး ပြောပါမယ်။ ဘုရားရှင်က ဧဟိဘိက္ခုရဟန်းဖြစ်ဖို့ ကောင်းမှုရှိသူကို မြင်ပြီး နီးမြန်းတဲ့ ပံသုကူသင်္ကန်းအကြားက ရွှေအဆင်းရှိ လက်ယာလက်ကို ထုတ်ဖော်ကာ ဗြဟ္မာမင်းအသံနဲ့ အသံမြတ်ကို မိန့်မြွက်လျက် 'ရဟန်း၊ လာလော့' (သင်အလိုရှိတဲ့ ရှင် ရဟန်းအဖြစ်ကို လက်ခံလော)။ ဝဋ်ဆင်းရဲရဲ့ အဆုံးကို ကောင်းစွာပြုနိုင်ဖို့ အကျင့်မြတ်ကို ကျင့်လှည့်လော့' လို့ မိန့်ပါတယ်။ ဘုရားရှင်ရဲ့စကားနဲ့ တစ်ပြိုင်နက်ပဲ အဲဒီပုဂ္ဂိုလ်ရဲ့ လူ့အသွင် (လူ့အဝတ်နဲ့ ဆံမုတ်ဆိတ်ရှည်တွေ) ကွယ်ပျောက်သွားပါတယ်။ ရှင်၊ ရဟန်းအဖြစ် အထမြောက်

http://www.dhammadownload.com



သွားပါတယ်။ ခေါင်းတုံးရိတ်ပြီးဖြစ်သွားပါတယ်။ သင်္ကန်း ဝတ်ပြီး ဖြစ်သွားပါတယ်။ သင်းပိုင်ကို ဝတ်၊ ကေသီကို ရမ်းကာ သင်္ကန်းကြီးကို ပခုံးပေါ်တင်ထားပါတယ်။ လက်ဝဲ ပခုံးမှာ ကြာညိုအဆင်းရှိ မြေသပိတ်ကို လွယ်ကာ ရပ်တည် နေပါတယ်။ ခန္ဓာကိုယ်မှာ ဆင်ထားတဲ့ ပရိက္ခရာရှစ်ပါးနဲ့ ဝါတော် ၆၀ ရ မထေရ်ကြီးပမာ ကြည်ညိုဖွယ်အမူအရာနဲ့ ပြည့်စုံသွားပါတယ်။ ဘုရားရှင်ပဲ သရဏဂုံ၊ ကမ္မဝါစာ ဆရာအရာမှာရော ဥပဇ္ဈာယ်အရာမှာ တည်သွားပါတယ်။ ဘုရားရှင်ကို ရှိခိုးလျက်သာ ရပ်တည်နေပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၅)

## ဗောဓိပက္ခိယရဟန်းအရေအတွက်

ဘုရားရှင်က ပထမဗောဓိမှာ (ဝါတော် ၂၀ အတွင်းမှာ) ပထမအချိန်တစ်ချိန်မှာ ဗောဓိပက္ခိယရဟန်းအဖြစ်နဲ့သာ ရဟန်း ပြုပေးခဲ့ပါတယ်။ အဲဒီရဟန်းတွေက ၁၃၄၁ ပါး ရှိပါတယ်။

၁။ ပဉ္စဝဂ္ဂီရဟန်း ၅ ပါး။

၂။ ယသရဟန်း ၁ ပါး။

၃။ ယသရဲ့အခြံအရံ ၅၄ ပါး။

၄။ ဘဒ္ဒဝဂ္ဂီမင်းသားတွေ ၃၀ ပါး။

၅။ ရှေ့ရသေ့တွေ ၁၀၀၀ ပါး။

http://www.dhammadownload.com



၆။ အဂ္ဂသာဝကတွေနဲ့တကွ အခြံအရံတွေပါ ၂၅၀။

၇။ အင်္ဂုလိမာလထေရ် ၁ ပါး။ အားလုံးပေါင်း ၁၃၄၁ ပါး။

ဗောဓိကျူရဟန်းတွေက အဲဒီ ၁၃၄၁ ပါးသာ မက သေးပါ။ အခြားများစွာ ရှိပါသေးတယ်။

၁။ ၃၀၀ အခြံအရံရှိတဲ့ သေလပုဏ္ဏား။

၂။ ၁၀၀၀ အခြံအရံရှိတဲ့ မဟာကပ္ပိနမင်း။

၃။ ကပိလဝတ်နေ အမျိုးသား ၁၀၀၀၀။

၄။ ၁၆၀၀၀ သော ပါရာယနိကပုဏ္ဏားတွေစတဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ပေါင်းလိုက်ရင် ၂၇၃၀၀ ရှိပါတယ်။ ရှေ့က ၁၃၄၁ နဲ့ ထပ်ပေါင်းလိုက်က ၂၈၆၄၁ ဖြစ်သွားပါတယ်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၂၀၆)

ဒီ ၂၈၆၄၁ ပါးသော ရဟန်းတော်တွေဟာ ပရိက္ခရာ ၈ ပါး၊ သို့မဟုတ် သပိတ်၊ သင်္ကန်းကို လှူဒါန်းခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်။ သပိတ်၊ သင်္ကန်း သို့မဟုတ် ပရိက္ခရာ ၈ ပါး လှူဒါန်းခဲ့လို့ ဘုရားရှင်ရဲ့ 'ဗောဓိကျူ ရဟန်း လာလော့' လို့ မိန့်လိုက်ချိန်မှာ သပိတ်၊ သင်္ကန်း စတဲ့ ပရိက္ခရာတွေ အလိုလိုရောက်လာတာဟာ အံ့ဩစရာ ပါပဲ။ တန်ခိုးကြောင့် ဖြစ်ပေါ်လာတာပါတဲ့။ ကိုယ့်စေတနာ က ကိုယ့်ကို ပြန်အကျိုးပေးတာပါပဲ။

http://www.dhammadownload.com



မြန်မာနိုင်ငံမှာရော ဗုဒ္ဓဘာသာဝင်တွေ နေထိုင်ရာ အခြားနိုင်ငံတွေမှာပါ သင်္ကန်းလှူဖူးတဲ့ အမျိုးသမီးတွေဟာ များလှပါပေတယ်။ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်းအပြင် အခြားအခြား သာရေး နာရေးကိစ္စတွေမှာပါ လှူတဲ့သင်္ကန်း စသည်ဖြင့် အမျိုးအစားက များပြားပါတယ်။ အဲဒီသင်္ကန်း အလှူရှင်အမျိုးသမီးတွေသာ မဟာလတာတန်ဆာကို ရနိုင်ကြမယ်ဆိုရင် မဟာလတာတန်ဆာကို ရသူတွေ ပေါများလာပါလိမ့်မယ်။ မဟာလတာတန်ဆာကို ရနိုင်တဲ့ အမျိုးသမီးက ဘုရားလက်ထက်ကတောင် ၃ ယောက်ပဲ ရှိခဲ့ပါတယ်။ နည်းလှပါတယ်။ သင်္ကန်းလှူခြင်းရဲ့ အထွတ်အထိပ် အကျိုးလို့ ဆိုထားတော့ သင်္ကန်းလှူရာမှာ အထွတ်အထိပ် စေတနာ ထားနိုင်သူတွေသာ မဟာလတာတန်ဆာကိုရတာ ဖြစ်ပါလိမ့်မယ်။

## ပိလိန္ဒဝစ္ဆမထေရ် ကိုယ်တွေ့ အဝတ်လှူရကျိုး ၈ မျိုး

ငါ (ပိလိန္ဒဝစ္ဆမထေရ်) ဟာ မြတ်စွာဘုရားနဲ့အမြတ်ဆုံး ဂိုဏ်းသံဃာအား အဝတ်တွေကို လှူခဲ့ပါတယ်။ ငါ့ကံအား လျော်တဲ့ အကျိုး ၈ မျိုးကို ခံစားရပါတယ်။

၁။ ငါဟာ ရွှေအဆင်းနဲ့တူတဲ့ အဆင်းရှိတယ်၊

http://www.dhammadownload.com



၂။ မြူအညစ်အကြေး ကင်းတယ်။
၃။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်တယ်။
၄။ တန်ခိုးကြီးတယ်။
၅။ ငါ့ရဲ့ခန္ဓာကိုယ်ဟာ ပြေပြစ်တယ်။
၆။ ဘဝတွေမှာ ကျင်လည်ရတဲ့ငါ့မှာ အဖြူ၊ အဝါ၊ အနီ အဝတ်တစ်သိန်းတို့ဟာ ငါ့ဦးထိပ်ပေါ် ဆောင်းမိုးလျက် ရှိကြတယ်။
၇။ ငါဟာ ဘဝအားလုံးမှာ ပိုးအဝတ်၊ သကလတ် (ကမ္ဗလာ) အဝတ်တွေကို ရခဲ့တယ်။
၈။ ခေါမချည်အဝတ်တွေ၊ ဝါချည်အဝတ်တွေကိုလည်း ရခဲ့တယ်။ (အပဒါနပါဠိ၊ ပ၊ ၃၅၈)

သင်္ကန်းလှူအဝတ်တွေကိုလှူခဲ့တဲ့ ပိလိန္ဒဝစ္ဆမထေရ်မှာ အဲဒီအကျိုး ၈ မျိုးကို ရရင် သင်္ကန်းဖြစ်အောင် အရောင်ဆိုးပြီး၊ ချုပ်ပြီး၊ လှူတဲ့အမျိုးသား၊ အမျိုးသမီးတွေမှာ အဲဒီ ၈ မျိုးကို ရဖို့ ပိုပြီးသေချာပါတယ်။

## နတ်သားမေးလို့ ဘုရားဖြေ

ညသန်းခေါင်ယံအချိန်မှာ နတ်သားတစ်ယောက်က မေးလို့ ဘုရားရှင်က ဖြေတော်မူထားပါတယ်။

http://www.dhammadownload.com



'မြတ်စွာဘုရား၊ ဘာကိုလျှုရင် ရုပ်ရည်အဆင်း လှပမှုကို လှူရာရောက်ပါသလဲ ဘုရား'

'နတ်သား၊ အဝတ်ကိုလှူရင် ရုပ်ရည်အဆင်း လှပမှုကို လှူရာရောက်ပါတယ်။' (သံယုတ်ပါဠိ၊ ပ၊ ၂၉)

ရုပ်လှတဲ့သူဖြစ်ပေမယ့် အဝတ်စုတ်ပြတ်နေရင်၊ သို့မဟုတ် အဝတ်မပါရင် ရုပ်ဆိုးသွားပါတယ်။ (ရှက်ဖွယ်အင်္ဂါမလုံခြုံလို့ပါ။) ကဲ့ရဲ့ရှုတ်ချစရာဖြစ်တယ်၊ အကြည့်ရဆိုးတယ်၊ အဝတ်ဝတ်လိုက်ရင် နတ်သားလေးလို (အမျိုးသမီးဆိုရင် နတ်သမီးလေးလို) တင့်တယ်သွားတယ်။ ဒါကြောင့် ဘုရားရှင်က 'အဝတ်ကို လှူသူဟာ ရုပ်ရည်အဆင်း လှပမှုကို လှူရာရောက်တယ်'လို့ ဟောတော်မူပါတယ်။

(သံယုတ်၊ ဋ္ဌ၊ ပ၊ ၇၈)

'လူမှာ အဝတ်၊ တောင်းမှာ အကွပ်' လို့ မြန်မာ့ဆိုရိုးစကား ရှိပါတယ်။ အဝတ်ကို သပ်သပ်ရပ်ရပ် ဝတ်ထားရင် သာမန်လှသူတောင် ပိုပြီးကြည့်ကောင်းသွားပါတယ်။ ပိုပြီးလှသွားပါတယ်။ လိုက်ဖက်တဲ့အဝတ်ဆိုရင် ပိုပြီးတောင် စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။ ဆွဲဆောင်အားပိုရှိသွားပါတယ်။ လိုက်ဖက်တဲ့အဝတ်ကို သပ်သပ်ရပ်ရပ်ဝတ်ဆင်လိုက်ရင် လူမှားသွားရလောက်ပင် အသွင်အပြင်ပြောင်းလဲသွားပါတယ်။ အဝတ်အစား မပြည့်စုံ၊ မကောင်းမွန်လို့ အလှအပတွေ ပုန်းလျှိုးနေရတဲ့ တောသူမလေးကို

http://www.dhammadownload.com



အဝတ်အစား ကောင်းကောင်းမွန်မွန်လေး ဝတ်ဆင်ပေးလိုက်ရင် မြို့သူတွေ ရှုံးရလောက်ပင် လှသွားတတ်ပါတယ်။ သံယုတ်အဋ္ဌကထာမှာတော့ နတ်သမီး၊ နတ်သားလေးလို တင့်တယ်သွားတယ်လို့ ဆိုသွားပါတယ်။ နတ်သမီးလေးလောက်၊ နတ်သားလေးလောက် မလှချင်နေပါစေ၊ ရုပ်ရှင်မင်းသမီးလေးလို၊ ရုပ်ရှင်မင်းသားလေးလို လှပါပေတယ်လို့ ချီးမွမ်းခံရတယ်ဆိုရင်ပဲ အကျေနပ်ကြီး ကျေနပ်လှပါပြီ။ လောကမှာ လှတာကို လူတိုင်းကြိုက်ပါတယ်။ အမျိုးသားတွေလည်း ကြိုက်ကြပါတယ်။ အမျိုးသမီးတွေလည်း ကြိုက်ကြပါတယ်။ လှချင်ရင် နတ်သားအား မိန့်ကြားထားတဲ့ ဘုရားစကားတော်အရ အဝတ် (သင်္ကန်းလည်း ပါသွားပါတယ်) လှူရပါမယ်။ အဝတ်လှူသူဟာ အလှလှူနေတာပါပဲ။ သင်္ကန်းလှူသူဟာ အလှလှူနေတာပါပဲ။

## အဝတ်အစုံနဲ့ ယသုတ္တရာ

ဘုရားရှင်က ဗာရာဏသီမြို့အနီးရှိ သားကောင်တွေအား ဘေးမဲ့ပေးရာ ဣသိပတနတောမှာ သီတင်းသုံးတယ်။ ဗာရာဏသီမြို့မှာ ဥပါသိကာမတစ်ယောက်ရှိတယ်။ သူမက ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် ယုံကြည်တယ်။

http://www.dhammadownload.com



ကြည်ညိုတယ်။ သီလအကျင့်နဲ့ ပြည့်စုံတယ်။ ဘုရားရှင်ကို ရည်စူးပြီး အဝတ်အစုံကို အရက်ခိုင်းတယ်။ ကောင်းကောင်း သန့်စင်သွားအောင် ပြုလုပ်ခိုင်းတယ်။ ဘုရားရှင်ထံသွားပြီး ဘုရားရှင်ရဲ့ခြေရင်းမှာထားကာ ဒီလိုလျှောက်ထားပါတယ်။

'မြတ်စွာဘုရား၊ မြတ်စွာဘုရားက တပည့်တော်ကို သနားသောအားဖြင့် ဒီအဝတ်အစုံကို လက်ခံတော်မူပါ။ အဲဒီလိုလက်ခံတာဟာ တပည့်တော်အတွက် ကာလရှည် ကြာစွာ စီးပွား ချမ်းသာအလို့ငှာ ဖြစ်ပါလိမ့်မယ်'

ဘုရားရှင်က အဲဒီအဝတ်အစုံကို ခံယူပြီး အဲဒီဥပါ သိကာမရဲ့ ရေးပါရမီကံနဲ့ ပြည့်စုံတာကိုမြင်ရပြီး တရား ဟောတော်မူပါတယ်။ အဲဒီဥပါသိကာမဟာ တရားဒေသနာ အဆုံးမှာ သောတာပတ္တိဖိုလ်မှာ တည်သွားပါတယ်။ ဘုရား ရှင်ကို ရှိခိုးပြီး အရိုအသေပြုကာ အိမ်ကိုပြန်သွားပါတယ်။ သူမဟာ မကြာခင်ပဲ သေသွားပြီး တာဝတိံသာနတ်ပြည်မှာ ဖြစ်ကာ သိကြားမင်းရဲ့အချစ်ခံရသူဖြစ်ပြီး သိကြားမင်းနဲ့ ရင်းနှီးကျွမ်းဝင်ပါတယ်။ နာမည်အားဖြင့် ယသုတ္တရာ မည် ပါတယ်။ သူမရဲ့အစွမ်းကြောင့် ရွှေကွန်ရက်လွှမ်းတဲ့ ဆင် မြတ်ဖြစ်ပေါ်လာပါတယ်။ အဲဒီဆင်မြတ်ရဲ့ပခုံးမှာ ပတ္တမြားနဲ့ ပြီးတဲ့ မဏ္ဍပ်ရှိပါတယ်။ အလယ်မှာ ကောင်းစွာခင်းထားတဲ့ ရတနာပလ္လင် ဖြစ်ပေါ်လာပါတယ်။ အဲဒီဆင်မြတ်ရဲ့ အစွယ် နှစ်ချောင်းမှာ ကြာ၊ ကုမုဒြာကြာတွေနဲ့ တောက်ပတဲ့ ပျော်

http://www.dhammadownload.com



မွှေ့ဖွယ် ရေကန် နှစ်ကန် ဖြစ်ပေါ်လာပါတယ်။ အဲဒီရေကန်တွေထဲက ပဒုမ္မာကြာချပ်ပေါ်မှာ ရပ်တည်နေတဲ့ နတ်သမီးတွေဟာ အင်္ဂါငါးပါးရှိတဲ့ တူရိယာကို ချီမြှောက်ကာ ကလည်းကကြပါတယ်၊ သီချင်းလည်း ဆိုကြပါတယ်။

ဘုရားရှင်က ဗာရာဏသီမြို့မှာ အလိုရှိသလောက် သီတင်းသုံးပြီး သာဝတ္ထိမြို့ရှိရာကို ခရီးထွက်သွားပါတယ်။ အစဉ်အားဖြင့် သာဝတ္ထိမြို့ကို ရောက်သွားပါတယ်။ ဘုရားရှင်က အဲဒီသာဝတ္ထိမြို့အနီးရှိ အနာထပိဏ်သူဌေး လှူထားတဲ့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးပါတယ်။ အဲဒီအခါ နတ်သမီးက သူမခံစားနေရတဲ့ စည်းစိမ်ကို ကြည့်ပြီး အဲဒီစည်းစိမ်ရဲ့အကြောင်းကို စူးစမ်းတဲ့အခါ 'ဘုရားရှင်အား အဝတ်အစုံ လှူခဲ့တဲ့အကြောင်းပဲ'လို့ သိသွားတယ်။ အလွန်ဝမ်းမြောက်သွားတယ်။ ဘုရားရှင်အပေါ် ကြည်ညိုမြတ်နိုးမှုများစွာဖြစ်သွားတယ်။ ရှိခိုးချင်လို့ ညအခါ သန်းခေါင်ယံမှာ ဆင်ကျောပေါ်တက်ကာ ကောင်းကင်ခရီးနဲ့လာတယ်။ ဆင်ကျောပေါ်က သက်ဆင်းပြီး ဘုရားရှင်ကိုရှိခိုး လက်အုပ်ချီကာ သင့်တင့်ရာအရပ်မှာ ရပ်တည်နေပါတယ်။ အဲဒီ နတ်သမီးကို အရှင်ဝင်္ဂီသက ဘုရားရှင်ခွင့်ပြုလို့ အောက်ပါဂါထာစကားတွေနဲ့ မေးပါတယ်။

'နတ်သမီး... သင်ဟာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ထားတယ်။ သင်တက်စီးထားတဲ့ ဆင်မြတ်

http://www.dhammadownload.com



ကြီးက နတ်ပတ္တမြား၊ ရွှေတွေနဲ့ စီခြယ်ထားတယ်။ ရွှေကွန်ရက် လွှမ်းထားတယ်။ ချပ်ဝတ်တန်ဆာဆင်ထားတယ်။ အဲဒီဆင်မြတ်ကျောပေါ် ထိုင်လျက် ကောင်းကင်ခရီးနဲ့ပဲ ငါတို့ထံ လာနေတယ်'

'ဒီဆင်မြတ်ရဲ့ အစွယ်နှစ်ချောင်းပေါ် ရေကန်နှစ်ကန်ကို အလွန်ကျွမ်းကျင်တဲ့ အတတ်ပညာရှင်က ကောင်းစွာ စီခြယ်ထားတယ်။ ရေကန်နှစ်ကန်မှာ ကြည်လင်တဲ့ရေရှိတယ်။ ကောင်းကောင်းပွင့်နေတဲ့ ပဒုမ္မာကြာပန်းပင်တွေ ရှိတယ်။ ပဒုမ္မာကြာတွေပေါ်မှာလည်း အင်္ဂါငါးပါးရှိတဲ့ တူရိယာတွေကို အသံအမျိုးမျိုးနဲ့ တီးခတ်နေကြတယ်။ စိတ်ကိုဆွဲဆောင်နိုင်တဲ့ ဒီနတ်သမီးတွေကလည်း ကနေကြတယ်'

'တန်ခိုးကြီးတဲ့ နတ်သမီး... သင်ဟာ နတ်တန်ခိုးကို ရရှိနေပါတယ်။ လူ့ဘဝက ဘာကောင်းမှုကို ပြုလုပ်ခဲ့ပါသလဲ။ ဘာကြောင့် သင်ဟာ ဒီလိုတောက်ပတဲ့အစွမ်း ရှိပါသလဲ။ သင်ရဲ့အရောင်အဆင်းကလည်း အရပ်မျက်နှာအားလုံးမှာ ဘာကြောင့်တောက်ပနေတာပါပလဲ။'

ဝင်္ဂီသမထေရ်က မေးလို့ နတ်သမီးက အောက်ပါ ဂါထာစကားတွေနဲ့ ဖြေပါတယ်။

'တပည့်တော်ဟာ ဗာရာဏသီမြို့မှာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ဘုရားရှင်အား အဝတ်အစုံကို လှူခဲ့ပါတယ်။ ဘုရားရှင်ရဲ့ခြေတော်တွေကို ရှိခိုးပြီး မြေကြီးပေါ်ထိုင်ခဲ့ပါ

http://www.dhammadownload.com



တယ်။ တပည့်တော်ဟာ ကျေနပ်အားရပြီး လက်အုပ်ချီခဲ့ပါတယ်။ ရွှေအဆင်းရှိတဲ့ ဘုရားရှင်က တပည့်တော်အား သစ္စာလေးပါး တရားကို ဟောခဲ့ပါတယ်။ အဲဒီသစ္စာလေးပါးတွေကို ထိုးထွင်းသိခဲ့ပါတယ်။ သက်တန်းအနည်းငယ်သာ ရှိတော့လို့ အဲဒီလူ့ဘဝက သေခဲ့ပါတယ်။ တာဝတိံသာ နတ်ပြည်ရောက်ခဲ့ပါတယ်။ အခြံအရံများပါတယ်။ သိကြားမင်းရဲ့ မယားဖြစ်ခဲ့ပါတယ်။ စာတုမဟာရာဇ်နတ်ပြည်နဲ့ တာဝတိံသာနတ်ပြည်တွေက အရပ်မျက်နှာအားလုံးမှာ ယသုတ္တရာလို့ နာမည်တွင် ထင်ရှားပါတယ်။'

(ဝိမာန၊ ၄၊ ၁၆၅)

ယသုတ္တရာနတ်သမီးဟာ အဝတ်လှူခဲ့တဲ့ ကောင်းမှုအကျိုးကို ကိုယ်တိုင်ခံစားနေရတာမို့ အဝတ်လှူနေကြသူတွေ၊ သင်္ကန်းလှူနေကြသူတွေကို မြင်တွေ့ခဲ့ရင် ငါ့လိုပဲ နတ်စည်းစိမ်ကို ခံစားရမှာပဲလို့ ယုံကြည်ထားပါလိမ့်မယ်။ ဘုရားရှင်ဆိုတဲ့ အလှူခံပုဂ္ဂိုလ်အကောင်းဆုံးအား လှူခဲ့ရတဲ့ ကောင်းမှုဆိုတော့ အကောင်းဆုံးလယ်မှာ စိုက်ပျိုးရတဲ့ မျိုးစေ့ပမာဖြစ်သွားပါတယ်။ ကောင်းမှုအကျိုးကို ကိုယ်တွေ့ခံစားနေရသူက ကောင်းမှုအကျိုးကို ကိုယ်တွေ့မခံစားရသူထက် ကောင်းမှုအပေါ် ယုံကြည်မှု ပိုမိုအားကောင်းနေပါလိမ့်မယ်။ ကောင်းမှုအပေါ် ပိုမိုအားကိုးစိတ်၊ ကောင်းမှုကို ပိုမိုပြုလိုစိတ်တွေလည်း ဖြစ်ပေါ်ပါလိမ့်မယ်။

http://www.dhammadownload.com

# အဝတ်ပိုင်းတစ်ဝက် အလှူ

စူဠဝစ္ဆမထေရ်ဟာ ပဒုမုတ္တရဘုရားလက်ထက်က ဆင်းရဲတဲ့ အမျိုးမှာ ဖြစ်ခဲ့တယ်။ သူတစ်ပါးတွေထံ အခစားအလုပ်နဲ့ အသက်မွေးခဲ့တယ်။ ဘုရားရှင်ရဲ့တပည့် သုဇာတမထေရ် ပံသုကူအဝတ် (လမ်း၊ သုသာန်စသည်တွေမှာ အလိုမရှိလို့ ပစ်ထားတဲ့အဝတ်) ရှာဖွေနေတာကို မြင်သွားတယ်။ ကြည် ညိုစိတ်ဖြစ်ပြီး မထေရ်ထံ ချဉ်းကပ်ကာ မထေရ်အား အဝတ် ကို လှူတယ်။ တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ အဲဒီဆင်းရဲ သားဟာ အဲဒီကောင်းမှုကံကြောင့် ၃၃ ကြိမ်တိုင်တိုင် နတ် မင်း ပြုလုပ်ခဲ့ရတယ်။ ၇၇ ကြိမ်တိုင်တိုင် စကြဝတေးမင်း ဖြစ်ခဲ့တယ်။ မရေမတွက်နိုင်အောင် အကြိမ်ပေါင်းများစွာ ပဒေသရာဇ်မင်း ဖြစ်ခဲ့တယ်။ အဲဒီလိုနည်းနဲ့ နတ်လူတွေ ဘဝတွေမှာ ကျင်လည်ခဲ့ရတယ်။ ကဿပဘုရားသာသနာ ဆုတ်ယုတ်လာတဲ့အခါ ရဟန်းဝတ်ပြီး ရဟန်းတရားကို အားထုတ်ခဲ့တယ်။ ဘုရားနှစ်ဆူရဲ့အကြားကာလတစ်ခုပတ် လုံး နတ်လူဘဝတွေမှာ အပြန်ပြန်အလှန်လှန် သွားခဲ့တယ်။ ငါတို့ဂေါတမဘုရားရှင်လက်ထက်မှာ ကောသမ္ဗီမြို့က ပုဏ္ဏား မျိုးမှာ ဖြစ်တယ်။ စူဠဝစ္ဆ လို့ အမည်တွင်တယ်။

http://www.dhammadownload.com



စူဠဝစ္ဆဟာ အရွယ်ရောက်တဲ့အခါ ပုဏ္ဏားတွေရဲ့ အတတ်တွေမှာ ဆုံးခန်းတိုင် တတ်မြောက်တယ်။ ဘုရားဂုဏ်တော်တွေကို ကြားရပြီး ကြည်ညိုစိတ်ဖြစ်ကာ ဘုရားရှင်ထံ ချဉ်းကပ်တယ်။ သူ့အား ဘုရားရှင်က တရားဟောတယ်။ သူက သဒ္ဓါဖြစ်လာပြီး ရှင်ရဟန်းဝတ်တယ်။ ကြိုတင်ပြုလုပ်စရာတွေကို ပြုလုပ်ပြီး သူ့စရိုက်နဲ့သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ယူကာ ပွားများလျက်နေတယ်။ အဲဒီအခါမှာ ကောသမ္ဗီသားရဟန်းတွေဟာ ခိုက်ရန်ဖြစ်နေကြတယ်။ အဲဒီအခါ စူဠဝစ္ဆမထေရ်က အငြင်းပွားကြတဲ့ ရဟန်းနှစ်ပါးရဲ့အယူကို မယူဘဲ ဘုရားရှင်ပေးတဲ့ ဩဝါဒမှာ ရပ်တည်ကာ ဝိပဿနာပွားတယ်။ ရဟန္တာဖြစ်သွားပါတယ်။

(ထေရဂါထာ၊ ဌ၊ ပ၊ ၆၈)

အဲဒီမထေရ်အကြောင်းကို အဲဒီမထေရ်ကိုယ်တိုင်ပဲ ပြောခဲ့တာတွေ ထေရာပဒါနပါဠိမှာပါပါတယ်။ အဲဒီပါဠိမှာ အဝတ်ပိုင်းတစ်ဝက်ကို လှူခဲ့လို့ ဉပမုဒ္ဒသဒါယက မထေရ်လို့ အမည်ရှိပါတယ်။ အဲဒီမထေရ်က ဒီလိုပြောပြခဲ့ပါတယ်။

'အဲဒီအခါ ပဒုမုတ္တရာဘုရားရှင်ရဲ့တပည့် သုဇာတမထေရ်ဟာ ပံသုကူအဝတ်ကို ရှာဖွေရင်း အမှိုက်ပုံမှာ လှည့်လည်နေတယ်။ အဲဒီအခါ ငါက ဟံသာဝတီမြို့မှာ သူတစ်ပါးတွေရဲ့ အခစားဖြစ်ခဲ့တယ်။ အဝတ်ပိုင်းတစ်ဝက်ကို

http://www.dhammadownload.com



လှူပြီး ဦးခေါင်းနဲ့ရှိခိုးခဲ့တယ်။ ကောင်းစွာပြုလုပ်ခဲ့တဲ့ အဲဒီကံကြောင့်ရော၊ စေတနာ၊ တောင့်တမှုတို့ကြောင့်ပါ လူ့ခန္ဓာကိုယ်ကိုပယ်စွန့်ပြီး ငါဟာ တာဝတိံသာနတ်ပြည်ကို ရောက်ခဲ့တယ်။ ၃၃ ကြိမ်တိုင်တိုင် နတ်တွေကို စိုးရကာ နတ်မင်းလုပ်ခဲ့တယ်။ ငါဟာ ၇၇ ကြိမ်တိုင်တိုင် စကြဝတေးမင်းလည်း ဖြစ်ခဲ့တယ်။ ပြန့်ပြောတဲ့ ပဒေသရာဇ်မင်းအဖြစ်ကတော့ ဂဏန်းနဲ့ မရေမတွက်နိုင်။ အဝတ်ပိုင်းတစ်ဝက်ကို လှူရလို့ ဘေးအရပ်မှာမှ ဘေးရန်မရှိလို့ ဝမ်းသာခဲ့ရပါတယ်။'

'ငါဟာ ဒီနေ့အလိုရှိရင် တော တောင်နဲ့တကွဖြစ်တဲ့ အရပ်ကို ခါမတိုင်းဖြစ်အဝတ်တွေနဲ့ ဖုံးလွှမ်းနိုင်ပါတယ်။ အဲဒီအကျိုးဟာ အဝတ်ပိုင်းတစ်ဝက်ကို လှူရခြင်းရဲ့အကျိုးပါပဲ။ ဒီဘဒ္ဒကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်မှာ အဝတ်လှူခဲ့တဲ့အချိန်ကစပြီး ဘဝဆိုးကို မသိခဲ့ရပါ။ (မရောက်ခဲ့ရပါ) အဲဒီအကျိုးဟာ အဝတ်ပိုင်းတစ်ဝက်ကို လှူရခြင်းရဲ့အကျိုးပါပဲ။'

(အပဒါနပါဠိ၊ ၃၊ ၇၆)

အနည်းငယ် လှူပေမယ့် အကျိုးများစေချင်ရင် အလှူခံပုဂ္ဂိုလ်ကောင်းကို ရွေးချယ်ပြီး လှူတတ်ရပါတယ်။ 'အနည်းငယ်လှူပေမယ့် အကျိုးရများစေတဲ့ နေရာဟာ ဗုဒ္ဓသာသနာမှတစ်ပါး အခြားဘယ်နေရာမှာမှ မရှိပါ'လို့ ဓမ္မပဒအဋ္ဌကထာ ဝနဝါသီတိဿ သာမဏေဝတ္ထုမှာ ဆိုထားပါ

http://www.dhammadownload.com



တယ်။ ဗုဒ္ဓသာသနာမှာ သီလ၊ သမာဓိ၊ ပညာ အကျင့်ကောင်းတွေနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်တွေအား အနည်းငယ်လှူပေမယ့် အကျိုးများတာကို ရည်ရွယ်ပြီး 'ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးကိုရတယ်'လို့ ပြောဆိုကြပါတယ်။ အဝတ်ပိုင်းတစ်ဝက်နဲ့ နတ်မင်းစည်းစိမ် ၃၃ ကြိမ်၊ စကြဝတေးမင်းစည်းစိမ် ၇၇ ကြိမ်၊ ပဒေသရာဇ်မင်းစည်းစိမ် မရေမတွက်နိုင်အောင် များမှု၊ အလိုရှိက တောတောင်နဲ့တကွ အရပ်ကို ခါမတိုင်းဖြစ် အဝတ်တွေနဲ့ ဖုံးလွှမ်းနိုင်မှု၊ ကမ္ဘာတစ်သိန်းဘဝဆိုးကို မရောက်ရမှုတွေကို နှိုင်းယှဉ်ကြည့်ရင် အကြောင်းနဲ့အကျိုးဟာ အလွန်အကဲပဲ ကွာခြားနေပါတယ်။

## နတ်အဝတ်

အရှင်ပက္ခမထေရ်ဟာ ရှေးဘုရားရှင်တွေလက်ထက်မှာ ဆုတောင်းခဲ့ပြီး ထိုထိုဘဝတွေမှာ ကောင်းမှုတွေကို ပြုလုပ်ခဲ့ပါတယ်။ ဒီကမ္ဘာကနေ ၉၁ ကမ္ဘာအထက်မှာ နတ်ဘီလူးစစ်သူကြီး ဖြစ်ခဲ့တယ်။ ဝိပဿီဘုရားရှင်ကို ဖူးတွေ့ရပြီး ကြည်ညိုစိတ်ဖြစ်ကာ နတ်အဝတ်နဲ့ ပူဇော်မှုပြုခဲ့တယ်။ သူဟာ အဲဒီကောင်းမှုကံကြောင့် နတ်လူဘဝတွေမှာ ကျင်

http://www.dhammadownload.com



လည်ခဲ့ရတယ်။ ဒီဂေါတမဘုရား ပွင့်တော်မူတဲ့အခါ သက္က တိုင်း၊ ဒေဝဒဟနိဂုံးက သာကီဝင်မင်းမျိုးမှာ ဖြစ်တယ်။ သမ္မောဒမင်းသားလို့ အမည်တွင်တယ်။ သူငယ်ရွယ်စဉ်အခါ က လေရောဂါကြောင့် ခြေထောက်တွေ မရွေ့လျားနိုင်တော့ သူဟာ ရက်အနည်းငယ်ဆွံ့သူလိုဖြစ်သွားတယ်။ ဒါကြောင့် သူဟာ ပက္ခလို့အမည်တွင်တယ်။ နောင် ကျန်းမာလာတဲ့ အခါမှာလည်း ရှေးကအတိုင်း သူ့ကိုသိမှတ်ကြတယ်။ သူ ဟာ ဘုရားရှင်ရဲ့ ဆွေမျိုးတွေ အစည်းအဝေးမှာ တန်ခိုးကို မြင်ရပြီး ကြည်ညိုကာ ရဟန်းဝတ်လာတယ်။ ကြိုတင်ပြုလုပ် စရာကိစ္စတွေကို ပြုလုပ်ပြီး ကမ္မဋ္ဌာန်းကိုယူကာ တောမှာ နေတယ်။ တစ်နေ့မှာ ရွာထဲဆွမ်းခံဝင်ဖို့ သွားတဲ့အခါ လမ်းခရီးအကြားက သစ်ပင်အောက်မှာ ထိုင်တယ်။ အဲဒီ အခါမှာ စွန်တစ်ကောင်က အသားတစ်ကိုယူပြီး ကောင်းကင် ခရီးနဲ့သွားတယ်။ အဲဒီစွန်ကို စွန်များစွာက နောက်ကလိုက်ပြီး အသားတစ်လွှတ်ချအောင် လုပ်ကြတယ်။ ကျလာတဲ့ အသား တစ်ကို စွန်တစ်ကောင်က ဖမ်းယူတယ်။ အဲဒီအသားတစ်ကို အခြားစွန်တစ်ကောင်က လုပြီးပြန်ယူတယ်။ အဲဒီမြင်ကွင်းကို မြင်ရပြီး မထေရ်က 'အဲဒီအသားတစ်လိုပါပဲ ကာမဂုဏ်တွေ ဆိုတာ အများနဲ့ဆက်ဆံတယ်။ ဒုက္ခများတယ်။ ပြင်းစွာ ပူပန်ရမှုများတယ်'လို့ ကာမဂုဏ်တွေမှာ အပြစ်ကိုရှေ့ ကာမ မှထွက်မြောက်မှုရဲ့အကျိုးကိုပါ ဆင်ခြင်တယ်။ ဝိပဿနာ

http://www.dhammadownload.com



ပွားတယ်။ အနိစ္စစသည်ဖြင့် နှလုံးသွင်းရင်း ဆွမ်းခံလှည့်တယ်တယ်။ ဆွမ်းကိစ္စပြီးတဲ့အခါ နေ့အခါ နေရာအရပ်မှာ ထိုင်ပြီး ဝိပဿနာပွားကာ ရဟန္တာဖြစ်သွားပါတယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၁၈၀)

အပဒါနအဋ္ဌကထာ ဒုတိယတွဲ စာမျက်နှာ ၁၂၈ မှာတော့ အဲဒီမထေရ်အကြောင်းကို ဒီလိုလည်းပြဆိုထားပါသေးတယ်။ အဲဒီအပဒါနမှာ ဒီမထေရ်ဟာ မဟာပရိဝါရက မထေရ်လို့ အမည်တွင်ပါတယ်။ ဒီမထေရ်ဟာ ရှေးဘုရားရှင်တွေ လက်ထက်မှာ ထိုထိုဘဝတွေမှာ နိဗ္ဗာန်ရောက်ကြောင်းကောင်းမှုတွေကို ဆည်းပူးခဲ့တယ်။ ဝိပဿီဘုရားရှင် ပွင့်တော်မူတဲ့အခါ နတ်ဘီလူးမျိုးမှာဖြစ်တယ်။ နတ်ဘီလူးသိန်းပေါင်းများစွာ အခြံအရံရှိတယ်။ ကျွန်းငယ်တစ်ခုမှာ နတ်ချမ်းသာကို ခံစားရင်း နေတယ်။ အဲဒီကျွန်းမှာလည်း စေတီတွေနဲ့တင့်တယ်တဲ့ ကျောင်းရှိတယ်။ အဲဒီကျောင်းကို ဘုရားရှင် ကြွသွားဟယ်။ အဲဒီအခါ အဲဒီနတ်ဘီလူး စစ်သူကြီးက အဲဒီဝိပဿီဘုရားရှင် အဲဒီကျောင်းကြွလာတာကို မြင်ရတယ်။ နတ်အဝတ်တွေကိုယူပြီး သွားတယ်။ ဘုရားရှင်ကို ရှိခိုးပြီး နတ်အဝတ်တွေနဲ့ ပူဇော်တယ်။ အခြံအရံပရိသတ်နဲ့အတူတကွ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တယ်။ အဲဒီနတ်ဘီလူးစစ်သူကြီးဟာ အဲဒီကောင်းမှုကံကြောင့် အဲဒီဘဝမှ စုတေပြီး နတ်ပြည်မှာဖြစ်တယ်။ အဲဒီနတ်ပြည်မှာ

http://www.dhammadownload.com



နတ်ချမ်းသာကို ခံစားပြီး အဲဒီဘဝမှ စုတေတယ်။ လူ့ဘဝမှာ စကြဝတေးမင်းမြတ်အဖြစ်စတဲ့ ချမ်းသာကိုခံစားရတယ်။ နောင်အခါ ဒီဂေါတမဘုရားပွင့်တော်မူတဲ့အခါ အမျိုးကောင်းအိမ်မှာ ဖြစ်တယ်။ တတ်သိနားလည်တဲ့ အရွယ်ရောက်တဲ့အခါ ဘုရားရှင်အပေါ်ကြည်ညိုပြီး ရဟန်းပြုတယ်။ မကြာခင်ပဲ ရဟန္တာဖြစ်သွားတယ်။ သူက နောင်အခါမှာ သူ့ရဲ့ရှေးကံကို အမှတ်ရပြီး ဝမ်းသာလို့ ရှေးကပြုလုပ်ခဲ့တဲ့ အကျင့်အကြောင်းကို ဒီလိုထင်ရှားဖော်ပြပါတယ်။

(အပဒါန၊ ၄၊ ဒု၊ ၁၂၈)

လူတွေရဲ့အကြီးအမှူးဖြစ်ပြီး လူတွေထက်မြတ်တဲ့ ဝိပဿီဘုရားရှင်ဟာ ရဟန်းပေါင်း ၆၈,၀၀၀ နဲ့အတူ အဲဒီအခါ ဗန္ဓုမပြည်ကို ဝင်တော်မူတယ်။ ကိလေသာ မြူကင်းလို့ လှူဖွယ်ပစ္စည်းတွေကို ခံယူထိုက်တဲ့ဘုရားရှင် မြို့မှထွက်ကာ ကျွန်းစေတီကျောင်းကို ကြွစဉ် ငါမြင်ခဲ့ရတယ်။ တာဝတိံသာနတ်အပေါင်းတွေက သိကြားမင်းကို ဆည်းကပ်ခစားသလို နတ်ဘီလူးပေါင်း ၈၄,၀၀၀ က ငါ့ရဲ့အထံမှာ ရှိသေစွာ ဆည်းကပ်ခစားကြတယ်။ အဲဒီအခါ ငါက ဘုံဗိမာန်မှ ထွက်ပြီး အပေါ်ရုံအဝတ်ကို မြှောက်ချီကာ ဦးခေါင်းနဲ့ရှိခိုးတယ်။ အဲဒီအပေါ်ရုံအဝတ်ကိုလည်း မြတ်စွာဘုရားအား လှူလိုက်ပါတယ်။

ဘုရားရှင်ဟာ အံ့ဩဖွယ်ကောင်းပါပေစွ။ တရား

http://www.dhammadownload.com



တော်ဟာ အံ့ဩဖွယ်ကောင်းပါပေစွ။ ငါတို့မှာ ဘုရားရှင်ရဲ့ ပြည့်စုံမှုဟာ အံ့ဩဖွယ်ကောင်းပါပေစွ။ ဘုရားရှင်ရဲ့တန်ခိုးတော်ကြောင့် ဒီမြေကြီးဟာ တုန်လှုပ်ရပါတယ်။

ကြက်သီးမွေးညင်းထလောက်အောင် မဖြစ်စဖူး ထူးကဲတဲ့ အံ့ဩဖွယ်ကို မြင်တွေ့လို့ ငါဟာ အခြေနှစ်ချောင်းရှိသူ နတ်လူတွေကို အစိုးရပြီး ကောင်းဆိုးလောကဓံကြောင့် မတုန်လှုပ်တဲ့ ဘုရားရှင်အပေါ် ကြည်ညိုစိတ်ဖြစ်ခဲ့ပါတယ်။ အဲဒီငါဟာ ကြည်ညိုစိတ်ဖြစ်ပြီး ဘုရားရှင်အား အပေါ်ရုံအဝတ်ကို လှူခဲ့ပါတယ်။ မှူးမတ်အခြံအရံပရိသတ်နဲ့တကွ ငါဟာ ရတနာသုံးပါးကိုလည်း ဆည်းကပ်ကိုးကွယ်ခဲ့ပါတယ်။

ဒီဘဒ္ဒကမ္ဘာမှ ၉၁ ကမ္ဘာအထက်မှ ပူဇော်မှုပြုခဲ့တဲ့ အချိန်ကစပြီး အပါယ်လေးပါးရောက်ရတာကို မသိခဲ့ရပါ။ ဒီအကျိုးဟာ ဘုရားရှင်ကို အဝတ်နဲ့ပူဇော်ရခြင်းရဲ့ အကျိုးပါပဲ။

ဒီဘဒ္ဒကမ္ဘာမှ ၁၅ ကမ္ဘာအထက်မှာ သုဝါဟနမည်တဲ့ စကြဝတေးမင်းတွေ ၁၆ ကြိမ် ဖြစ်ခဲ့ပါတယ်။ အဲဒီစကြဝတေးမင်းတွေဟာ ရတနာ ၇ ပါးနဲ့ ပြည့်စုံတယ်။ ဗိုလ်ပါအင်အား များကြတယ်။

ပဋိသမ္ဘိဒါ ၄ ပါး၊ ဝိမောက္ခ ၈ ပါး၊ အဘိညာဉ် ၆ ပါးတို့ကို ငါဟာ မျက်မှောက်ပြုပြီးပြီ။ ဘုရားအဆုံးအမကို လိုက်နာကျင့်သုံးပြီးပြီ။

http://www.dhammadownload.com



အရှင်မဟာပရိဝါရကမထေရ်က အထက်ပါစကား တွေကို အဲဒီလိုမိန့်ကြားခဲ့ပါတယ်။

(အပဒါနပါဠိ၊ ပ၊ ၁၆၁)

ဘီလူးက အဝတ်လှူအပြီး မြေကြီးတုန်လှုပ်ခဲ့တဲ့ ထူးဆန်းမှုက ဘီလူးရဲ့ကြည်ညိုစိတ်ကို ဖြစ်ပေါ်စေခဲ့ပါ တယ်။ အဝတ်အလှူကြောင့် ၉၁ ကမ္ဘာတိုင်တိုင် အပါယ် မလားရတာဟာ အားရစရာပါပဲ။ ၁၅ ကမ္ဘာမှာ စကြဝတေး မင်း ၁၆ ကြိမ် ဖြစ်ရတာဟာလည်း အားရစရာပါပဲ။ နိုင်ငံ့ ခေါင်းဆောင်စတဲ့ အကြီးအကဲဘဝကို ရလိုသူတွေဟာ နတ် ဘီလူးစစ်သူကြီးရဲ့ အဝတ်အလှူကို အားကျကာ အတုယူ ပြုလုပ်သင့်ကြပါတယ်။

## ရှာစား သား

ဟေရညကာနိမထေရ်ဟာ ပဒုမုတ္တရဘုရားလက်ထက် ဟံသဝတီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်ခဲ့တယ်။ သူက တတ်သိနားလည်တဲ့အရွယ် ရောက်တဲ့အခါ သူတစ်ပါးတွေ ရဲ့ အခစားအလုပ်ကို လုပ်ပြီး အသက်မွေးတယ်။ တစ်နေ့မှာ သုဇာတမထေရ် ပံသုကူအဝတ် ရှာဖွေနေလို့ မထေရ်အား အဝတ်ပိုင်းတစ်ဝက်ကို လှူလိုက်တယ်။ သူဟာ ကောင်းမှု ကံကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ်။ အပြန်ပြန်

http://www.dhammadownload.com



အလှန်လှန် နတ်လူဘဝတွေမှာ ကျင်လည်တယ်။ ဒီဂေါတမ ဘုရား ပွင့်တော်မူတဲ့အခါ ကောသလမင်းရဲ့ရွာစား သူခိုး တရားစီရင်သူရဲ့သား ဖြစ်တယ်။ ဟေရညကာနိလို့ နာမည် တွင်တယ်။ သူက အရွယ်ရောက်တဲ့အခါ ဖခင်ကွယ်လွန် တော့ သူ့ကို မင်းက အဲဒီရွာစားနေရာမှာပဲ ထားတယ်။ ဇေတဝန်ကျောင်း ခံယူတဲ့အခါ သူက ဘုရားတန်ခိုးအစွမ်း ကို မြင်ရပြီး သဒ္ဓါဖြစ်လာတယ်။ သူ့ညီအား အဲဒီရာထူးကို ပေးခိုင်းတယ်။ မင်းကိုပန်ပြောပြီး ရဟန်းဝတ်ကာ ဝိပဿနာ ပွားတယ်။ မကြာခင်ပဲ ရဟန္တာဖြစ်သွားတယ်။

(ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၃၃၇)

ဟေရညကာနိမထေရ်အကြောင်းကို အပဒါနပါဠိ မှာ ဖော်ပြထားတာက အဝတ်ပိုင်းတစ်ဝက်ကို လှူခဲ့တဲ့ စူဠဝန္တမထေရ်ရဲ့ဖြစ်ပုံနဲ့ ထပ်တူပဲဖြစ်နေပါတယ်။

## ဧနီးမောင်နှံနဲ့ အဝတ်တစ်ထည်

ဝိပဿီဘုရားလက်ထက်မှာ မဟာဧကသာဋကပုဏ္ဏား ဆိုသူ ရှိခဲ့ပါတယ်။ အခု သာဝတ္ထိမြို့မှာတော့ စူဠဧကသာဋက ဆိုသူ ရှိခဲ့ပါတယ်။ အဲဒီလူမှာ ခါးဝတ်ပုဆိုးတစ်ထည် ရှိ ပါတယ်။ ဇနီးပုဏ္ဏေးမမှာလည်း ခါးဝတ်ထဘီတစ်ထည် ရှိပါတယ်။ ဇနီးမောင်နှံနှစ်ယောက်လုံးမှာ အပေါ်ရုံအဝတ်

http://www.dhammadownload.com



တစ်ထည်ပဲ ရှိပါတယ်။ အိမ်အပြင်သွားတဲ့အခါ ပုဏ္ဏားၤ သို့မဟုတ် ပုဏ္ဏေးမက အဲဒီအပေါ်ရုံအဝတ်ကို ဝတ်ရုံသွားရပါတယ်။ တစ်နေ့မှာ ကျောင်းမှာ တရားနာဖို့ ကြွေးကြော်တဲ့အခါ ပုဏ္ဏားက ဒီလိုပြောပါတယ်။

'ရှင်မ၊ တရားနာဖို့ ကြွေးကြော်နေပြီ၊ သင်က နေ့အခါမှာ တရားနာသွားမလား၊ ဒါမှမဟုတ် ညအခါမှာ သွားပါမလား၊ အကြောင်းကတော့ အပေါ်ဝတ်ရုံအဝတ်မရှိလို့ ငါတို့ဟာ တစ်ပေါင်းတည်း မသွားနိုင်လို့ပါပဲ'

'အို အရှင်… ကျွန်မက နေ့အခါ သွားပါမယ်'

ပုဏ္ဏေးမက အဲဒီလိုပြောပြီး အပေါ်ရုံအဝတ်ကို ဝတ်ရုံကာ သွားတယ်။ ပုဏ္ဏားက နေ့ပိုင်းမှာ အိမ်မှာ အချိန်ကုန်လွန်စေပြီး ညအခါမှာ သွားတယ်။ ဘုရားရှင်ရဲ့ရှေ့မှာ ထိုင်ရင်းပဲ တရားကိုနာတယ်။ အဲဒီအခါ ပုဏ္ဏားရဲ့ကိုယ်ကို ဖြန့်တည်တဲ့ ပီတိ ၅ မျိုး ဖြစ်ပေါ်လာတယ်။ ပုဏ္ဏားက ဘုရားရှင်ကို ပူဇော်လိုလို့ 'ငါက ဒီအဝတ်ကို လှူလိုက်ရင် ပုဏ္ဏေးမမှာရော ငါ့မှာပါ အပေါ်ရုံအဝတ် မရှိဖြစ်လိမ့်မယ်' လို့ တွေးတယ်။ အဲဒီအခါ ပုဏ္ဏားမှာ နှမြောတဲ့စိတ် တစ်ထောင် ဖြစ်ပေါ်လာတယ်။ တစ်ဖန် လှူလိုစိတ်တစ်ခု ဖြစ်ပေါ်လာတယ်။ အဲဒီလှူလိုစိတ်ကို လွှမ်းမိုးပြီး တစ်ဖန် နှမြောစိတ်တစ်ထောင် ဖြစ်ပေါ်လာတယ်။ အဲဒီလိုနဲ့ ပုဏ္ဏားမှာ အားကြီးတဲ့နှမြောစိတ်က နှောင်ဖွဲ့ပြီး ယူထားသလိုဖြစ်

http://www.dhammadownload.com



ကာ လှူလိုစိတ်ကို ဟန့်တားနေတာပါပဲ။ ပုဏ္ဏားမှာ 'ငါ လှူမယ်၊ မလှူဘူး'လို့ ကြံနေတုန်းမှာပဲ ပထမယံ (ညနေ ၆ နာရီမှ ည ၁၀ နာရီထိ ၄ နာရီအချိန်) ဟာ ကုန်လွန်သွားတယ်။ အလယ်ပိုင်းယံ (ည ၁၀ နာရီမှ နံနက် ၂ နာရီထိ ၄ နာရီအချိန်) ဟာ ဆိုက်ရောက်လာတယ်။ အဲဒီ အလယ်ပိုင်းယံမှာလည်း မလှူနိုင်ခဲ့ပါ။ နောက်ဆုံးယံ (နံနက် ၂ နာရီမှ ၆ နာရီထိ ၄ နာရီကြာအချိန်) ရောက်လာတဲ့ အခါ ပုဏ္ဏားက ဒီလိုကြံတယ်။

'ငါ့ရဲ့ လှူလိုစိတ်နဲ့ နှမြောစိတ်ဟာ စစ်တိုက်နေတုန်းမှာပဲ နှစ်ယံကုန်လွန်သွားပြီ။ ငါ့မှာ ဒီနှမြောစိတ်က ဒီလောက်တိုးပွားနေရင် အပါယ်လေးပါးမှ ဦးခေါင်းမော့ခွင့်ပေးမှာမဟုတ်။ ငါဟာ ဒီအပေါ်ရုံအဝတ်ကို လှူမယ်'

ပုဏ္ဏားက နှမြောစိတ်တစ်ထောင်ကို လွှမ်းမိုးပြီး လှူလိုစိတ်ကို ရှေ့သွားပြုကာ အဝတ်ကိုယူတယ်။ ဘုရားရှင့်ခြေရင်းမှာ ထားလိုက်တယ်။ 'ငါ အောင်ပြီ၊ ငါအောင်ပြီ' လို့သုံးကြိမ်တိုင်တိုင် အသံအကျယ်ကြီးအော်တယ်။ ပသေနဒီကောသလမင်းက တရားနာရင်း အဲဒီအသံကို ကြားရလို့ မေးတယ်။

'အဲဒီပုဏ္ဏားကို မေးကြစမ်း၊ အဲဒီပုဏ္ဏားက ဘာကို အောင်တာတဲ့လဲ'

မင်းချင်းယောကျ်ားတွေက မေးလို့ ပုဏ္ဏားက အဲဒီ

http://www.dhammadownload.com



အကြောင်းကို ပြောပြတယ်။ ပုဏ္ဏားစကားကို ကြားရပြီး မင်းက 'ပုဏ္ဏားဟာ ပြုလုပ်နိုင်ခဲတဲ့အလုပ်ကို ပြုလုပ်ပါပေတယ်။ ငါဟာ ပုဏ္ဏားအား ချီးမြှောက်မယ်'လို့ တွေးပြီး အဝတ်တစ်စုံကို အပေးခိုင်းပါတယ်။ ပုဏ္ဏားက အဲဒီအဝတ်တစ်စုံကိုလည်း ဘုရားရှင်အားပဲ လှူလိုက်ပါတယ်။ တစ်ဖန်မင်းက ၂ စုံ၊ ၄ စုံ၊ ၈ စုံ၊ ၁၆ စုံလို့ နှစ်ခုတိုးကာ ပေးခိုင်းပါတယ်။ ပုဏ္ဏား အဲဒီအဝတ်အစုံတွေကိုလည်း ဘုရားရှင်အားသာ လှူလိုက်ပါတယ်။ အဲဒီအခါ ပုဏ္ဏားအား မင်းက အဝတ် ၃၂ စုံ အပေးခိုင်းပါတယ်။ ပုဏ္ဏားက 'မိမိအတွက် မယူဘဲ ရရသမျှကို စွန့်လှူပဲ စွန့်လှူနေတယ်' လို့ အပြစ်တင်လွတ်အောင် အဲဒီ ၃၂ စုံထဲက တစ်စုံကို မိမိအတွက်၊ တစ်စုံကို ပုဏ္ဏေးမအတွက် ရည်ရွယ်ကာ နှစ်စုံကို ယူလိုက်ပါတယ်။ အစုံ ၃၀ ကို ဘုရားရှင်အားသာ လှူလိုက်ပါတယ်။ မင်းကတော့ ပုဏ္ဏားက ၇ ကြိမ်ပေးတောင် တစ်ဖန် လှူလိုသည်သာ။ ရှေးယခင်က မဟာကောသာဠကပုဏ္ဏားက ၆၄ စုံသော အဝတ်တွေထဲက ၂ စုံကို ယူခဲ့ပါတယ်။ ဒီစူဠကောသာဠကပုဏ္ဏားကတော့ ၃၂ စုံ ရတဲ့အခါ ၂ စုံကို ယူလိုက်ပါတယ်။

မင်းက မင်းခစားယောကျ်ားတွေကို 'အမောင်တို့၊ ပုဏ္ဏားက ပြုလုပ်ဖို့ခဲယဉ်းတဲ့အလုပ်ကို ပြုလုပ်ပေတယ်။ နန်းတော်တွင်းက ငါ့ကမ္ဗလာ ၂ ခုကို သယ်ဆောင်ခဲ့ကြ'

http://www.dhammadownload.com



လို့ စေခိုင်းလိုက်ပါတယ်။ အဲဒီမင်းခစားယောက်ျားတွေက အဲဒီအတိုင်းလုပ်ကြပါတယ်။ မင်းက တစ်သိန်းတန်ကမ္ဗလာ ၂ ခုကို ပေးခိုင်းပါတယ်။ ပုဏ္ဏားက 'ဒီကမ္ဗလာတွေကို ငါ့ခန္ဓာကိုယ်မှာ သုံးစွဲဖို့ မထိုက်၊ အဲဒီကမ္ဗလာတွေက ဗုဒ္ဓသာသနာတော်အားသာ လျောက်ပတ်ကြတယ်'လို့ တွေးကာ ကမ္ဗလာတစ်ထည်ကို ဂန္ဓကုဋိကျောင်းအတွင်းက ဘုရားရှင်ရဲ့အိပ်ရာအပေါ်မှာ မျက်နှာကြက်လုပ်လိုက်ကာ ဖွဲ့ချည်လိုက်တယ်။ ကျန်တစ်ထည်ကို သူ့အိမ်မှာ အမြဲဆွမ်းဘုဉ်းပေးတဲ့ ရဟန်းရဲ့ ဆွမ်းဘုဉ်းပေးရာအရပ်မှာ မျက်နှာကြက်လုပ်ကာ ဖွဲ့ချည်လိုက်တယ်။ မင်းက ညနေချမ်းအခါ ဘုရားရှင်ထံ သွားပြီး အဲဒီကမ္ဗလာကို မှတ်မိလို့ မေးတယ်။

'မြတ်စွာဘုရား... ဘယ်သူက ပူဇော်ထားပါသလဲ'

'ဧကသာဋကပုဏ္ဏားပဲ'

'ပုဏ္ဏားဟာ ငါကြည်ညိုတဲ့နေရာမှာပဲ ကြည်ညိုပါပေတယ်'

အဲဒီလိုပြောပြီး မင်းက ဆင် ၄ ကောင်၊ မြင်း ၄ ကောင်၊ အသပြာ ၄ ထောင်၊ မိန်းမ ၄ ယောက်၊ ကျွန်မ ၄ ယောက်၊ ယောကျ်ား ၄ ယောက်၊ ရွာစားရွာ ၄ ရွာ၊ အဲဒီလိုနည်းအားလုံး တစ်ရာတိုင်အောင် ၄ ခု၊ ၄ ခုစီပြုကာ အားလုံး ၄ ခုစီအလှူ ပုဏ္ဏားအား ပေးခိုင်းပါတယ်။

ရဟန်းတွေက တရားသဘင်မှာ ဒီလိုပြောနေကြပါတယ်။

http://www.dhammadownload.com



'စူဠဧကသာဋကရဲ့အလုပ်ဟာ ပြော်... အံ့ဩဖွယ် ကောင်းပါပေစွ၊ တစ်ခဏအတွင်းမှာပဲ အရာအားလုံး ၄ ခုစီ ရသွားတယ်။ အခုပြုတဲ့ ကောင်းမှုကံက အခုပဲ အကျိုး ကို ပေးပါပေတယ်'

ဘုရားရှင်က ကြွလာပြီး မေးလို့ ရဟန်းတွေက ဖြေကြပါတယ်။

'ရဟန်းတို့... သင်တို့ဟာ အခု ဘယ်စကားနဲ့ စည်း ဝေးနေကြသလဲ'

'ဒီမည်တဲ့စကားနဲ့ စည်းဝေးနေကြပါတယ် ဘုရား'

'ရဟန်းတို့... ဒီဧကသာဋက (အဝတ်တစ်ထည်သာ ရှိတဲ့) ပုဏ္ဏားဟာ ပထမယံမှာ ငါဘုရားအားလှူနိုင်ရင် အရာအားလုံး ၁၆ ခုစီ ရလိမ့်မယ်။ အလယ်ပိုင်းယံမှာ လှူနိုင်ရင် အရာအားလုံး ၈ ခုစီ ရလိမ့်မယ်။ အားကြီးတဲ့ နောက်ဆုံးယံမှာ လှူလို့ အရာအားလုံး ၄ ခုစီပဲ ရတော့ တယ်။ မှန်တယ်။ ကောင်းမှုကို ပြုလုပ်သူဟာ ဖြစ်ပေါ်လာ တဲ့စိတ်ကို ယုတ်လျော့မသွားစေဘဲ အဲဒီခဏမှာပဲ ပြုလုပ် ထိုက်တယ်။ အကြောင်းကတော့ ဖြည်းဖြည်းနှေးနှေး ပြုလုပ်တဲ့ကုသိုလ်က စည်းစိမ်အကျိုးကို ပေးတဲ့အခါ ဖြည်း ဖြည်းနှေးနှေးပဲ ပေးလို့ပါပဲ။ ဒါကြောင့် စိတ်ဖြစ်ပေါ်ပြီးချင်း ပဲ ကောင်းမှုကို ပြုလုပ်ထိုက်တယ်'

'ကောင်းမှုတွေကို အလွန်လျင်မြန်စွာ ပြုလုပ်ရပါ

http://www.dhammadownload.com



တယ်။ မကောင်းမှုမှ (အကုသိုလ်စိတ်မှ) စိတ်ကို အစွမ်းကုန် တားမြစ်ပေးရပါတယ်။ မှန်တယ်၊ ကောင်းမှုကို ဖြည်းဖြည်းနှေးနှေး ပြုလုပ်သူရဲ့စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တတ်တယ်။' (ဓမ္မပဒ၊ ဠ၊ ၃၊ ၁)

နှစ်ယောက်အတွက် အပေါ်ရုံအဝတ်တစ်ထည်သာ ရှိတဲ့ ဇနီးမောင်နှံဘဝဟာ ဆင်းရဲလှပါပေတယ်။ သူတို့ရဲ့ အရှက်ကို ကာကွယ်ပေးတဲ့ အဲဒီအဝတ်လေးတစ်ထည်ကို ပူဇော်လှူဖို့ ချီတုံချတုံဖြစ်မယ်ဆိုလည်း ဖြစ်ထိုက်ပါတယ်။ အချိန်ကြာမြင့်စွာ အကြီးအကျယ် တိုက်ပွဲဆင်နွှဲရပါတယ်။ ခက်ခက်ခဲခဲ ဆင်နွှဲရတဲ့တိုက်ပွဲဖြစ်လို့ အောင်နိုင်သွားတဲ့အခါ ဣန္ဒြေတောင် မဆည်နိုင်တော့ဘဲ 'အောင်ပြီ၊ အောင်ပြီ' လို့ ကြွေးကြော်ကာ ရင်ထဲက တိုက်ပွဲအောင်သံ မြည်ဟိန်းစွာ ပေါ်ထွက်လာပါတယ်။ ခက်ခက်ခဲခဲ အနိုင်တိုက်ရသလောက် အကျိုးပေးကလည်း မြန်ဆန်လွန်းလှပါတယ်။ ကြွယ်ဝချမ်းသာတဲ့ သူဌေးတွေက အဝတ်အထည် ရာ ထောင် သိန်း သန်း လှူဒါန်းတာ မထူးဆန်းလှပေမယ့် ကိုယ့်မှာ ဝတ်စရာတောင် မရှိတဲ့ လူဆင်းရဲရဲ့ မရှိမဲ့ရှိမဲ့ အဝတ်လေးတစ်ထည်ကို လှူနိုင်တာဟာ ထူးဆန်းနေပါတယ်။ ကိုယ့်ရင်ထဲက ကြီးမားအားကောင်းလှတဲ့ ဝှယ်တာမက်မောမှု၊ နှမြောမှုတွေကို အောင်ပွဲရအောင် တိုက်ပွဲဆင်နွှဲနိုင်ဖို့ အလုပ်ဟာ လွယ်ကူလှတဲ့အလုပ်တော့ မဟုတ်ပါ။ အင်မတန်ကို

http://www.dhammadownload.com



ခက်ခဲတဲ့အလုပ် ဖြစ်ပါတယ်။ ကုသိုလ်လုပ်ရာမှာ အချိန်ဆွဲဖင့်နှေးနေရင် အကျိုးရဖို့ရာမှာလည်း ဖင့်နှေးတတ်ကြောင်းကို စေကသာဋကပုဏ္ဏားဘဝက ထင်ရှားပြနေပါတယ်။ ဒါကြောင့် ဘုရားရှင်က 'ကောင်းမှုတွေကို အလွန်လျင်မြန်စွာ လုပ်ပါ'လို့ တိုက်တွန်းတော်မူပါတယ်။

## ဆင်းရဲသားရဲ့ အဝတ်အလှူ

အရှင်သာရိပုတ္တရာရဲ့ဖခင်ဖြစ်သူ ဝင်္ဂန္တပုဏ္ဏားရဲ့သူငယ်ချင်း မဟာသေနပုဏ္ဏားဆိုတာ ရာဇဂြိုဟ်မြို့မှာ နေတယ်။ အရှင်သာရိပုတ္တရာက တစ်နေ့မှာ ဆွမ်းခံလှည့်လည်တဲ့အခါ အဲဒီ မဟာသေနပုဏ္ဏားအပေါ် သနားလို့ မဟာသေနရဲ့အိမ်တံခါးကို ကြွတယ်။ မဟာသေနကတော့ ဥစ္စာတွေကုန်ခန်းသွားကာ ဆင်းရဲနေရှာတယ်။ မဟာသေနက 'ငါ့ရဲ့သားဟာ ငါ့ရဲ့အိမ်တံခါးကို ဆွမ်းခံလှည့်လည်ဖို့ လာတာဖြစ်လိမ့်မယ်။ ငါကလည်း ဆင်းရဲသားဖြစ်နေတယ်။ ငါ ဆင်းရဲနေတာကို ငါ့သားက မသိဘူးနဲ့တူတယ်။ ငါ့မှာ လှူစရာ တစ်စုံတစ်ခုမှ မရှိလို့ တွေးကာ အရှင်သာရိပုတ္တရာမထေရ်ရဲ့ မျက်မှောက်မှာ မနေနိုင်'လို့ ပုန်းကွယ်နေရှာတယ်။ မထေရ်က နောက်နေ့မှာလည်း ဆွမ်းခံကြွတယ်။ ပုဏ္ဏားက အဲဒီအတိုင်းပဲ ပုန်းကွယ်နေတယ်။ 'တစ်ခုခုကိုသာ ရရင် ငါလှူမယ်'လို့

http://www.dhammadownload.com



ကြံစည်နေပေမယ့်လည်း မရပါ။ တစ်နေ့မှာ ပုဏ္ဏားတွေရဲ့ မန္တာန်ရွတ်ပွဲတစ်ခုမှာ အဝတ်အကြမ်းနဲ့အတူ နို့ဃနာခွက်ကို ပုဏ္ဏားက ရတယ်။ အိမ်ကိုသွားပြီးချင်းပဲ 'ဒီနို့ဃနာဆွမ်းကို ငါဟာ အရှင်သာရိပုတ္တရာမထေရ်အား လှူသင့်တယ်'လို့ မထေရ်ကို အထပ်ထပ်သတိရနေတယ်။ မထေရ်ကလည်း အဲဒီခဏမှာ ဈာန်ဝင်စားပြီး ဈာန်သမာပတ်မှထကာ အဲဒီ ပုဏ္ဏားကို မြင်သွားတယ်။ 'ပုဏ္ဏားက လှူဖွယ်ကိုရပြီး ငါ့ အလာကို တောင့်တနေတယ်။ ငါဟာ အဲဒီပုဏ္ဏားထံ သွားသင့်တယ်'လို့ တွေးကာ သက်န်းကြီးကိုရုံပြီး သပိတ်ကို ယူတယ်။ ပုဏ္ဏားရဲ့အိမ်တံခါးမှာ ရပ်ရင်းပဲ မိမိကိုယ်ကို မြင်အောင် ပြတယ်။

ပုဏ္ဏားက မထေရ်ကိုမြင်ပြီးချင်းပဲ စိတ်ကြည်လင်သွားတယ်။ အဲဒီအခါ မထေရ်ကို ချည်းကပ်ရှိခိုးပြီး နှုတ်ဆက်စကားဆိုကာ အိမ်အတွင်းမှာ ထိုင်ခိုင်းတယ်။ နို့ဃနာခွက်ကိုယူပြီး မထေရ်ရဲ့သပိတ်မှာ လောင်းထည့်လိုက်တယ်။ မထေရ်က တစ်ဝက်ကို ခံယူပြီး လက်နဲ့သပိတ်ကို ပိတ်လိုက်တယ်။ အဲဒီအခါ ပုဏ္ဏားက မထေရ်ကို လျှောက်တယ်။

'အရှင်ဘုရား… ဒီနို့ဃနာဟာ တစ်ယောက်စာအတွက်မျှသာ ဖြစ်တယ်။ တပည့်တော်အား နောက်ဘဝအတွက် ချီးမြှောက်ပါ။ ဒီဘဝအတွက် မချီးမြှောက်ပါနဲ့၊ အကုန်လုံးပဲ တပည့်တော် လှူလိုပါတယ်'

http://www.dhammadownload.com



အဲဒီလိုလျှောက်ပြီး အကုန်လုံးကို လောင်းထည့်လိုက်တယ်။ မထေရ်က အဲဒီနေရာမှာပဲ ဘုဉ်းပေးတယ်။ မထေရ်ရဲ့ဆွမ်းကိစ္စအဆုံးမှာ အဲဒီအဝတ်ကိုလည်း လှူပြီး ရှိခိုးကာ လျှောက်တယ်။

'အရှင်ဘုရား၊ တပည့်တော်လည်း အရှင်ဘုရားတို့ မြင်ထားတဲ့တရားကိုပဲ ရောက်ရပါလို၏'

မထေရ်က 'ပုဏ္ဏား၊ အဲဒီအတိုင်းဖြစ်ပါစေ'လို့ ပုဏ္ဏားအား ဝမ်းသာဖွယ်စကား ပြောကြားတယ်။ နေရာမှထကာ ဖဲသွားတယ်။ အစဉ်အတိုင်း ခရီးလှည့်လည်တဲ့အခါ ဇေတဝန်ကျောင်းကို ရောက်သွားတယ်။ 'ဆင်းရဲတဲ့အခါမှာ လှူတဲ့အလှူကတော့ အလွန်အကဲ နှစ်သိမ့်အားရ ကျေနပ်စေတတ်တယ်။ ဒါကြောင့် ပုဏ္ဏားလည်း ဒီအလှူကို လှူပြီး ကြည်ညိုစိတ်ဖြစ်ကာ မထေရ်အပေါ် အလွန်အကဲ ချစ်ခင်သွားတယ်။

## တိဿလေးရဲ့ ကမ္ဗလာအလှူ

ပုဏ္ဏားက မထေရ်အပေါ် ချစ်ခင်မှုနဲ့ပဲ သေသွားကာ သာဝတ္ထိမြို့က အရှင်သာရိပုတ္တရာမထေရ်ရဲ့ ဒကာအိမ်မှာ ပဋိသန္ဓေယူတယ်။ အဲဒီခဏမှာပဲ သူ့မိခင်က 'ငါ့ရဲ့ဝမ်းဗိုက်မှာ

http://www.dhammadownload.com



ကိုယ်ဝန်တည်ပြီ’လို့ သိပြီး ခင်ပွန်းအား ပြောတယ်။ ခင်ပွန်းက သူမအား ကိုယ်ဝန်အစောင့်အရှောက်ကို ပေးတယ်။ မွေးဖွားတဲ့မင်္ဂလာနေ့မှာ အဲဒီကလေးကို နံ့နက်စောစောပဲ ရေချိုးပေးပြီး တန်ဆာဆင်ပေးတယ်။ ကျက်သရေရှိတဲ့ အိပ်ရာ နေရာက တစ်သိန်းတန်ကမ္ဗလာအပေါ် လဲလျောင်းခိုင်းတယ်။ ကလေးက အဲဒီကမ္ဗလာအပေါ် လဲလျောင်းရင်းပဲ မထေရ်ကိုကြည့်ကာ ‘ဒီမထေရ်က ငါ့ရဲ့အရင်ဘဝက ဆရာမထေရ်ပဲ။ ငါဟာ မထေရ်ကိုအမှီပြုပြီး ဒီစည်းစိမ်ကို ရထားတယ်။ ငါဟာ ဒီမထေရ်အား အလှူတစ်ခု ပြုသင့်တယ်’လို့ တွေးကာ သိက္ခာပုဒ်ယူဖို့ သယ်ဆောင်ခံရတဲ့အခါ အဲဒီကမ္ဗလာကို လက်ချောင်းလေးနဲ့ ရစ်ပတ်ပြီး ယူတယ်။ အဲဒီအခါ ကလေးရဲ့လက်ချောင်းမှာ ကမ္ဗလာငြိကပ်နေလို့ တွေးပြီး ဘေးကလူတွေက အဲဒီကမ္ဗလာကို ဖယ်ရှားဖို့ ကြိုးစားကြတယ်။ ကလေးက ငိုတယ်။ ဆွေမျိုးတွေက ‘သင်တို့ ဖယ်ကြပါ။ ကလေးကို ငိုအောင်မလုပ်ကြပါနဲ့’လို့ ပြောကာ ကမ္ဗလာနဲ့အတူပဲ သယ်ဆောင်သွားတယ်။ ကလေးက မထေရ်ကို ရှိခိုးတဲ့အခါမှာ ကမ္ဗလာမှ လက်ချောင်းကို ရုတ်သိမ်းလိုက်ပြီး ကမ္ဗလာကို မထေရ်ရဲ့ခြေရင်းမှာ ချလိုက်တယ်။

ဆွေမျိုးတွေက ‘ကလေးက မသိဘဲ ပြုလုပ်တယ်’လို့ မပြောဘဲ ‘တပည့်တော်တို့ရဲ့သားက ပေးလှူပြီးပြီ။ ပေးလှူ

http://www.dhammadownload.com



ပြီးသာဖြစ်ပါစေဘုရား'လို့ ပြောကာ 'အရှင်ဘုရား၊ တစ်သိန်းတန် ကမ္ဗလာနဲ့ပူဇော်မှုပြုလုပ်တဲ့ အရှင်ဘုရား တပည့်ဖြစ်သူအား သီလသိက္ခာပုဒ်တွေကို ပေးတော်မူပါ'လို့ လျှောက်ထားကြတယ်။

'ဒီကလေးက ဘယ်အမည်ရှိသလဲ'

'အရှင်ဘုရား... အရှင်ဘုရားနဲ့နာမည်တူပါတယ်ဘုရား။ သူဟာ တိဿမည်ပါမယ် ဘုရား'

တိဿဟာ ၇ နှစ်အရွယ်မှာ အရှင်သာရိပုတ္တရာထံ ကိုရင်ဝတ်တယ်။ ကိုရင်တိဿက ကိုရင်ဝတ်ပြီး ၈ ရက်မြောက်နေ့မှာ ရဟန်းတွေနဲ့အတူ ဆွမ်းခံဝင်တယ်။ သာဝတ္ထိမြို့သူမြို့သားတွေက 'ကိုရင်တိဿက ဒီနေ့ ဆွမ်းခံဝင်မတဲ့၊ ကိုရင်တိဿအား ငါတို့ပူဇော်ကြမယ်'လို့ ကြံကာ အဝတ် ၅၀၀ တို့နဲ့ ခေါင်းခုတွေပြုလုပ်ပြီး ဆွမ်းအုပ် ၅၀၀ ကို စီစဉ်ယူကာ ခရီးရင်ဆိုင်မှာ ရပ်ပြီး လှူကြတယ်။ နောက်နေ့မှာ ကျောင်းအနီး လာပြီးလှူကြတယ်။ အဲဒီနည်းနဲ့ ကိုရင်တိဿက ၂ ရက်နဲ့ပဲ အဝတ်တစ်ထောင်နဲ့အတူ ဆွမ်းအုပ်တစ်ထောင်ကို ရပြီး ရဟန်းအပေါင်းအား အလှူခိုင်းတယ်။ မဟာသေနပုဏ္ဏားဘဝက ထူထဲတဲ့အဝတ်ကို လှူခဲ့ရတဲ့ အကျိုး ဖြစ်ပါသတဲ့။ အဲဒီအခါ ရဟန်းတွေက သူ့နာမည်ကို 'ဆွမ်းအလှူရှင် တိဿ'လို့ ပေးကြပါတယ်။

နောက်တစ်နေ့မှာ ကိုရင်တိဿက အေးချမ်းတဲ့အခါ

http://www.dhammadownload.com



ကျောင်းဝိုင်းထဲ လှည့်လည်တယ်။ ရဟန်းတွေ မီးတင်းကုပ်စတဲ့ထိုထိုနေရာတွေမှာ မီးလှုံနေတာကို တွေ့ရလို့ မေးတယ်။

'အရှင်ဘုရား… ဘာလို့မီးလှုံကာ ထိုင်နေကြပါသလဲ'

'ကိုရင်… ငါတို့ကို အအေးက နှိပ်စက်တယ်'

'အရှင်ဘုရားတို့… အေးချမ်းတဲ့အခါမှာ ကမ္ဗလာကို ရုံဖို့သင့်ပါတယ်။ မှန်ပါတယ်၊ အဲဒီကမ္ဗလာက အေးချမ်းတာကို ကာကွယ်နိုင်စွမ်း ရှိပါတယ်'

'ကိုရင်… သင့် ဘုန်းကံကြီးလို့ ကမ္ဗလာကို ရနိုင်ပါတယ်။ ငါတို့မှာ ကမ္ဗလာကို ဘယ်မှာရနိုင်ပါ့မလဲ'

'အရှင်ဘုရားတို့… ဒီလိုဆိုရင် ကမ္ဗလာအလိုရှိတဲ့ ရဟန်းတွေဟာ တပည့်တော်နဲ့အတူ လာကြပါ'

အဲဒီလို တစ်ကျောင်းလုံးမှာ လျှောက်ထားခိုင်းတယ်။ အဲဒီအခါ ရဟန်းတွေက 'ငါတို့ဟာ ကိုရင်တိဿနဲ့အတူ သွားပြီး ကမ္ဗလာကို ဆောင်ယူလာကြမယ်'လို့ ကြံကာ ၇ နှစ်အရွယ် ကိုရင်တိဿကိုအမှီပြုပြီး ရဟန်းပေါင်းတစ်ထောင် ထွက်ခွာခဲ့ကြတယ်။ 'ဒီလောက်ရဟန်းတွေအတွက် ကမ္ဗလာကို ငါဟာ ဘယ်ကရပါ့မလဲ'လို့ ကိုရင်တိဿက စိတ်တောင်မကူးဘဲ အဲဒီရဟန်းတွေကိုခေါ်ကာ မြို့ဆီသွားတယ်။ မှန်တယ်၊ ဒီလိုအစွမ်းသတ္တိဟာ ကောင်းကောင်းလှူခဲ့တဲ့ အလှူရဲ့အစွမ်းသတ္တိဖြစ်ပါတယ်။ ကိုရင်တိဿဟာ မြို့ပြင်ဘက်မှာပဲ အိမ်စဉ်အတိုင်း လှည့်လည်တဲ့အခါ ကမ္ဗလာ

http://www.dhammadownload.com



၅၀၀ ကို ရပြီး မြို့တွင်းကိုဝင်တယ်။ လူတွေက ဟိုနေရာ ဒီနေရာက ကမ္ဗလာတွေကို သယ်ဆောင်လာကြတယ်။

ယောကျ်ားတစ်ယောက်ကတော့ ဈေးတံခါးကနေ လာတဲ့အခါ ကမ္ဗလာ ၅၀၀ ကို ဖြန့်ခင်းပြီး ထိုင်နေတဲ့ ဈေးသည်တစ်ယောက်ကို မြင်ပြီး ဒီလိုပြောတယ်။

'မိတ်ဆွေ... ကိုရင်တစ်ပါးက ကမ္ဗလာတွေကို စုဆောင်းပြီး လာနေတယ်။ သင့်ရဲ့ကမ္ဗလာတွေကို ဖုံးအုပ်ထားပါ'

'အဲဒီကိုရင်က ပေးတာတွေကို ယူတာလား၊ ဒါမှမဟုတ် မပေးတာကို ယူတာလား။'

'ပေးတာတွေကို ယူပါတယ်'

'ဒီလိုဆိုရင် ပေးလိုက ပေးမယ်၊ မပေးလိုက မပေးအံ့၊ သင်သွားပါ'

အဲဒီလိုပြောပြီး စေလွှတ်လိုက်ပါတယ်။ အကြောင်းကတော့ နှမြောတဲ့လူမိုက်ကန်းတွေဟာ ဒီလိုအလှူ လှူကြတဲ့အခါ နှမြောပြီး အသဒိသအလှူ (အတူမရှိအလှူ) ကို မြင်ပြီး နှမြောဝန်တိုတဲ့ ကာဠလို ငရဲမှာဖြစ်တတ်ကြလို့ပါပဲ။ ဈေးသည်က ဒီလိုကြံစည်တယ်။

အဲဒီယောကျ်ားက သူ့သဘောအတိုင်း လာတဲ့အခါ 'သင့်ရဲ့ကမ္ဗလာတွေကို ဖုံးလွှမ်းလော'လို့ ငါ့ကို ပြောသွားတယ်။ အဲဒီကိုရင်က လှူတာကို ယူရင်တောင် ငါကတော့

http://www.dhammadownload.com



'ငါ့ဥစ္စာကို လှူချင် လှူမယ်၊ မလှူချင် မလှူဘူး'လို့ ပြောခဲ့တယ်။ မြင်ရတာကို မလှူသူမှာ ရှက်စရာဖြစ်တယ်။ ကိုယ့်ပစ္စည်း ဖုံးလွှမ်းထားသူမှာ အပြစ်မရှိ၊ ဒီ ၅၀၀ သော ကမ္ဗလာတွေထဲက နှစ်ထည်က တစ်သိန်းစီထိုက်တန်ကြတယ်။ အဲဒီနှစ်ထည်ကိုသာ ဖုံးလွှမ်းဖို့ သင့်ပါတယ်။

ကမ္ဗလာနှစ်ထည်ကို အမြိတ်ဆာတစ်ခုနဲ့ အမြိတ်ဆာတစ်ခုကို ဆက်စပ်ကာ အဲဒီအမြိတ်ဆာတွေရဲ့အကြားမှာ ထည့်ကာ ဖုံးလွှမ်းထားပါတယ်။ ကိုရင်တိဿကလည်း ရဟန်းတစ်ထောင်နဲ့အတူ အဲဒီအရပ်ကို ရောက်သွားတယ်။ ဈေးသည်က ကိုရင်တိဿကို မြင်ပြီးချင်းပဲ သားလိုချစ်ခင်သွားတယ်။ တစ်ကိုယ်လုံးဟာ အချစ်နဲ့ပြည့်သွားတယ်။ ဈေးသည်က ဒီလိုကြံစည်တယ်။

'ကမ္ဗလာတွေကို ထားလိုက်ပါဦး၊ ဒီကိုရင်လေးကို မြင်ပြီး နှလုံးသားကိုတောင် လှူဖို့သင့်ပါပေတယ်'

အဲဒီကမ္ဗလာနှစ်ခုလုံးကို ထုတ်ဆောင်ပြီး ကိုရင်တိဿရဲ့ခြေရင်းမှာ ထားကာ ရှိခိုးပြီး ဒီလိုလျှောက်ထားပါတယ်။

'ကိုရင်လေး… ကိုရင်လေး မြင်တွေ့ထားတဲ့တရားကို ရနိုင်ရပါလို၏'

ကိုရင်တိဿကလည်း အဲဒီဈေးသည်အား 'အဲဒီအတိုင်း ဖြစ်ပါစေ'လို့ အနုမောဒနာပြုလိုက်ပါတယ်။ ကိုရင်

http://www.dhammadownload.com



တိဿက မြို့တွင်းမှာလည်း ကမ္ဗလာ ၅၀၀ ရပါတယ်။ အဲဒီလိုနည်းနဲ့ တစ်နေ့တည်းမှာပဲ ကမ္ဗလာတစ်ထောင်ကို ရပြီး ရဟန်းတစ်ထောင်အား လှူလိုက်ပါတယ်။ အဲဒီလို နာမည်မှည့်ရာနေ့မှာ လှူခဲ့တဲ့ကမ္ဗလာက ၇ နှစ်အရွယ်မှာ ကမ္ဗလာတစ်ထောင်အဖြစ်ကို ရောက်သွားပါတယ်။ ကိုရင် တိဿဟာ ကမ္ဗလာတစ်ထည်ကို လှူခဲ့တဲ့စေတနာရဲ့အကျိုး ကြောင့် ၇ နှစ်အရွယ်မှာပဲ ကမ္ဗလာတစ်ထောင်ကို ရပါ တယ်။ (ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၃၃၃)

ကိုရင်တိဿရဲ့ ဒါနစေတနာအကျိုးပေးပုံက အံ့ ဩစရာ ကောင်းလောက်ပါတယ်။ အနည်းငယ်လှူပြီး အကျိုးရ များစေတဲ့နေရာက ဗုဒ္ဓသာသနာပဲ ရှိတယ်လို့ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသက မှတ်ချက်ချ ထားပါတယ်။ မဟာသေနပုဏ္ဏားဘဝက လှူခဲ့တဲ့အဝတ်ရဲ့ အကျိုးပေးကလည်း နှစ်ရက်တည်းနဲ့ အဝတ်တစ်ထောင် ရတာဖြစ်ပါတယ်။ တစ်ထည်နဲ့ အထည်တစ်ထောင်ဆိုတော့ အကြောင်းနဲ့အကျိုးဟာ အရေအတွက် ကွာခြားနေပါတယ်။ မွေးဖွားပြီး နာမည်မှည့်ရာနေ့မှာ လှူခဲ့တဲ့ ကမ္ဗလာတစ်ထည် နဲ့ ရှင်တိဿရတဲ့ ကမ္ဗလာတစ်ထောင်ဟာလည်း အရေ အတွက်အားဖြင့် ကွာခြားလှပါတယ်။ အရှင်သာရိပုတ္တရာ ဆိုတဲ့ အလှူခံပုဂ္ဂိုလ်လယ်ယာမြေကောင်းမှာ စိုက်ပျိုးခွင့်ရတဲ့ မျိုးစေ့ဖြစ်လို့ အကျိုးပေးကြီးမားလှပါပေတယ်။

http://www.dhammadownload.com



မဟာသေနပုဏ္ဏားရဲ့ စေတနာနဲ့ မွေးဖွားစတိသ လေးရဲ့ စေတနာတွေဟာ အလွန်ပင်ထက်သန်လို့ အကျိုးပေး ကလည်း ကြီးကျယ်ခြင်းဖြစ်ပါတယ်။ အထက်တန်းစား စေတနာက အထက်တန်းစားအကျိုးကို ပေးမြဲပါပဲ။ ကိုရင် တိဿအပေါ် သားလိုချစ်သွားတဲ့ဈေးသည်ရဲ့ အနေအထား ဟာလည်း စိတ်ဝင်စားစရာပါပဲ။ မဟာသေနပုဏ္ဏားရဲ့အဝတ် လှူပြီး ဆုတောင်းပုံ၊ ဈေးသည်ရဲ့ ကမ္ဗလာ ၂ ထည် လှူပြီး ဆုတောင်းပုံတွေဟာ တူနေကြပါတယ်။ ဆုတွေရှည်လျားစွာ တောင်းမထားကြပါ။ အရှင်သာရိပုတ္တရာရဲ့ ဆုပေးပုံနဲ့ ကိုရင် တိဿရဲ့ ဆုပေးပုံကလည်း တူနေကြပါတယ်။ အနုမောဒနာ ပြု ဆုပေးပုံက တိုတိုကျဉ်းကျဉ်းလေးပါပဲ။ လိုရင်း ထိထိမိမိ ရှိလှပါတယ်။ ဆုတောင်းပုံနဲ့ ဆုပေးပုံက တခြားစီမဟုတ် ပါ။ ဆုတောင်းက တခြား၊ ပေးပုံက တခြားမဟုတ်ပါ။ ဆုတောင်းပုံ၊ ဆုပေးပုံဟာ သတိပြုကာ အတုယူဖွယ်ရာပါပဲ။

## ပစ္စေကဗုဒ္ဓါ ၅၀၀ အတွက် သင်္ကန်း ၃ ထည်စီ

မဟာပဒုမာပတိဂေါတမီထေရီလျှောင်းလျာဟာ နတ်ပြည်က စုတေပြီး ဗာရာဏသီပြည်မှာ ကျွန်မ ၅၀၀ တွေရဲ့ အကြီး အကဲ ကျွန်မဖြစ်တယ်။ ဝါကပ်ဖို့ နီးလာတဲ့အခါ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓါ ၅၀၀ ပါးဟာ နန္ဒမူလကတောင်ဝှန်းမှ ဣသိပတန တောမှာ သက်ဆင်းကာ မြို့မှာ ဆွမ်းခံလှည့်လည်ပြီး ဣသိပတနတောကိုပဲ သွားကြတယ်။ 'ဝါကပ်မယ့်ကျောင်းဆောင် အတွက် လက်အမှုကို တောင်းကြမယ်'လို့ ကြံကြတယ်။ ဘာကြောင့်လဲဆိုတော့ ဝါကပ်လိုတဲ့ရဟန်းဟာ နာလက အကျင့်ကို ကျင့်တဲ့ရဟန်းဖြစ်စေဦးတော့ အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေဆိုတဲ့ အမိုး ၅ မျိုးထဲက တစ်မျိုး မျိုးနဲ့ မိုးထားတဲ့ တံခါးရွက်၊ တံခါးပေါင်လည်းပါတဲ့ ကျောင်းမှာ ဝါကပ်ရပါတယ်။

မှန်တယ်၊ ဘုရားရှင်ကလည်း အောက်ပါစကားကို ဟောထားပါတယ်။

'ရဟန်းတို့… ကျောင်းမရှိဘဲ ဝါမကပ်ရ၊ ဝါကပ်ရင် ကပ်တဲ့ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်တယ်'

ဒါကြောင့် ဝါကပ်ချိန်နီးလာတဲ့အခါ ကျောင်းကိုရရင် ကောင်းတယ်၊ မရရင် လက်အမှုကို ရှာပြီးတော့လည်း ပြု လုပ်သင့်တယ်။ လက်အမှုကို မရရင် ကိုယ်တိုင်လည်း ပြုထိုက်တယ်။ ကျောင်းမရှိဘဲနဲ့တော့ ဝါမကပ်ရ။ ဒီကျင့် ဝတ်ဟာ လောကုတ္တရာတရားအားလျော်တဲ့ ကျင့်ဝတ်ပါပဲ။ ဒါကြောင့်ပစ္စေကဗုဒ္ဓါတွေဟာ 'လက်အမှုကို တောင်းကြ မယ်'လို့ ကြံပြီး သင်္ကန်းရုံကာ ညနေချမ်းအခါမှာ မြို့ထဲ ဝင်ပြီး သူဌေးရဲ့အိမ်တံခါးမှာ ရပ်ကြတယ်။ အကြီးအကဲ

http://www.dhammadownload.com



ကျွန်မက အိုးကိုယူပြီး ရေချိုးဆိပ်ကို သွားကြတဲ့အခါ ပစ္စေကဗုဒ္ဓါတွေ မြို့ထဲဝင်နေကြတာကို မြင်သွားတယ်။ သူဌေးက ပစ္စေကဗုဒ္ဓါတွေ လာခြင်းရဲ့အကြောင်းကို သိပြီး ‘ငါတို့မှာ အခွင့်မရှိပါ၊ သွားကြပါ’လို့ ပြောတယ်။

ပစ္စေကဗုဒ္ဓါတွေ မြို့ကထွက်တဲ့အခါ အကြီးအကဲ ကျွန်မက အိုးကိုယူပြီး ဝင်တဲ့အခါ မြင်သွားလို့ အိုးကိုချကာ ရှိခိုးတယ်၊ ညွှတ်ကိုင်းပြီး မျက်နှာကိုမော့ကာ ‘အရှင်မြတ်တွေ ဟာ မြို့ထဲ ဝင်ပြီးကာမျှမှာပဲ ထွက်လာကြတယ်၊ ဘာပါလဲ’ လို့ မေးတယ်။

‘ဝါကပ်မယ့်ကျောင်းဆောင်အတွက် လက်အမှုကို တောင်းဖို့ လာခဲ့ကြပါတယ်’

‘ရခဲ့ပါသလား ဘုရား’

‘မရခဲ့ပါ ဒကာမကြီး’

‘အဲဒီကျောင်းကို ချမ်းသာကြွယ်ဝသူတွေသာ လုပ်နိုင်ပါသလား၊ ဒါမှမဟုတ် ဆင်းရဲသားတွေလည်း လုပ်နိုင်ပါ သလား’

‘ဘယ်သူမဆို လုပ်နိုင်ပါတယ်’

‘အရှင်ဘုရားတို့... တောင်းပန်ပါတယ်၊ တပည့်တော် တို့ ပြုလုပ်ကြပါမယ်၊ နက်ဖြန်ခါ တပည့်တော်ရဲ့ဆွမ်းကို ခံယူတော်မူကြပါ’

အဲဒီလိုဖိတ်မံပြီး နောက်ထပ် အိုးကိုယူကာ လာရာ

http://www.dhammadownload.com



ဆိပ်ကမ်းလမ်းမှာ ရပ်ပြီး လာလာသမျှ ကျန်တဲ့ကျွန်မတွေကို 'ဒီနေရာမှာပဲ နေကြပါ'လို့ ပြောပြီး အားလုံးကျွန်မတွေလာတဲ့အခါမှာ 'ညီမတို့၊ သင်တို့ဟာ အမြဲပဲ သူတစ်ပါးရဲ့ ကျွန်အလုပ်ကို လုပ်ကြမှာလား၊ ဒါမှမဟုတ် ကျွန်မအဖြစ်က လွတ်လိုကြပါသလား'လို့ မေးတယ်။

'အရှင်မ... ဒီနေ့ပဲ လွတ်လိုကြပါတယ်'

'ဒီလိုဆိုရင် ငါဟာ လက်အမှု မရကြတဲ့ပစ္စေကဗုဒ္ဓါတွေကို နက်ဖြန်ခါမှာဖြစ်မယ့် ကုသိုလ်အတွက် ပင့်ဖိတ်ထားတယ်။ သင်တို့ရဲ့ခင်ပွန်းတွေကို တစ်နေ့ပတ်လုံး လက်အမှုကို ပေးစေကြပါ။ (လုပ်အားပေးခိုင်းကြပါ)။'

အဲဒီကျွန်မတွေက 'ကောင်းပါပြီ'လို့ လက်ခံပြီး ညနေချမ်းအခါ တောအုပ်မှ ပြန်လာတဲ့အခါမှာ ခင်ပွန်းတွေအား ပြောကြားကြတယ်။ ခင်ပွန်းတွေက 'ကောင်းပါပြီ'လို့ ပြောပြီး အကြီးအကဲကျွန်ရဲ့အိမ်တံခါးမှာ စုဝေးကြတယ်။ အဲဒီအခါ ခင်ပွန်းသည်တွေကို အကြီးအကဲကျွန်မက 'မိတ်တွေတို့၊ နက်ဖြန်ခါ ပစ္စေကဗုဒ္ဓါတွေအတွက် လက်အမှုကို ပေးကြပါ'လို့ အကျိုးကိုပြောပြပြီး မလုပ်လိုသူတွေကိုလည်း တင်းကျပ်တဲ့ဩဝါဒနဲ့ ခြိမ်းခြောက်ပြီး အားလုံးကိုပဲ လက်ခိုင်း ခိုင်းပါတယ်။ အကြီးအကဲကျွန်မက နောက်နေ့မှာ ပစ္စေကဗုဒ္ဓါတွေအား ဆွမ်းကိုလှူပြီး ကျွန့်သားအားလုံးအား အမှတ်သညာပေးထားတယ်။ အဲဒီကျွန့်သားတွေက အဲဒီ

http://www.dhammadownload.com



ခဏမှာပဲ တောထဲဝင်ကာ သစ်သားအဆောက်အဦးတွေကို စုပြီး တစ်ရာတစ်ရာဖြစ်တော့ စကြံ့စသည့်အခြံအရံပါကဲ့ ကျောင်းဆောင်တစ်ဆောင်စီ ပြုလုပ်ကြတယ်။ ညောင်စောင်း၊ အင်းပျဉ်၊ သောက်ရေ၊ သုံးရေစသည်တွေကို ထားကြတယ်။ ပစ္စေကဗုဒ္ဓါတွေထံက သုံးလပတ်လုံး အဲဒီအရပ်မှာပဲ နေဖို့ ဝန်ခံချက်ကို ပြုလုပ်စေကာ အလှည့်ဆွမ်းကို ဖြစ်စေကြပါ တယ်။

ကိုယ့်အလှည့်ကျရာနေ့မှာ မစွမ်းနိုင်ရင် အကြီးအကဲ ကျွန်မက သူ့အိမ်က ထုတ်ဆောင်ပြီး လှူတယ်။ အဲဒီလို သုံးလပတ်လုံး ပြုစုလုပ်ကျွေးပြီး အကြီးအကဲကျွန်မက ကျွန်မတစ်ယောက်ကို ပစ္စေကဗုဒ္ဓါတစ်ပါးတစ်ပါး တာဝန် ယူစေပါတယ်။ ထူထဲတဲ့အဝတ် ၅၀၀ ဖြစ်ပေါ်လာပါတယ်။ အဲဒီအဝတ်တွေကို လဲလှယ်စေပြီး ပစ္စေကဗုဒ္ဓါ ၅၀၀ တို့ အတွက် သင်္ကန်း ၃ ထည်တို့ ပြုလုပ်ကာ လှူတယ်။ ပစ္စေကဗုဒ္ဓါတွေက သူမတို့ကြည့်နေကြတုန်းမှာပဲ ကောင်းကင် ခရီးနဲ့ ဂန္ဓမာဒနတောင်ကို သွားကြတယ်။ သူမတို့အားလုံး ဟာ အသက်ထက်ဆုံး ကုသိုလ်ပြုလုပ်ကာ နတ်ပြည်မှာ ဖြစ်ကြတယ်။ သူမတို့ထဲက အကြီးအကဲမက နတ်ပြည် က စုတေပြီး ဗာရာဏသီပြည်အနီးက ရက်ကန်းသည်ရွာရှိ အကြီးအကဲ ရက်ကန်းသည်အိမ်မှာ ဖြစ်တယ်။ အဲဒီအခါ တစ်နေ့မှာ ပဒုမဝတီရဲ့သားတွေဖြစ်တဲ့ ပစ္စေကဗုဒ္ဓါ ၅၀၀

http://www.dhammadownload.com



ကို ဗာရာဏသီမင်းက ပင့်ဖိတ်ထားတယ်။ ပစ္စေကဗုဒ္ဓါတွေက မင်းရဲ့တံခါးကို လာကာ ကြည့်ရှုသူတစ်ယောက်ကိုမှ မမြင်လို့ ပြန်လှည့်ပြီး မြို့တံခါးက ထွက်ကာ အဲဒီရက်ကန်းသည်ရွာကို သွားကြတယ်။ အဲဒီမိန်းမက ပစ္စေကဗုဒ္ဓါတွေကို မြင်ပြီး ကြည်ညိုလို့ ပစ္စေကဗုဒ္ဓါအားလုံးကို ရှိခိုးကာ ဆွမ်းကို လှူတယ်။ ပစ္စေကဗုဒ္ဓတွေက ဆွမ်းကိစ္စပြုလုပ်ပြီး ဂန္ဓမာဒနတောင်ကိုပဲ ကြွသွားကြတယ်။

အဲဒီမိန်းမလည်း အသက်ထက်ဆုံး ကုသိုလ်ကို ပြုလုပ်ပြီး နတ်၊ လူဘဝတွေမှာ ကျင်လည်ကာ ငါတို့ဂေါတမဘုရားရှင် မပွေးဖွားခင် အရင်ကပဲ ဒေဝဒဟမြို့မှာ မဟာသုပ္ပဗုဒ္ဓအိမ်မှာ ပဋိသန္ဓေယူတယ်။ ဂေါတမီလို့ နာမည်မှည့်ခေါ်ကြတယ်။ မဟာမာယာရဲ့ ညီမငယ်ဖြစ်တယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၂၆၁)

ဂေါတမီဆိုတာ သိဒ္ဓတ္တရဲ့ မိထွေးတော် ဂေါတမီဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓတွေဟာ လုပ်အားပေးအကူအညီလိုလို့ သင်္ကန်းရုံကာ သူဌေးအိမ်ရှေ့ ရပ်ကြပေမယ့် အကူအညီ ရတော်မမူခဲ့ကြပါ။ ပစ္စေကဗုဒ္ဓတွေမှာလည်း အလာဘလောကဓံနဲ့ ရင်ဆိုင်ရတာပါပဲလား။ သဗ္ဗညုဘုရားရှင်တွေတောင်မှ ရင်ဆိုင်ကြရပါသေးတာပဲလေ။ ဂေါတမီလောင်းလျာ အမျိုးသမီးရဲ့ စိမ်မှုကောင်းလို့ ပစ္စေကဗုဒ္ဓတွေမှာ စား၊ ဝတ်၊ နေရေး အဆင်ပြေခဲ့ပါတယ်။ သူမဟာ အတိတ်

http://www.dhammadownload.com



ဘဝမှာလည်း ထက်မြက်တဲ့ သူတော်ကောင်း အမျိုးသမီး ဖြစ်ခဲ့ပါတယ်။ သူမဟာ ဂေါတမဘုရားလက်ထက်မှာ အသက်ဝါအားဖြင့် အကြီးဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်။

အလာဘလောကဓံဆိုတာက ကိုယ်လိုချင်တာကို မရတာရယ်၊ ရပြီးတာတွေ ပျက်စီးဆုံးရှုံးသွားတာရယ်ပါပဲ။ လောကကြီးမှာ ဘုရား၊ ပစ္စေကဗုဒ္ဓါတွေတောင် အလာဘ လောကဓံကို ရင်ဆိုင်ရသေးလေတော့ ဘယ်လိုပုဂ္ဂိုလ်က ရင်မဆိုင်ရတာ ရှိနိုင်ပါ့မလဲ။ ကောင်းဆိုးလောကဓံကို သတ္တဝါ မှန်သမျှ ရင်ဆိုင်ရတာချည်းပါပဲ။

## နှစ်ယောက်အတွက်မှ အဝတ်တစ်ထည်

ဒီကမ္ဘာကနေ ၉၁ ကမ္ဘာအထက်မှာ ဝိပဿီဘုရားရှင်ဟာ ဗန္ဓုမတီမြို့ကို အမှီပြုပြီး သားကောင်တွေအား ဘေးမဲ့ပေး ထားရာ တောမှာ သီတင်းသုံးနေခဲ့ပါတယ်။ အရှင်မဟာ ကဿပလောင်းလျာဟာ နတ်ပြည်ကစုတေပြီး ပုဏ္ဏားအိုရဲ့ အိမ်တစ်အိမ်မှာ ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာလည်း ဝိပဿီ ဘုရားရှင်က ၇ နှစ်မြောက်၊ ၇ နှစ်မြောက်မှာ တရားဟောပါ တယ်။ ကောလာဟလ အကြီးအကျယ်ဖြစ်ခဲ့တယ်။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးက နတ်တွေက 'ဘုရားရှင်ဟာ တရားဟော လိမ့်မယ်'လို့ ပြောကြားကြတယ်။ အရှင်မဟာကဿပ

http://www.dhammadownload.com



လောင်းလျှာ ပုဏ္ဏားက အဲဒီသတင်းစကားကို ကြားရတယ်။ အဲဒီပုဏ္ဏားမှာလည်း ခါးဝတ်က တစ်ထည်ပဲရှိတယ်။ ပုဏ္ဏေးမမှာလည်း တစ်ထည်ပဲရှိတယ်။ အပေါ်ရုံအဝတ်က တော့ ဇနီးမောင်နှံနှစ်ယောက်လုံးအတွက် တစ်ထည်ပဲရှိ တယ်။ တစ်မြို့လုံးမှာ ဧကသာဋကပုဏ္ဏား (အဝတ်တစ်ထည် သာရှိတဲ့ ပုဏ္ဏား) လို့ ထင်ရှားပါတယ်။ ပုဏ္ဏားတွေမှာ ကိစ္စတစ်ခုခုကြောင့် အစည်းအဝေးရှိတဲ့အခါ ပုဏ္ဏားကိုယ် တိုင် အိမ်မှာတည်ရှိတယ်။ ပုဏ္ဏေးမက အဲဒီအပေါ်ရုံအဝတ် ကို ဝတ်ရုံပြီးသွားတယ်။ အဲဒီနေ့မှာတော့ ပုဏ္ဏားက ပုဏ္ဏေးမ ကို ပြောတယ်။

'အို ရှင်မ… သင်က ညအခါမှာ တရားနာမှာလား၊ နေ့အခါမှာ နာမှာလား'

'ကျွန်မတို့မိန်းမသားတွေဆိုတာ ညအခါမှာ တရား နာဖို့ မတတ်နိုင်ကြပါ။ နေ့အခါမှာ နာပါမယ်'

ပုဏ္ဏေးမက ပုဏ္ဏားကို အိမ်မှာထားပြီး အဲဒီအပေါ်ရုံ အဝတ်ကို ဝတ်ရုံကာ ဥပါသိကာမတွေနဲ့အတူ နေ့အခါမှာ သွားကာ ဘုရားရှင်ကို ရှိခိုးကြတယ်။ သင့်တင့်ရာအရပ်မှာ ထိုင်ကာ တရားနာပြီး ဥပါသိကာမတွေနဲ့အတူပဲ ပြန်လာ တယ်။ အဲဒီအခါ ပုဏ္ဏားက ပုဏ္ဏေးမကို အိမ်မှာထားခဲ့ကာ အဲဒီအပေါ်ဝတ်ရုံကို ဝတ်ရုံပြီး ကျောင်းကိုသွားတယ်။ အဲဒီ အခါမှာလည်း ဘုရားရှင်က ပရိသတ်အလယ်မှာ တန်ဆာဆင်

http://www.dhammadownload.com



ထားတဲ့ တရားပလ္လင်ပေါ်ထိုင်ပြီး ဆန်းကြယ်တဲ့ ယပ်တောင်ကို ယူကာ တရားဟောနေပါတယ်။ ဥပမာ– ကောင်းကင်မှာ ဂင်္ဂါမြစ်ရေကို သွန်ချသလို၊ မြင်းမိုရ်တောင်ကို ဦးထိပ်မှာ ထားကာ သမုဒ္ဒရာကို မွှေနှောက်သလိုပါပဲ။ ပုဏ္ဏားက ပရိသတ်အစွန်မှာထိုင်ပြီး တရားနာနေစဉ် ပထမ ယံမှာပဲ ပီတိငါးမျိုးဟာ တစ်ကိုယ်လုံးမှာ ပြည့်စေကာ ဖြစ်ပေါ်လာပါတယ်။ ပုဏ္ဏားက အပေါ်ရုံအဝတ်ကို ခေါက်ပြီး 'ဘုရားရှင်အား ငါလှူမယ်' လို့ ကြံစည်တယ်။ အဲဒီအခါ ပုဏ္ဏားမှာ အပြစ်ပေါင်းတစ်ထောင်ကို ဖော်ပြလျက် နှမြောမှု ဖြစ်ပေါ်လာတယ်။

ပုဏ္ဏားက 'ပုဏ္ဏေးမမှာရော၊ ငါ့မှာပါ အဝတ်က တစ်ထည်ပဲရှိတယ်။ အခြားအပေါ်ရုံအဝတ်က တစ်ထည်မှမရှိ။ မဝတ်ရုံဘဲလည်း အပြင်မှာ လှည့်လည်ဖို့မသင့်' လို့ တွေးပြီး ဘက်ပေါင်းစုံက မလှူလိုစိတ်ဖြစ်ပေါ်နေတယ်။ အဲဒီအခါ ပထမယံ လွန်သွားပြီး အလယ်ပိုင်းယံ အရောက်မှာလည်း ပုဏ္ဏားသန္တာန်မှာ အရင်ကလိုပဲ ပီတိဖြစ်ပေါ်လာတယ်။ ပုဏ္ဏားက အဲဒီလိုပဲ ကြံပြီး အဲဒီလိုပဲ မပေးလိုစိတ်ဖြစ်ပေါ်တယ်။ ပုဏ္ဏားက 'သေချင်သေ၊ မသေချင်နေ၊ နောင်အခါမှာလည်း ငါသိမယ်' လို့ ကြံကာ အဝတ်ကိုခေါက်ပြီး ဘုရားရှင်ရဲ့ခြေရင်းမှာ ထားလိုက်တယ်။ အဲဒီကနောက် လက်ဝဲလက်ကို ခွေပြီး လက်ယာလက်နဲ့ ၃ ကြိမ်တိုင်တိုင်

http://www.dhammadownload.com



လက်ခမောင်းခတ်ကာ 'ငါအောင်ပြီ၊ ငါအောင်ပြီ'လို့ ၃ ကြိမ်တိုင်တိုင် အော်ဟစ်လိုက်တယ်။ အဲဒီအချိန်မှာလည်း ဗန္ဓုမမင်းက တရားပလ္လင်နောက်က ကန့်လန့်ကာအတွင်းမှာ ထိုင်ရင်း တရားနာတယ်။ မင်းဆိုတာကလည်း 'ငါအောင်ပြီ' ဆိုတဲ့အသံကို မကြိုက်နှစ်သက်နိုင်ပါ။ မင်းက ယောက်ျား တစ်ယောက်ကို စေလွှတ်လိုက်ပါတယ်။

'သွားပါ၊ အဲဒီလူကို မေးလိုက်ပါ၊ ဘာကိုပြောတာလဲ'

အဲဒီမင်းခစားယောက်ျားက သွားပြီးမေးတော့ ပုဏ္ဏားက ဒီလိုပြောလိုက်ပါတယ်။

'ကျန်တဲ့လူတွေက ဆင်ယာဉ်စသည်တွေကို တက်စီးပြီး သန်လျက်၊ မြားကာစသည်တွေကိုယူကာ အခြားစစ်တပ်ကို အောင်နိုင်ကြပါတယ်။ အဲဒီအောင်နိုင်မှုက အံ့ဩစရာ မဟုတ်ပါ။ ငါကတော့ နောက်ကလိုက်လာတဲ့ နွားဆိုးရဲ့ ဦးခေါင်းကို တင်းပုတ်နဲ့ရိုက်ခွဲကာ အဲဒီနွားကို ပြေးစေသလို နှမြောစိတ်ကို နှိမ်နင်းပြီး အပေါ်ရုံအဝတ်ကို ဘုရားရှင်အား လှူခဲ့ပါတယ်။ ငါဟာ အဲဒီနှမြောစိတ်ကို အောင်နိုင်ခဲ့ပါတယ်'

အဲဒီမင်းခစား ယောက်ျားက လာပြီး အဲဒီဖြစ်ပုံကို မင်းအား ပြောပြတယ်။ မင်းက 'အမောင်တို့... ငါတို့က ဘုရားရှင်အား သင့်လျော်တာကို မသိခဲ့ကြ။ ပုဏ္ဏားက သိတယ်လို့ပြောပြီး အဝတ်အစုံကို ပို့ခိုင်းလိုက်တယ်။ အဲဒီ အဝတ်အစုံကိုမြင်ပြီး ပုဏ္ဏားက ဒီလိုကြံစည်တယ်။

http://www.dhammadownload.com



'ငါ ဆိတ်ဆိတ်ထိုင်နေတုန်းက ရှေးဦးစွာ ဘာကိုမှ မပေးဘဲ ဘုရားရှင်ရဲ့ဂုဏ်တွေကို ပြောမှ ဒီမင်းက ပေးတယ်။ ဘုရားရှင်ရဲ့ဂုဏ်တွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ အဝတ်အစုံနဲ့ ငါ့မှာ ဘာအကျိုးရှိမှာလဲ'

အဲဒီလိုကြံစည်ပြီး အဲဒီအဝတ်အစုံကိုလည်း ဘုရားရှင်အားသာ လှူလိုက်ပါတယ်။ မင်းကလည်း 'ပုဏ္ဏားက ဘာကိုလုပ်သလဲ'လို့ မေးပြီး 'အဲဒီအဝတ်အစုံကိုလည်း အဲဒီပုဏ္ဏားက ဘုရားရှင်အားသာ လှူလိုက်ပါတယ်'လို့ ကြားရတော့ အခြားအဝတ်စုံ ၂ စုံကိုလည်း ပို့ခိုင်းပါတယ်။ ပုဏ္ဏားက အဲဒီအဝတ် ၂စုံကိုလည်း လှူလိုက်ပါတယ်။ မင်းက အခြားအဝတ်အစုံ ၄ စုံကိုလည်း ပို့ခိုင်းတယ်။ အဲဒီနည်းနဲ့ အဝတ်အစုံ ၃၂ စုံတိုင်အောင် ပို့ခိုင်းပါတယ်။ အဲဒီအခါ ပုဏ္ဏားက 'ဒီအဝတ်ကို တိုးအောင်လုပ်ပြီး ယူသလို ဖြစ်နေတယ်'လို့ တွေးကာ သူ့အတွက် တစ်စုံနဲ့ ပုဏ္ဏေးမ အတွက် တစ်စုံအားဖြင့် အဝတ် ၂ စုံကို ယူလိုက်တယ်။ အဝတ်အစုံ ၃၀ ကို ဘုရားရှင်အားသာ လှူလိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ပုဏ္ဏားဟာ ဘုရားရှင်နဲ့ အကျွမ်းဝင်သွားတယ်။

မင်းက တစ်နေ့မှာ ချမ်းတဲ့အခါ ဘုရားရှင်ထံ တရားနာနေတဲ့ အဲဒီပုဏ္ဏားကို မြင်သွားပြီး တစ်သိန်းတန် သူ့အတွက် ခြုံလာတဲ့ ကမ္ဗလာအနီကို ပေးကာ 'ဒီအချိန်ကစပြီး

http://www.dhammadownload.com



ဒီကမ္ဗလာကို ခြုံကာ တရားနာပါ’လို့ ပြောတယ်။ ပုဏ္ဏားက ‘ဒီကမ္ဗလာကို ငါ့ရဲ့အပုပ်ကောင် ခန္ဓာကိုယ်မှာ ဝတ်ရုံလို့ ဘာအကျိုးရှိမှာလဲ’လို့ ကြံကာ ဂန္ဓကုဋိကျောင်းအတွင်းက ဘုရားရှင့်ညောင်စောင်းအပေါ်မှာ မျက်နှာကြက်လုပ်ပြီး လှူသွားပါတယ်။ တစ်နေ့မှာ မင်းက နံနက်စောစောပဲ ကျောင်းကိုသွားကာ ဘုရားရှင့်အနီးမှာ ထိုင်နေပါတယ်။ အဲဒီအချိန်မှာလည်း ရောင်ခြည်တော် ၆ ပါးက ကမ္ဗလာတွေကို ထိခိုက်နေကြပါတယ်။ ကမ္ဗလာက အလွန်အကဲပဲ တောက်ပနေပါတယ်။ မင်းက ကြည့်တဲ့အခါ မှတ်မိပြီး ဒီလိုပြောပါတယ်။

‘မြတ်စွာဘုရား… ဒီကမ္ဗလာက တပည့်တော်တို့ရဲ့ ကမ္ဗလာပါ၊ တပည့်တော်တို့က ဧကသာဋကပုဏ္ဏားအား လှူထားပါတယ်’

‘မင်းကြီး… သင်က ပုဏ္ဏားကိုပူဇော်တယ်၊ ပုဏ္ဏားက ငါဘုရားကို ပူဇော်တယ်’

‘ပုဏ္ဏားက သင့်လျော်လျောက်ပတ်တာကို သိတယ်၊ ငါတို့က မသိကြ’

မင်းက အဲဒီလိုတွေးပြီး ကြည်ညိုကာ လူတွေရဲ့ အသုံးအဆောင်အားလုံးကို ရှစ်ခုစီ ပြုလုပ်ကာ အားလုံး ရှစ်ခုအပေါင်းမည်တဲ့ အလှူကို လှူပြီး ပုဏ္ဏားကို ပုရောဟိတ်အရာမှာ ထားလိုက်တယ်။ ပုဏ္ဏားကလည်း ‘ရှစ်မျိုး

http://www.dhammadownload.com



မှာ ရှစ်ခုစီဆိုတာ ၆၄ ပဲ’လို့ တွေးပြီး စာရေးတံမဲဆွမ်းအလှူ ၆၄ အုပ်ကို တည်ကာ အသက်ထက်ဆုံး အလှူ လှူ၊ သီလစောင့်ပြီး အဲဒီဘဝကသေကာ နတ်ပြည်ဖြစ်သွားတယ်။

(အံ၊ ဋ္ဌ၊ ပ၊ ၁၂၉)

ဒီဂေါတမဘုရားရှင်လက်ထက်က သာဝတ္ထိမြို့သား စူဠကောသာဋကပုဏ္ဏားအဖြစ်အပျက်နဲ့ ဝိပဿီဘုရားလက်ထက်က အရှင်မဟာကဿပလောင်းလျာ မဟာကောသာဋက ပုဏ္ဏားအဖြစ်အပျက်ဟာ များစွာတူနေပါတယ်။ ဓမ္မပဒ အဋ္ဌကထာမှာ မဟာကောသာဋကပုဏ္ဏားက အဝတ်ရုံ ၆၄ စုံထဲက ၂ စုံကို ယူတယ်လို့ ဆိုထားပါတယ်။ ဒီအင်္ဂုတ္တရ အဋ္ဌကထာမှာတော့ မဟာကောသာဋကပုဏ္ဏားက အဝတ်စုံ ၃၂ စုံထဲက ၂ စုံကိုပဲယူပြီး အစုံ ၃၀ ကို ဘုရားရှင်အား လှူလိုက်တယ်လို့ ဆိုထားပါတယ်။ အခက်အခဲရှိနေတဲ့ အခါ၊ ပစ္စည်းဥစ္စာ ဆင်းရဲမွဲနေနေတဲ့အခါတွေမှာ အနည်းငယ်သော ပစ္စည်းလေးကို စွန့်လွှတ်ရတာဟာ အင်မတန် ကြီးကျယ်တဲ့ လုပ်ငန်းကြီးဖြစ်နေပါတယ်။ ခက်ခက်ခဲခဲနဲ့ လုပ်ရတဲ့ လုပ်ငန်းတစ်ခု အောင်မြင်ပြီးစီးသွားရင် အကြီးအကျယ် ဝမ်းသာကြည်နူး အားရနှစ်သိမ့်မှု ဖြစ်ပေါ်လာတတ်တာဟာ လောကထုံးစံ ဓမ္မတာပဲဖြစ်ပါတယ်။ လောကသားတွေရဲ့ သဘာဝတစ်ခုပါပဲ။ စူဠကောသာဋကပုဏ္ဏားနဲ့ မဟာကောသာဋကပုဏ္ဏားတို့ရဲ့ ဒါနစစ်ပွဲ ဆင်နွှဲရပုံ၊ အောင်နိုင်မှု

http://www.dhammadownload.com



ရပုံတွေဟာ တူနေကြပါတယ်။ ကိုယ့်မှာသာ အဲဒီပုဏ္ဏား နှစ်ယောက်မှာလို ဝတ်စရာအဝတ်အနေအထား ရှိခဲ့ရင် ကိုယ်က ပုဏ္ဏားနှစ်ယောက်လို ဒါနသဏ္ဌာန်ရှိနိုင်ပါ့မလား။ သူတို့ထက် ပိုပြီး ကာလကြာရှည်စွာ တိုက်ပွဲဆင်နွှဲကောင်း ဆင်နွှဲရပါလိမ့်မယ်။

## ဥမ္မာဒန္တီ

ရှေးအခါက သိဝိတိုင်း၊ အရိဋ္ဌပုရမြို့မှာ သိဝိမည်တဲ့ မင်းဟာ မင်းလုပ်အုပ်ချုပ်တယ်။ ဘုရားလောင်းက အဲဒီမင်းရဲ့ မိဖုရား ခေါင်ကြီး ဝမ်းဗိုက်မှာဖြစ်တယ်။ သိဝိမင်းသားလို့ နာမည် မှည့်ကြတယ်။ စစ်သူကြီးမှာလည်း သားရလာတယ်။ အဘိ ပါရက လို့ နာမည်မှည့်ကြတယ်။ သူတို့နှစ်ယောက်လုံးဟာ မိတ်ဆွေဖြစ်ပြီး ကြီးပြင်းလာကြတယ်။ အသက် ၁၆ နှစ် အရွယ်မှာ တက္ကသိလာပြည်ကိုသွားပြီး အတတ်ပညာ သင် ယူကာ ပြန်လာကြတယ်။ မင်းက သားအား မင်းအဖြစ်ကို ပေးတယ်။ သား ရှင်ဘုရင်ကလည်း အဘိပါရကကို စစ် သူကြီးအရာမှာထားကာ တရားသဖြင့် မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီအရိဋ္ဌပုရမြို့မှာပဲ တိရိဋိဝစ္ဆ အမည်ရှိတဲ့ ကုဋေ ၈၀ ကြွယ်ဝတဲ့ သူဌေးရှိတယ်။ သူ့သမီးက ရုပ်လှတယ်၊ တင့်

http://www.dhammadownload.com



တယ်တယ်၊ တင့်တယ်တဲ့လက္ခဏာနဲ့ ပြည့်စုံတယ်။ သူမ နာမည်မှည့်ရာနေ့မှာ သူမကို ဥမ္မာဒန္တီလို့ နာမည်မှည့်ကြ တယ်။ ဥမ္မာဒန္တီဟာ အသက် ၁၆ နှစ်အရွယ်မှာ လူ့အလှ ထက်ပိုတယ်။ နတ်သမီးလေးလို အလွန်လှတယ်။ ကြည့်ရှု ချင်စရာကောင်းတယ်၊ စိတ်ကြည်လင်စေတယ်။ အလွန်လှပ မှု၊ ခန္ဓာကိုယ်ပြေပြစ်မှုတွေနဲ့ ပြည့်စုံတယ်။ သူမကို မြင်မြင် သမျှ ပုထုဇဉ်တွေဟာ ကိုယ့်သဘောနဲ့ ကောင်းကောင်း မရပ်တည်နိုင်ကြ၊ ထန်းရည်၊ အရက်မူးသူတွေပမာ ကိလေ သာနဲ့ ယစ်မူးကုန်တယ်။ သတိမထားနိုင်ကြတော့ပါ။

ဥမ္မာဒန္တီရဲ့ဖခင် တိရိဋ္ဌိဝစ္ဆသူဌေးက မင်းထံချဉ်းကပ် ပြီး လျှောက်တင်ပါတယ်။

'အရှင်မင်း... အကျွန်ုပ်ရဲ့အိမ်မှာ မိန်းမရတနာ ဖြစ် ပေါ်နေပါတယ်။ မင်းနဲ့သာ သင့်လျော်ထိုက်တန်ပါတယ်။ လက္ခဏာဖတ်တဲ့ ပုဏ္ဏားတွေကို စေလွှတ်ပြီး အဲဒီမိန်းမ ရတနာကို စူးစမ်းခိုင်းကာ ကြိုက်သလို ပြုလုပ်ပါ'

မင်းက 'ကောင်းပြီ'လို့ ပြောပြီး ပုဏ္ဏားတွေကို စေ လွှတ်လိုက်ပါတယ်။ အဲဒီပုဏ္ဏားတွေက သူဌေးအိမ်သွားပြီး ပူဇော်မြတ်နိုးမှုကို ခံယူကာ နို့ဃနာကို သုံးဆောင်ကြတယ်။ အဲဒီခဏမှာ ဥမ္မာဒန္တီက အဆင်တန်ဆာအားလုံးနဲ့ တန်ဆာ ဆင်ပြီး အဲဒီပုဏ္ဏားတွေထံ သွားတယ်။ အဲဒီပုဏ္ဏားတွေက ဥမ္မာဒန္တီကိုမြင်ပြီး သတိမထားနိုင်ကြတော့။ ကိလေသာနဲ့

http://www.dhammadownload.com



ယစ်မူးကုန်တယ်။ သူတို့ ထမင်းစားမပြီးသေးတာကို မသိကြတော့။ တချို့က ထမင်းလုတ်ကိုယူပြီး 'ငါတို့စားကြမယ်'လို့ အမှတ်နဲ့ ဦးခေါင်းမှာ တင်ထားကြတယ်။ တချို့က ချိုင်းကြားမှာ ပစ်ကြတယ်။ တချို့က နံရံကိုပုတ်ခတ်ကြတယ်။ ပုဏ္ဏားအားလုံး အရူးတွေချည်း ဖြစ်ကုန်တယ်။ ဥမ္မာဒန္တီက အဲဒီပုဏ္ဏားတွေကိုမြင်ပြီး 'ဒီပုဏ္ဏားတွေက ငါ့ရဲ့လက္ခဏာကို ဖတ်ကြမတဲ့လား၊ ဒီပုဏ္ဏားတွေကို လည်ပင်းကိုင်ပြီး ဆွဲထုတ်ကြပါ'လို့ ပြောကာ ဆွဲထုတ်ခိုင်းတယ်။ အဲဒီပုဏ္ဏားတွေက မျက်နှာမသာမယာဖြစ်ပြီး မင်းနန်းတော်ကို သွားကြတယ်။ ဥမ္မာဒန္တီအပေါ် စိတ်ဆိုးပြီး 'အရှင်မင်း၊ အဲဒီမိန်းမက မိန်းမယုတ် ဖြစ်ပါတယ်။ အရှင်မင်းနဲ့ မလျောက်ပတ် မထိုက်တန်ပါ'လို့ လျှောက်တင်ကြတယ်။ မင်းက 'အယုတ်မတဲ့'လို့ ပြောပြီး ဥမ္မာဒန္တီကို အခေါ်မခိုင်းတော့ပါ။ ဥမ္မာဒန္တီက အဲဒီဖြစ်ပုံကို ကြားရပြီး 'ငါ့ကို မိန်းမယုတ်မို့ မင်းက မယူတာတဲ့။ မိန်းမယုတ်တွေဆိုတာ ဒီလိုမဟုတ်ကြပါ'လို့ ပြောပြီး 'ရှိပါစေ၊ ငါဟာ အဲဒီမင်းကိုတွေ့ရရင် သိစေ့မယ်'လို့ တွေးကာ အဲဒီမင်းအပေါ် ရန်ငြိုးဖွဲ့လိုက်တယ်။ အဲဒီအခါ ဥမ္မာဒန္တီကို ဖခင်က အဘိပါရကစစ်သူကြီးအား ပေးလိုက်တယ်။ ဥမ္မာဒန္တီဟာ အဘိပါရကရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရတယ်။

ဘယ်ကုသိုလ်ကံရဲ့ အကျိုးဆက်ကြောင့် ဥမ္မာဒန္တီ

http://www.dhammadownload.com



ဟာ ဒီလောက်လှရပါသလဲ။ အနီရောင်အဝတ်ကို လှူခဲ့တဲ့ အလှူရဲ့အကျိုးဆက်ကြောင့်ပါပဲ၊ အကျယ်ချဲ့ပြောပါမယ်။ ဥမ္မာဒန္တီဟာ ရှေးဘဝတစ်ခုမှာ ဗာရာဏသီမြို့က ဆင်းရဲတဲ့ အမျိုးမှာ ဖြစ်ခဲ့တယ်။ ပွဲလမ်းသဘင်နေ့မှာ ဘုန်းကံနဲ့ပြည့်စုံတဲ့ မိန်းမတွေက ဝတ်ပန်း (ဆူးပန်းပွင့်) နဲ့ အရောင်ဆိုးထားတဲ့ အနီရောင်အဝတ်ကို ဝတ်ပြီး တန်ဆာဆင်ကာ ပျော်ပါးနေကြတယ်။ ဥမ္မာဒန္တီလောင်းလျာက အဲဒီမိန်းမတွေကို မြင်ပြီး အဲဒီလိုအဝတ်ကို ဝတ်ကာ ပျော်ပါးလိုစိတ်ဖြစ်လာတယ်။ မိဘတွေအား ပြောပြတော့ မိဘတွေက 'သမီး ငါတို့က ဆင်းရဲသားတွေပဲ၊ အဲဒီလိုအဝတ်ကို ငါတို့ဘယ်က ရမှာလဲ'လို့ ပြောကြတယ်။ 'ဒီလိုဆိုရင် သမီးကို ကြွယ်ဝချမ်းသာတဲ့ အိမ်တစ်အိမ်မှာ အစေအလုပ်လုပ်ဖို့ ခွင့်ပြုကြပါ။ သူတို့က သမီးရဲ့ဂုဏ်ကိုသိပြီး ပေးကြပါလိမ့်မယ်' လို့ ပြောတယ်။ မိဘတွေက ခွင့်ပြုလို့ အဲဒီအိမ်ချဉ်းကပ်ပြီး ပြောတယ်။

'ကျွန်မဟာ ဝတ်ပန်းနဲ့ဆိုးထားတဲ့ အနီရောင်အဝတ် အတွက် အစေအလုပ် လုပ်ပါမယ်'

'သုံးနှစ်ပတ်လုံး အလုပ်လုပ်ပြီးရင် သင့်ရဲ့ဂုဏ်ကို သိပြီး ငါတို့ပေးကြပါမယ်'

အဲဒီအခါ ဥမ္မာဒန္တီလောင်းလျာကို အဲဒီလူတွေက အဲဒီလိုပြောလိုက်ကြပါတယ်။ သူမက ကောင်းပါပြီလို့ ဝန်ခံ

http://www.dhammadownload.com



ပြီး အလုပ်လုပ်တယ်။ အဲဒီလူတွေက သူမရဲ့ဂုဏ်ကို သိပြီး သုံးနှစ်မပြည့်ခင်မှာပဲ သူမအား ဝတ်ပန်းနဲ့ဆိုးထားတဲ့ အနီရောင်အဝတ်ထူထူနဲ့အတူ အခြားအဝတ်ကိုလည်း ပေးလိုက်ကြတယ်။ 'သင့်သူငယ်ချင်းမတွေနဲ့အတူ သွားပြီး ရေချိုးကာ ဝတ်ခဲ့ပါ'လို့ ပြောကာ သူမကို စေလွှတ်လိုက်ကြတယ်။ သူမက သူငယ်ချင်းမတွေကို ခေါ်ယူပြီး သွားကာ အဝတ်နီကို မြစ်ကမ်းနားမှာထားပြီး ရေချိုးတယ်။ အဲဒီခဏမှာ ကဿပဘုရားရှင်ရဲ့ တပည့်တစ်ဦးက သင်္ကန်းလုယူခံထားရလို့ ချိုးထားတဲ့ သစ်ကိုင်းကို ဝတ်လည်းဝတ်၊ ရုံလည်းရုံကာ အဲဒီအရပ်ကို ရောက်လာတယ်။ ဥမ္မာဒန္တီလောင်းလျာက အဲဒီမထေရ်ကို မြင်ရပြီး 'ဒီအရှင်မြတ်ဟာ သင်္ကန်းအလုယူခံရတာ ဖြစ်လိမ့်မယ်။ အရင်ဘဝကလည်း မလှူခဲ့လို့ ငါ့မှာ အဝတ်ကိုရဖို့ ခဲယဉ်းတယ်'လို့ တွေးကာ အဲဒီအဝတ်ကို နှစ်ပိုင်းခွဲလိုက်တယ်။ 'တစ်ပိုင်းကို အရှင်မြတ်အား ငါလှူမယ်'လို့ ကြံပြီး ရေထဲမှတက်လာကာ သူမရဲ့အဝတ်ကို ဝတ်ပြီး 'ရပ်တော်မူပါဦး ဘုရား'လို့ လျှောက်တယ်။ မထေရ်ကို ရှိခိုးပြီး အဝတ်အနီကို အလယ်ကခွဲကာ အဲဒီမထေရ်အား တစ်ပိုင်းကို လှူလိုက်ပါတယ်။

အဲဒီမထေရ်က သင့်တင့်ရာအရပ်မှာ ဖုံးကွယ်ရာ နေရာမှာ ရပ်ကာ ချိုးထားတဲ့သစ်ကိုင်းကို စွန့်ပစ်ပြီး အဲဒီ အဝတ်ရဲ့ထောင့်တစ်ထောင့်ကို ခါးမှာဝတ်ကာ တစ်ထောင့်

http://www.dhammadownload.com



ကို အပေါ်မှာရုံပြီး ထွက်ခွာသွားတယ်။ အဲဒီအခါ အဲဒီ အဝတ်ရဲ့အရောင်ကြောင့် အဲဒီမထေရ်ရဲ့တစ်ကိုယ်လုံးဟာ တက်သစ်နေပမာ တစ်ခဲနက်တောက်ပနေတယ်။ သူမက အဲဒီအခြေအနေကို မြင်ရပြီး 'ငါ့ရဲ့အရှင်မြတ်ဟာ ပထမက မတင့်တယ်ပါ၊ အခု တက်သစ်နေပမာ တင့်တယ်နေတယ်။ ဒီကျန်တဲ့အဝတ်ပိုင်းကိုလည်း အဲဒီမထေရ်အားသာ လှူမယ်' လို့ တွေးကာ ဒုတိယအဝတ်ပိုင်းကိုလည်း လှူလိုက်ပါတယ်။ ဒီလိုလည်း ဆုတောင်းလိုက်ပါတယ်။

'အရှင်ဘုရား... တပည့်တော်ဟာ ဘဝသံသရာမှာ ကျင်လည်တဲ့အခါ မြင့်မြတ်တဲ့ရုပ်အဆင်းကို ဆောင်နိုင်သူ ဖြစ်ရပါလို၏။ တပည့်တော်ကို မြင်ပြီး ဘယ်ယောကျ်ားမှ ပင်ကိုအနေအထားနဲ့ တည်ရှိဖို့ မစွမ်းနိုင်ပါစေနဲ့။ တပည့် တော်ထက် အခြားအမျိုးသမီးက ပိုပြီးရုပ်လှသူ မဖြစ်ပါစေနဲ့'

မထေရ်ကလည်း အနုမောဒနာပြုပြီး ဖဲသွားပါတယ်။ သူမဟာ နတ်ပြည်မှာ ကျင်လည်ရင်း အဲဒီအချိန်မှာ အရိဋ္ဌ ပုရမြို့မှာ ဖြစ်ကာ အဲဒီလို အလွန်လှပသူဖြစ်လာပါတယ်။ သိဝိမင်းဟာ မြို့ကိုလှည့်လည်တဲ့အခါ တစ်နေ့မှာ ဥမ္မာဒန္တီကို မြင်သွားပါတယ်။ နေ့ရောညပါ အိပ်လို့မပျော်နိုင်အောင်ပဲ ခံစားသွားရရှာပါတယ်။ 'တစ်ည သို့မဟုတ် နှစ်ည အဘိ ပါရကစစ်သူကြီး ဖြစ်ချင်ပါဘိတယ်၊ ဥမ္မာဒန္တီနဲ့ပျော်ပါးပြီး သိဝိမင်း ပြန်ဖြစ်ချင်ပါတယ်'လို့တောင် သိကြားမင်းက

http://www.dhammadownload.com



သူ့ကို ဆုပေးခဲ့ရင် ဆုတောင်းချင်ပါသတဲ့။ အဲဒီလောက်ထိ အောင်ပဲ စွဲလမ်းသွားရှာပါတယ်။

သိဝိမင်းက ဘုရားလောင်းဖြစ်ပါတယ်။ အဘိပါရကက အရှင်သာရိပုတ္တရာအလောင်း ဖြစ်ပါတယ်။ ဥမ္မာဒန္တီက ဥပ္ပလဝဏ်အလောင်းလျာ ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ပ၊ ၂၂၂)

မြန်မာနိုင်ငံမှာပဲ သက်န်းလျှုတဲ့ အမျိုးသမီးတွေက များလှပါပေတယ်။ ဥမ္မာဒန္တီလောင်းလျာ လှူခဲ့တဲ့ အဝတ်ထက် အခု မြန်မာနိုင်ငံက သင်္ကန်းအလှူရှင်တွေ လှူနေတဲ့ သင်္ကန်းက အရောင်အဆင်းရော၊ အမျိုးအစားပါ ပိုမိုကောင်းမွန်ဖွယ် ရှိပါတယ်။ သင်္ကန်းလှူတဲ့ အမျိုးသမီးတိုင်းသာ ဥမ္မာဒန္တီလို ဆုတောင်းခဲ့ကြရင် အမျိုးသားတွေဟာ အရူးချည်း ဖြစ်ကုန်ရပါလိမ့်မယ်။ အမျိုးသမီးလောကမှာ ဥမ္မာဒန္တီတွေသာ များခဲ့ရင် အမျိုးသားတွေမှာ ဒုက္ခများရချည့်ရဲ့။ ဥမ္မာဒန္တီလောက် အမျိုးသားတွေရဲ့စိတ်ကို မွှေနှောက်ချောက်ချားစေနိုင်စွမ်း မရှိတောင် ဥမ္မာဒန္တီနီးပါး ချောက်ချားစေတဲ့ အမျိုးသမီးတွေဟာ ဥမ္မာဒန္တီလို အဝတ်လှူပြီးများ ဆုတောင်းခဲ့ကြလေသလား။ ဥမ္မာဒန္တီလို အမျိုးသားတစ်ယောက်လည်း ရှိခဲ့ပါတယ်။ အနာထပိဏ်ရဲ့တူဖြစ်သူ ခေမက ဖြစ်ပါတယ်။

သူက ကဿပဘုရားလက်ထက် ရွှေစေတီမှာ ရွှေပြား ၂ ချပ်လှူကာ 'ဆွေမျိုးအမျိုးသမီးတွေချန်ပြီး ကျန်

http://www.dhammadownload.com



အမျိုးသမီးတွေဟာ ငါ့ကိုမြင်ရင် ချစ်ကြပါစေ'လို့ ဆုတောင်းခဲ့ပါတယ်။ ခေမကကိုမြင်ရင် အမျိုးသမီးတွေခမျာ ချစ်စိတ်ဝင်ကာ ပင်ကိုအနေအထားနဲ့ ရပ်တည်နိုင်စွမ်း မရှိကြတော့ပါတဲ့။ စာရှုသူဟာ အဲဒီဥမ္မာဒန္တီနဲ့ ခေမကတို့ကိုများ အားကျနေမိလေရော့သလား။ ဥမ္မာဒန္တီနဲ့ ခေမကလို ဆုတောင်းပုံချင်းတူတဲ့ အမျိုးသား အမျိုးသမီးတို့ ဆုတောင်းပြည့်ရာဘဝမှာ ဆုံစည်းကြရင် ဘယ်လိုနေကြလေမလဲ။

## မိတ္တာထေရီ

မိတ္တာထေရီဟာ ရှေးဘုရားရှင်တွေထံမှာ ကောင်းမှုတွေကို ပြုခဲ့တယ်။ ထိုထိုဘဝတွေမှာ နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်ကို ဆည်းပူးခဲ့တယ်။ ဝိပဿီဘုရားလက်ထက် မင်းမျိုးမှာ ဖြစ်ခဲ့တယ်။ တတ်သိနားလည်တဲ့အရွယ်ရောက်တဲ့အခါ ဗန္ဓုမမင်းရဲ့ မိဖုရားဖြစ်တယ်။ ဝိပဿီဘုရားရှင်ရဲ့တပည့် ရဟန္တာထေရီတစ်ပါးကို မြင်လို့ ကြည်ညိုသွားတယ်။ ရဟန္တာမရဲ့လက်က သပိတ်ကိုယူပြီး မွန်မြတ်တဲ့ ခဲဖွယ် စားဖွယ်နဲ့ အပြည့်ထည့်လိုက်တယ်။ တန်ဖိုးကြီးတဲ့ အဝတ်အစုံနဲ့အတူ လှူလိုက်တယ်။ မိတ္တာလောင်းလျာဟာ အဲဒီကောင်းမှုကံကြောင့် နတ်လူဘဝတွေမှာ ကျင်လည်ခဲ့တယ်။ ဒီဂေါတမ

http://www.dhammadownload.com



ဘုရားရှင် ပွင့်တော်မူတဲ့အခါ ကပိလဝတ္ထုမြို့က သာကီဝင်မင်းမျိုးမှာ ဖြစ်တယ်။ ကတ်သိနားလည်တဲ့အရွယ်ရောက်ပြီး ဘုရားရှင်ထံ တရားနာတယ်။ သဒ္ဓါဖြစ်ပြီး ရတနာသုံးပါးကို ဆည်းကပ်သူ ဖြစ်သွားတယ်။ မိတ္တာဟာ နောင်အခါမှာ မိထွေးတော် မဟာပဇာပတိဂေါတမီထံ ရဟန်းမ (ဘိက္ခုနီ) ဝတ်တယ်။ ကြိုတင်ကိစ္စတွေကို ပြုလုပ်ပြီး ဝိပဿနာအလုပ် လုပ်ရင်း မကြာခင်ပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားတယ်။ (ထေရီဂါထာ၊ ၄၊ ၃၇)

## မိထွေးတော်ရဲ့ သက်နှိုးအလှူ

ဘုရားရှင်က ဘုရားအဖြစ်ကို ရောက်ပြီး ပထမဆုံး ကြွတဲ့အနေနဲ့ ကပိလမြို့ကို ကြွလာတယ်။ အဲဒီအခါ ဆွမ်းခံဝင်လာတဲ့ ဘုရားရှင်ကို ခေါ်ယူပြီး သုဒ္ဓေါဒနမင်းကြီးက သူ့နန်းတော်ကို ပင့်တယ်။ အဲဒီအခါ ဘုရားရှင်ရဲ့ရုပ်အဆင်း တင့်တယ်တာကို မြင်ရပြီး မဟာပဇာပတိဂေါတမီ (မိထွေးတော် ဂေါတမီ) က 'ငါ့သားရဲ့ခန္ဓာကိုယ်ဟာ တင့်တယ်ပါပေစွ'လို့ တွေးတယ်။ အဲဒီအခါ ဂေါတမီမှာ အကြီးအကျယ်ဝမ်းသာတယ်။ အဲဒီကနောက် ဒီလိုကြံတယ်။

'၂၉ နှစ်တို့ပတ်လုံး လူဝတ်ကြောင်ဘဝမှာနေတဲ့

http://www.dhammadownload.com



ငါ့သားသိဒ္ဓတ္ထအား ငါက ၄က်ပျော့သီးမျှကိုတောင် ပေးခဲ့တာပါပဲ။ အခုလည်း သူ့အား သင်္ကန်းအဝတ်ကို လှူမယ်'

'ဒီမင်းနန်းတော်မှာတော့ တန်ဖိုးကြီးတဲ့အဝတ်တွေ အများကြီး ရှိတယ်။ အဲဒီအဝတ်တွေက ငါ့ကိုမနှစ်သက်စေနိုင်ကြ။ ကိုယ်တိုင်လုပ်ထားတဲ့ အဝတ်ကပဲ ငါ့ကို အားရကျေနပ်စေနိုင်တယ်။ ငါ့လက်နဲ့ လုပ်ပြီး ငါလှူမယ်'

အဲဒီအခါ ဈေးအတွင်းက ဝါကို ဂေါတမီ သယ်ဆောင်ခိုင်းတယ်။ သူမလက်နဲ့ပဲ ကြိတ်တယ်၊ ထုထောင်းတယ်။ သိမ်မွေ့တဲ့ချည်ကို ငင်တယ်။ နန်းတော်တွင်းမှာပဲ ဇရပ်ကို ဆောက်လုပ်ခိုင်းတယ်။ ရက်ကန်းအတတ်ပညာရှင်တွေကို အခေါ်ခိုင်းတယ်။ ရက်ကန်းအတတ်ပညာရှင်တွေအား သူမရဲ့အသုံးအဆောင် ခဲဖွယ် စားဖွယ်တွေကိုသာ ပေးပြီး အရက်ခိုင်းတယ်။ အချိန်အခါအားလျော်စွာလည်း အထိန်းတော်အပေါင်းခြံရံကာ သွားပြီး လက်ခတ်အစွန်ကို ကိုင်တယ်။ ပြီးစီးသွားတဲ့အခါ အတတ်ပညာရှင်တွေအား အကြီးအကျယ် ပူဇော်မှုပြုတယ်။ အဝတ်အစုံကို နံ့သာသေတ္တာထဲထည့်ပြီး အခိုးအငွေ့ (အမွှေးနံ့) ထုံမွှမ်းစေတယ်။ 'ငါ့သားအတွက် သင်္ကန်းအဝတ်ကိုယူပြီး သွားမယ်'လို့ သုဒ္ဓေါဒနမင်းအား လျှောက်တင်ပါတယ်။ သုဒ္ဓေါဒနမင်းက လမ်းကို ပြင်ခိုင်းပါတယ်။ လမ်းတွေကို တံမြက်လှည်းခိုင်းပါတယ်။ ရေပြည့်အိုးတွေကို တည်ထားခိုင်းပါတယ်။ တံခွန်

http://www.dhammadownload.com



ကုက္ကားတွေကို စိုက်ထူခိုင်းပါတယ်။ မင်းနန်းတော်တံခါးကစပြီး နိဂြောဓာရုံကျောင်းတိုင်အောင် လမ်းကိုပြင်ခိုင်းကာ ပန်းတွေအကြဲခိုင်းပါတယ်။ ဂေါတမီကလည်း အဆင်တန်ဆာအားလုံးကို ဝတ်ဆင်ကာ အထိန်းတော်အပေါင်းခြံရံပြီး အဝတ်သေတ္တာကို ဦးခေါင်းပေါ်ထားကာ ဘုရားရှင်ထံ သွားပါတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ကာ ဂေါတမီက ဘုရားရှင်ကို ဒီလိုလျှောက်ပါတယ်။

'မြတ်စွာဘုရား... ဒီအဝတ်သစ်တစ်စုံကို ဘုရားရှင်ကိုရည်စူးပြီး တပည့်တော်ဟာ ကိုယ်တိုင်ချည်ငင်ပါတယ်။ ကိုယ်တိုင် ရက်လုပ်ပါတယ်။ အဲဒီအဝတ်အစုံကို တပည့်တော်အား ချီးမြှောက်တဲ့အနေနဲ့ ခံယူတော်မူပါ ဘုရား'

'ဂေါတမီ... သင်ဟာ သံဃာအား လှူပါ၊ သင်ဟာ သံဃာအား လှူရင် ငါဘုရားကိုရော သံဃာကိုပါ ပူဇော်ပြီး ဖြစ်ပါလိမ့်မယ်'

သုံးကြိမ်တိုင်တိုင် ဂေါတမီက လျှောက်ထားပါတယ်။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်တိုင် ပယ်မြစ်တာပါပဲ။

ဘုရားရှင်က သူ့အား လှူတဲ့အဝတ်အစုံကို ရဟန်းသံဃာအား ဘာကြောင့်အလှူခိုင်းရပါသလဲ။ မယ်တော်ဂေါတမီအပေါ် သနားကြင်နာလို့ပါပဲ။ ဘုရားရှင်မှာ ဒီလိုအကြံဖြစ်တော်မူပါတယ်တဲ့။

http://www.dhammadownload.com



'မယ်တော်ဂေါတမီမှာ ငါ့ကိုအကြောင်းပြုပြီး ပုဗ္ဗစေတနာ၊ မုဥ္စစေတနာ၊ ပရစေတနာဆိုတဲ့ စေတနာ ၃ တန် ဖြစ်ပေါ်ခဲ့ပြီ။ ဂေါတမီမှာ ရဟန်းသံဃာကိုအကြောင်းပြုပြီးတော့လည်း စေတနာ ၃ တန် ဖြစ်ပေါ်ကြပါစေ။ အဲဒီလိုဆိုရင် ဂေါတမီမှာ စေတနာ ၆ မျိုးမှာ တစ်ပေါင်းတည်းဖြစ်ပြီး ကာလရှည်ကြာစွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်ကြပါလိမ့်မယ်'

ဒါကြောင့် အဲဒီလိုရည်ရွယ်ပြီး ၃ ကြိမ်တိုင်တိုင် ပယ်မြစ်ကာ သံဃာအား အလှူခိုင်းပါတယ်။

နောင်လာနောက်သားတွေ သံဃာအပေါ် ရိုသေလေးစားမှု ဖြစ်စေလိုလို့လည်း အဲဒီလိုမိန့်တာ ဖြစ်ပါတယ်။ ဘုရားရှင်မှာ ဒီလိုအကြံဖြစ်ပါသတဲ့။

'ငါဘုရားဟာ ကြာရှည်စွာ မတည်ရှိ။ ငါဘုရားရဲ့ အဆုံးအမသာသနာကတော့ ရဟန်းသံဃာမှာ တည်ရှိလိမ့်မယ်။ နောင်လာနောက်သားတွေက သံဃာအပေါ် ရိုသေလေးစားမှု ဖြစ်ပါစေ'လို့ ရည်ရွယ်ကာ ပယ်မြစ်ပြီး သံဃာအား အလှူခိုင်းတာဖြစ်ပါတယ်။ မှန်တယ်၊ အဲဒီလို အလှူခိုင်းတော့ 'ဘုရားရှင်က သူ့အား လှူတဲ့ပစ္စည်းကိုတောင်မှ သံဃာအား အလှူခိုင်းတယ်၊ သံဃာဆိုတာ မြတ်တဲ့အလှူကို ခံယူထိုက်တဲ့ ပုဂ္ဂိုလ်ကောင်းပဲလို့ တွေးကာ နောင်လာနောက်သားတွေမှာ သံဃာအပေါ် ရိုသေလေးစားမှုဖြစ်စေပြီး ပစ္စည်း

http://www.dhammadownload.com



လေးပါးကို လှူထိုက်တယ်လို့ ထင်မှတ်ယူဆလိမ့်မယ်။ သံဃာဟာ ပစ္စည်းလေးပါးနဲ့ မပင်ပန်းဘဲ ဘုရားစကားကို သင်ယူကာ ရဟန်းတရားကို အားထုတ်နိုင်ပါလိမ့်မယ်။ အဲဒီလိုဆိုရင် ငါဘုရားရဲ့သာသနာဟာ နှစ် ၅၀၀၀ ကြာ တည်ရှိလိမ့်မယ်။' (ဥပရိပဏ္ဏာသဋ္ဌ၊ ၂၉၆၊ ဠ၊ ၂၁၉)

ဂေါတမီကို နာမည်မှည့်ရာနေ့မှာ အပူဇော်ခံရတဲ့ ပုဏ္ဏားတွေက ဂေါတမီရဲ့လက္ခဏာနဲ့ ပြည့်စုံတာကို ကြည့်ပြီး 'ဒီဂေါတမီမှာ သမီးရရင် အဲဒီသမီးက စကြဝတေးမင်းရဲ့ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မယ်။ သားရရင် အဲဒီသားက စကြဝတေးမင်းဖြစ်လိမ့်မယ်။ ဒါကြောင့် သားသမီး နှစ်ဖက်စကလုံးအရလည်း ဂေါတမီမှာ ကြီးကျယ်မြင့်မြတ်တဲ့ သားသမီး ရှိပါလိမ့်မယ်'လို့ ကြိုတင်ဟောကြားကြပါတယ်။ အဲဒီအခါ အနွယ်အရ မှည့်ထားတဲ့ ဂေါတမီနာမည်အပြင် မဟာပဇာပတိ (မဟာ= ကြီးကျယ်မြင့်မြတ်တဲ့+ ပဇာ= သား သမီးတွေရဲ့+ ပတိ= ပိုင်ရှင်) နာမည်ကိုပါ ခေါ်ဝေါ်ကြပါတယ်။

ဂေါတမီက အဲဒီဝတ်စုံကို ကိုယ်တိုင်ရက်လုပ်တယ်ဆိုတာ သူ့လက်နဲ့သာ ရက်လုပ်တာမဟုတ်ပါ။ တကယ်ဟုတ်တာက တစ်နေ့မှာ အထိန်းတော်အပေါင်းခြံရံပြီး ရက်ကန်းအတတ်ပညာရှင်တွေရဲ့ ရက်ကန်းရက်လုပ်ရာအရပ်ကို လာကာ လက်ခတ်အစွန်ကိုကိုင်ပြီး ရက်လုပ်တဲ့အမှုအရာကို

http://www.dhammadownload.com



ပြုလုပ်ပါတယ်။ အဲဒါကိုရည်ရွယ်ပြီး ကိုယ်တိုင်ရက်လုပ်တယ်လို့ ဆိုပါတယ်။ (ဥပရိပဏ် ၄၊ ၂၁၉)

ဂေါတမီဟာ သူ့တူအရင်းလည်းဖြစ်၊ သားအရင်းလိုလည်း ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရသူဖြစ်တဲ့ ဘုရားရှင်အပေါ် အလွန်ပဲသံယောဇဉ်လည်း ရှိပါလိမ့်မယ်။ ကြည်ညိုသဒ္ဓါလည်း ပွားပါလိမ့်မယ်။ ဘုရားရှင့်ရုပ်ရည်တင့်တယ်သပ္ပါယ်မှုကို ဖူးမဝအောင်ပဲ ရှိပါလိမ့်မယ်။ ဂေါတမီ မလှူဖူးသေးလို့ သင်္ကန်းအတွက် ဝတ်စုံသစ်ကို သူ့ခမျာ လှူချင်ရှာပေလိမ့်မယ်။ သားသံယောဇဉ်၊ တူသံယောဇဉ်အပြင် သဒ္ဓါလည်း ပါဝင်တာမို့ ဂေါတမီမှာ ဘုရားရှင့်အသရေကို ကြည့်ကာ ကြည်နူးမဆုံး ရှိနေပါလိမ့်မယ်။ လှူလိုစိတ်လည်း အလွန်အကဲ ထက်သန်နေရှာပါတယ်။ ဘုရားရှင်ကလည်း သိတော်မူလို့ မယ်တော်ဂေါတမီမှာ အကျိုးစီးပွား ကြီးမားစွာ ရရှိစေလိုတော်မူပါတယ်။

## နှုတ်သားနဲ့ ပြိတ္တာမ

အဝတ်လှူကာ အမျှပေးဝေလိုက်လို့ အဝတ်ရသွားကြတဲ့ ပြိတ္တာတွေအကြောင်းဟာ သံဝေဂရစရာ ကောင်းသလို မှတ်သားစရာလည်း ကောင်းလို့ ထုတ်နုတ်ဖော်ပြလိုက်ပါသေးတယ်။

http://www.dhammadownload.com



ရဟန်း ၁၂ ပါးဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းယူပြီး နေဖို့ သင့်လျော်မယ့်နေရာကို ရှာစမ်းကြတော့ ဝါကပ်ဖို့ နီးကပ်လာတဲ့အခါ အရိပ်၊ ရေနဲ့ပြည့်စုံပြီး ပျော်မွေ့ဖွယ် တောအုပ်တစ်ခုကို တွေ့ကြတယ်။ အဲဒီတောအုပ်နဲ့ မနီးလွန်း မဝေးလွန်းတဲ့ နေရာမှာ ဆွမ်းခံရွာကိုလည်း တွေ့ကြတယ်။ အဲဒီတောအုပ်မှာ တစ်ညနေပြီး ဒုတိယနေ့မှာ ရွာထဲဆွမ်းခံ ဝင်ကြတယ်။ အဲဒီ ရွာမှာ ရက်ကန်းသည် ၁၁ ယောက် နေကြတယ်။ အဲဒီရက်ကန်းသည်တွေက အဲဒီရဟန်းတွေကို မြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြတယ်။ မိမိ မိမိတို့ရဲ့ အိမ်ကို ပင့်ဆောင်ကာ မွန်မြတ်တဲ့စားဖွယ်နဲ့ ပြုစုပြီး လျှောက်ထားကြတယ်။

'အရှင်ဘုရားတို့... ဘယ်ကိုသွားကြမှာပါလဲ'

'ငါတို့ဟာ ချမ်းသာရာအရပ်ကို သွားကြမယ်'

'အရှင်ဘုရားတို့... ဒီလိုဆိုရင် ဒီအရပ်မှာ နေထိုက်ပါတယ်'

အဲဒီလိုလျှောက်ပြီး ဝါကပ်ဖို့ တောင်းဆိုကြတယ်။ ရဟန်းတွေက လက်ခံကြတယ်။ ဥပါသကာတွေက အဲဒီ ရဟန်းတွေအတွက် အဲဒီအရပ်မှာ တောကျောင်းလေးတွေကို ဆောက်လုပ်ပေးကြတယ်။ ရဟန်းတွေက အဲဒီအရပ်မှာ ဝါကပ်ကြတယ်။ အဲဒီရက်ကန်းသည်တွေထဲမှာ အကြီးအကဲ ရက်ကန်းသည်က ရဟန်း ၂ ပါးကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊

http://www.dhammadownload.com



ဆေး ပစ္စည်း ၄ ပါးနဲ့ ရိုရိုသေသေ ပြုစုတယ်။ အခြားရက်ကန်းသည်တွေက ရဟန်းတစ်ပါးစီကို ပြုစုကြတယ်။ အကြီးအကဲ ရက်ကန်းသည်ရဲ့မယားက သဒ္ဓါတရားမရှိ၊ ရတနာသုံးပါး (ဘုရား၊ တရား၊ သံဃာ) အပေါ် မကြည်ညို၊ အယူမှားရှိတယ်၊ နှမြောတယ်၊ ရဟန်းတွေကို ရိုရိုသေသေ မပြုစု။ အဲဒီအကြီးအကဲရက်ကန်းသည်က မယားကိုမြင်ပြီး အဲဒီမယားရဲ့ညီမကိုပဲ ခေါ်ဆောင်ကာ သူ့အိမ်မှာ အစိုးရမှုကို အပ်နှင်းတယ်။

အဲဒီညီမက သဒ္ဓါတရားရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ ရဟန်းတွေကို ရိုရိုသေသေ ပြုစုတယ်။ အဲဒီရက်ကန်းသည်အားလုံးက ဝါကျွတ်ပြီးတဲ့ရဟန်းတွေအား တစ်ပါးစီလျှင် အဝတ်တစ်စုံစီ လှူဒါန်းကြတယ်။ အဲဒီလူတွေထဲက အကြီးအကဲရက်ကန်းသည်ရဲ့ နှမြောသူမယားက စိတ်ဆိုးပြီး သူ့လင်ကို ရေရွတ်ပြောဆိုတယ်။

'သင်က ဘုရားသားရဟန်းတွေအား လှူတဲ့ ထမင်း၊ ဖျော်ရည်ဟာ သင်ရဲ့နောက်ဘဝမှာ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေးတွေ ဖြစ်ပါစေ။ အဝတ်တွေကလည်း မီးလျှံတောက်လောင်တဲ့ သံပြားတွေဖြစ်ကြပါစေ'

အကြီးအကဲရက်ကန်းသည်က နောင်အခါမှာ သေပြီး ဝိဉ္ဈာတောအုပ်မှာ တန်ခိုးနဲ့ပြည့်စုံတဲ့ သစ်ပင်စောင့်နတ် ဖြစ်တယ်။ နှမြောမှုအားကြီးတဲ့ သူ့မယားကတော့ သေပြီး

http://www.dhammadownload.com



သူ့နေရာအနီးမှာပဲ ပြိတ္တာမ ဖြစ်တယ်။ သူမမှာ အဝတ်မပါ ရုပ်က ဆိုးတယ်။ ထမင်းဆာ၊ ရေဆာမှု နှိပ်စက်ခံရတယ်။ အဲဒီသစ်ပင်စောင့်နတ်ရဲ့အနီးကို သွားပြီး ပြောတယ်။

'အို အရှင်... ငါ့မှာ အဝတ်မရှိပါ။ အလွန်အကဲ ထမင်းဆာမှု၊ ရေဆာမှု နှိပ်စက်ခံရကာ လှည့်လည်နေရပါ တယ်။ ငါ့အား အဝတ်နဲ့ ထမင်း အဖျော်ကို ပေးပါ'

နတ်က သူမအား မွန်မြတ်တဲ့နတ်အစာ၊ အဖျော်ကို ကပ်ဆောင်ပေးပါတယ်။ အဲဒီအစာ၊ အဖျော်ကို အဲဒီပြိတ္တာမ က ယူလိုက်တယ်ဆိုရင်ပဲ ကျင်ကြီး၊ ကျင်ငယ်၊ ပြည်၊ သွေး ဖြစ်သွားတယ်။ အဝတ်ကို ပေးလိုက်လို့ သူမဝတ်ရုံလိုက် တဲ့အခါ မီးတောက်လောင်နေတဲ့ သံပြားဖြစ်သွားတယ်။ သူမဟာ ကြီးကျယ်တဲ့ဆင်းရဲကို ခံစားရပြီး အဲဒီအဝတ်ကို စွန့်ပစ်ကာ ငိုကြွေးပြီး လှည့်လည်တယ်။ အဲဒီအခါ ရဟန်း တစ်ပါးက ဝါကျွတ်တဲ့အခါ ဘုရားရှင်ကိုကန်တော့ဖို့ သွား တော့ ကုန်သည်များစွာနဲ့အတူ ဝိဥ္စာတောအုပ်ကို သွားတယ်။ ကုန်သည်တွေက ညအခါမှာ လမ်းခရီးကို သွားကြတယ်။ နေ့အခါမှာ တောထဲက အေးမြတဲ့အရိပ်၊ ရေနဲ့ ပြည့်စုံတဲ့ အရပ်ကို မြင်ပြီး ယာဉ်တွေကို ချွတ်ကာ တစ်ခဏ အပန်းဖြေ ကြတယ်။

ရဟန်းကတော့ ဆိတ်ငြိမ်မှုကို ပိုလားလို့ အနည်း ငယ် ဖဲသွားပြီး အရိပ်အေးမြပြီး တောချုံတွေ ဖုံးလွှမ်းနေတဲ့

http://www.dhammadownload.com



သစ်ပင်တစ်ပင်ရဲ့အောက်မှာ သင်္ကန်းကြီးကို ခင်းပြီး ထိုင်တယ်။ ညအခါမှာ လမ်းသွားရတာ ပင်ပန်းလို့ အိပ်ပျော်သွားတယ်။ ကုန်သည်တွေက အပန်းဖြေပြီး လမ်းကိုဆက်သွားကြတယ်။ အဲဒီရဟန်းကတော့ မနိုး၊ ညနေရောက်တော့ အိပ်ရာက ထပြီး အဲဒီကုန်သည်တွေကို မတွေ့ရလို့ လမ်းမှား တစ်ခုကို သွားမိတယ်။ အစဉ်အတိုင်း အဲဒီနတ်ရဲ့နေရာကို ရောက်သွားတယ်။ အဲဒီအခါ အဲဒီရဟန်းကို အဲဒီနတ်သားက မြင်ပြီး လူ့အသွင်နဲ့ ချဉ်းကပ်တယ်။ နှုတ်ဆက်စကား ပြောပြီး သူ့ဗိမာန်ထဲ သွင်းတယ်။ ခြေသုတ်လိမ်းဆီစသည်တို့ကိုပေးပြီး ချဉ်းကပ်ကာ ထိုင်နေတယ်။ အဲဒီအခါ အဲဒီ ပြိတ္တာမက လာပြီး 'အရှင်၊ ငါ့အား ထမင်း၊ အဖျော်၊ အဝတ်ကို ပေးပါ' လို့ပြောတယ်။ အဲဒီနတ်သားက အဲဒီ ပြိတ္တာမအား အဲဒီပစ္စည်းတွေကို ပေးတယ်။ အဲဒီပစ္စည်းတို့ကို အဲဒီပြိတ္တာမ ကိုင်ယူကာမျှနဲ့ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ ပြည်၊ မီးလောင်သံပြားတွေပဲ ဖြစ်သွားကြတယ်။

အဲဒီရဟန်းက အဲဒီပြိတ္တာမကို မြင်ရပြီး သံဝေဂဖြစ်ကာ အဲဒီနတ်သားကို ပြိတ္တာမရဲ့ရှေးကံအကြောင်း မေးတယ်။ နတ်သားက ပြိတ္တာမရဲ့ရှေးကံကို ပြောပြတယ်။ ပြောပြပြီး တစ်ဖန် အဲဒီရဟန်းကို မေးလျှောက်ပါတယ်။

'အရှင်ဘုရား... ဒီပြိတ္တာမကို ပြိတ္တာဘဝမှ လွတ်အောင် လုပ်ဖို့ နည်းတစ်စုံတစ်ရာ ရှိပါသလား'

http://www.dhammadownload.com



'ရှိပါတယ်'

'အရှင်ဘုရား... ပြောပြတော်မူပါ'

'ဘုရားရှင်နဲ့ အရိယာသံဃာအား၊ ရဟန်းတစ်ပါး အားပင်ဖြစ်စေ အလှူကို လှူပြီး အဲဒီပြိတ္တာမအား အမျှပေးဝေရင်၊ အဲဒီပြိတ္တာမကလည်း အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ရင် (သာဓုခေါ်ရင်) အဲဒီပြိတ္တာမဟာ အဲဒီဆင်းရဲမှ လွတ်မြောက်ပါလိမ့်မယ်'

အဲဒီစကားကို ကြားရပြီး နတ်သားက အဲဒီရဟန်းအား မွန်မြတ်တဲ့ ထမင်း၊ ဖျော်ရည်ကို ပေးလှူပြီး အဲဒီပြိတ္တာမအား အဲဒီအလှူကို အမျှပေးဝေပါတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ ဝပြောသွားတယ်။ မျက်စိစတဲ့ ဣန္ဒြေတွေ ပြည့်ဖြိုးသွားတယ်။ နတ်အာဟာရနဲ့ ရောင့်ရဲသွားတယ်။ တစ်ဖန် အဲဒီရဟန်းရဲ့လက်မှာပဲ နတ်အဝတ်အစုံကို ဘုရားရှင်ကို ရည်စူးပြီး လှူကာ အဲဒီအလှူကိုလည်း ပြိတ္တာမအား မျှဝေတယ်။ အဲဒီခဏမှာပဲ အဲဒီပြိတ္တာမဟာ နတ်အဝတ်ကို ဝတ်ရတယ်။ နတ်အဆင်တန်ဆာနဲ့ တန်ဆာဆင်ထားတယ်။ အလိုအားလုံးပြည့်စုံတယ်၊ နတ်သမီးနဲ့ တူသွားတယ်။ အဲဒီရဟန်းကလည်း အဲဒီနတ်သားရဲ့တန်ခိုးနဲ့ အဲဒီနေ့မှာပဲ သာဝတ္ထိမြို့ကို ရောက်ကာ ဇေတဝန်ကျောင်းကို ဝင်တယ်။ ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးကာ အဲဒီအဝတ်အစုံကို လှူပြီး အဲဒီဖြစ်ပုံကို လျှောက်ပြတယ်။ ဘုရားရှင်ကလည်း

http://www.dhammadownload.com



အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိ သတ်အား တရားဟောတယ်။ အဲဒီတရားဒေသနာဟာ လူ အများအတွက် အကျိုးများသွားတယ်။

(ပေတဝတ္ထု၊ ၄၃၊ ၄၀)

အစားအသောက် လှူတာကို ကျေနပ်အားရ ဝမ်း မြောက် ဝမ်းသာစိတ်ဖြစ်သွားရင် အစားအသောက် ပြည့်စုံ သွားပါတယ်။ အဝတ်လှူတာကို ကျေနပ်အားရဝမ်းမြောက် ဝမ်းသာစိတ်ဖြစ်သွားရင် အဝတ်ပြည့်စုံသွားပါတယ်။ အဝတ်၊ အစား အသောက်ပစ္စည်းတွေက ပြိတ္တာမသန္တာန်မှာ ကျေနပ် အားရ ဝမ်းမြောက်ဝမ်းသာတဲ့ ကုသိုလ်ကံအား အထောက် အပံ့ ပေးကြပါတယ်။ ပြိတ္တာမရဲ့ ဝမ်းသာတဲ့စေတနာက သူ့ရဲ့အစားအဝတ်အတွက် ပြေလည်သွားစေတာ ဖြစ်ပါ တယ်။

## အဝတ်မပါတဲ့ ဆံပင်အလှပိုင်ရှင်

ရှေးအခါက ဗာရာဏသီပြည်မှာ ပြည့်တန်ဆာတစ်ဦးဟာ ရုပ်အလွန်လှတယ်။ ကြည့်ရှုချင်ဖွယ်ကောင်းတယ်။ စိတ်ကို ကြည်လင်စေတယ်။ မြတ်တဲ့အဆင်း ကိုယ်နဲ့ ပြည့်စုံတယ်။ အလွန်အကဲ စိတ်ကိုဆွဲဆောင်နိုင်တဲ့ ဆံစုရှိတယ်။ မှန်တယ်။ သူမရဲ့ဆံပင်တွေက ညိုတယ်၊ ရှည်တယ်၊ သေးတယ်၊

http://www.dhammadownload.com



နူးညံ့တယ်၊ ညက်ညောတယ်၊ ဆံဖျားက ကော့တက်နေတယ်။ လက်နှစ်ဖက်နဲ့ ယူရတယ်။ ဖြေချလိုက်ရင် ခါးတိုင်အောင် ဆံစုတွေက တွဲလျားကျကြတယ်။ သူမရဲ့ဆံပင် လှပတင့်တယ်တာကို မြင်ပြီး လူငယ်အမျိုးသားတွေက များသောအားဖြင့် သူမအပေါ်တွယ်တာသွားကြတယ်။ အဲဒီအခါ သူမရဲ့ဆံပင် လှပတင့်တယ်တာကို သည်းမခံနိုင်၊ မရှုစိမ့်နိုင်တဲ့ မိန်းမအနည်းငယ်က တိုင်ပင်ပြီး သူမရဲ့ အလုပ်အကျွေးကျွန်မကို အစားအစာနဲ့ဖြားယောင်းကာ အဲဒီကျွန်မကို အဲဒီပြည့်တန်ဆာမရဲ့ ဆံပင်တွေ ကျွတ်ကျစေတဲ့ဆေးကို ပေးစေကြပါတယ်။

အဲဒီကျွန်မဟာ အဲဒီဆေးကို ဆပ်ပြာမှုန့်နဲ့အတူ ရောစပ်ပြီး ဂင်္ဂါမြစ်မှာ ရေချိုးတဲ့အခါ အဲဒီပြည့်တန်ဆာမအား ပေးတယ်။ ပြည့်တန်ဆာမဟာ အဲဒီဆေးနဲ့ ဆံပင်အရင်းတွေမှာ စိုစွတ်စေပြီး ရေမှာ ငုပ်တယ်၊ ငုပ်ကာမျှမှာပဲ ဆံပင်တွေဟာ အမြစ်ပါကျွတ်ကျကြတယ်။ သူမရဲ့ဦးခေါင်းဟာ ဘူးခါးသီးနဲ့တူသွားတယ်။ အဲဒီအခါ သူမမှာ ဆံပင်အားလုံး ကျွတ်သွားတယ်။ ဦးခေါင်းပြောင်နေတယ်။ ခိုမနဲ့တူသွားတယ်။ ရုပ်ဆိုးသွားတယ်။ ဒါကြောင့် ရှက်ပြီး မြို့ထဲမဝင်ဝံ့၊ အဝတ်နဲ့ ဦးခေါင်းကိုရစ်ပတ်ပြီး မြို့ပြင်ဘက်က တစ်နေရာမှာနေတယ်။ ရက်အနည်းငယ်လွန်တော့ အရက်ကင်းသွားတယ်။ အဲဒီအရပ်က ပြန်နစ်လာပြီး နှမ်းတွေကိုကြိတ်ကာ ဆီနဲ့အရက်

http://www.dhammadownload.com



အရောင်းအဝယ်လုပ်ပြီး အသက်မွေးတယ်။ သူမက တစ်နေ့မှာ လူ ၂ ယောက်၊ ၃ ယောက်က အရက်မူးပြီး အိပ်ပျော်နေတုန်း ပြေလျော့နေတဲ့ သူတို့ရဲ့အဝတ်တွေကို ခိုးယူတယ်။

အဲဒီအခါ တစ်နေ့မှာ သူမက ရဟန္တာမထေရ်တစ်ပါး ဆွမ်းခံလှည့်လည်နေတာကို မြင်ရပြီး ကြည်ညိုစိတ်ဖြစ်ကာ သူမရဲ့အိမ်ကို ပင့်ဆောင်တယ်။ နေရာမှာထိုင်စေပြီး ဆီနဲ့ရောတဲ့ နှမ်းဆီထွေးကို လှူခဲ့တယ်။ မထေရ်က သူမကို သနားလို့ အဲဒီနှမ်းဆီထွေးကို ခံယူကာ ဘုဉ်းပေးတယ်။ သူမက ကြည်ညိုစိတ်ဖြစ်ပြီး အပေါ်ကထီးမိုးပေးကာ ရပ်တည်နေတယ်။ မထေရ်ကလည်း သူမရဲ့စိတ်ကို ရွှင်လန်းစေကာ အနုမောဒနာပြုပြီး ဖဲသွားတယ်။ အဲဒီမိန်းမက အနုမောဒနာပြုချိန်မှာပဲ 'တပည့်တော်ရဲ့ဆံပင်တွေဟာ ရှည်ကြပါစေ၊ သေးငယ်ကြပါစေ၊ ညက်ညောကြပါစေ၊ နူးညံ့ကြပါစေ၊ အဖျားကော့တက်ကြပါစေ'လို့ ဆုတောင်းတယ်။

သူမဟာ နောင်အခါမှာ သေပြီး ရောနှောတဲ့ကံရဲ့အကျိုးကြောင့် သမုဒ္ဒရာအလယ်က ရွှေဗိမာန်မှာ တစ်ယောက်တည်း ဖြစ်ပါတယ်။ သူမရဲ့ဆံပင်တွေဟာ ဆုတောင်းတဲ့အတိုင်းပဲ ပြည့်စုံကြပါတယ်။ လူတွေရဲ့အဝတ်ကို ခိုးခဲ့လို့တော့ အဝတ်မပါ ဖြစ်နေပါတယ်။ သူမဟာ အဲဒီရွှေဗိမာန်မှာ အထပ်ထပ်ဖြစ်ပြီး ဘုရားရှင်နှစ်ဆူရဲ့ ကြားကာလပတ်လုံး အဝတ်မပါဘဲသာ အချိန်ကုန်လွန်စေခဲ့ရပါတယ်။ အဲဒီအခါ

http://www.dhammadownload.com



ငါတို့ရဲ့ဂေါတမဘုရားရှင် လောကမှာပွင့်လာပြီး ဓမ္မစကြာ တရားမြတ်ကို ဟောတယ်။ အစဉ်အတိုင်း သာဝတ္ထိမြို့မှာ သီတင်းသုံးစဉ် သာဝတ္ထိမြို့နေ ကုန်သည် ၇၀၀ ဟာ သုဝဏ္ဏ ဘူမိကိုမှန်းပြီး လှေနဲ့ မဟာသမုဒ္ဒရာကို သက်ဆင်းကြ တယ်။ သူတို့တက်စီးတဲ့လှေက လေအဟုန်တိုက်ခတ်လို့ ဟိုဟိုဒီဒီ ပြေးသွားကာ အဲဒီအရပ်ကို ရောက်သွားတယ်။ အဲဒီအခါ အဲဒီဗိမာန်ရှင် ပြိတ္တာမက ဗိမာန်နဲ့အတူ အဲဒီ ကုန်သည်တွေအား ကိုယ်ကိုထင်ရှားပြတယ်။

သူမကိုမြင်ပြီး အကြီးအကဲကုန်သည်က မေးပါ တယ်။

'အပြင်ကို မထွက်ဘဲ ဗိမာန်တွင်းမှာ တည်နေသူက ဘယ်သူပါလဲ။ ရှင်မ... အပြင်ကိုထွက်ပါ၊ သင့်ကို အပြင်မှာ ရပ်တည်နေတာကို မြင်လိုကြပါတယ်'

အဲဒီအခါ ကုန်သည်အား သူမက သူမရဲ့အပြင်မထွက် နိုင်တာကို ပြောပြပါတယ်။

'အဝတ်မပါ ကိုယ်ချည်းသာဖြစ်လို့ အပြင်ကိုထွက်ဖို့ မရဲဝံ့ပါ၊ ရှက်လှပါတယ်။ ဆံပင်တွေနဲ့ ဖုံးလွှမ်းနေရသူ ဖြစ်ပါတယ်။ ကျွန်မဟာ ကုသိုလ်ကောင်းမှုကို အနည်း ငယ်မျှသာ ပြုခဲ့ရပါတယ်'

အဲဒီအခါ သူမအား ကုန်သည်က သူ့အပေါ်ရုံ အဝတ်ကို ပေးလိုလို့ ပြောပါတယ်။

http://www.dhammadownload.com



'တင့်တယ်တဲ့အဆင်းရှိတဲ့ နှမ၊ အပေါ်ရုံအဝတ်ကို သင့်အား ပေးပါတယ်။ ယူပါ၊ ဒီအဝတ်ကို ဝတ်ပါ။ ဒီ အဝတ်ကိုဝတ်ပြီး လာပါ။ ထွက်ခဲ့ပါ နှမ၊ အပြင်ကို ထွက် ခဲ့ပါ။ သင် အပြင်မှာ ရပ်နေတာကို မြင်လိုကြပါတယ်'

အဲဒီလိုပြောပြီး သူ့ရဲ့အပေါ်ရုံအဝတ်ကို သူမထံ ပေး လိုက်ပါတယ်။ သူမက အဲဒီလိုပေးတာကို သူမ သုံးဆောင် လို့ မရကြောင်းနဲ့ သုံးဆောင်လို့ရအောင် ပေးနည်းကို ပြော ပြပါတယ်။

'သင်ရဲ့လက်နဲ့ ကျွန်မလက်ထဲ သင်ပေးတဲ့ပစ္စည်း ဟာ ကျွန်မ သုံးစွဲလို့ မရပါ။ အဲဒီလူအပေါင်းမှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ဆည်းကပ်ပြီး ကံ ကံရဲ့ အကျိုးကို ယုံကြည်တဲ့ ဘုရားတပည့်ရှိပါတယ်။ အဲဒီဥပါ သကာကို အကျွန်ုပ်အား ပေးတဲ့အဝတ်ကို ဝတ်ရုံစေကာ အဲဒီအလှူကို အကျွန်ုပ်အား ရည်စူးပြီး အဲဒီအလှူရဲ့အဖို့ကို ပေးဝေပါ။ အဲဒီလိုပေးရင် ကျွန်မဟာ ကာမဂုဏ်အာရုံ အားလုံးနဲ့ ပြည့်စုံပြီး နတ်အဝတ်ကို ဝတ်ရကာ ချမ်းသာသူ ဖြစ်ရပါလိမ့်မယ်'

အဲဒီစကားကို ကြားရပြီး ကုန်သည်တွေက အဲဒီ ဥပါသကာကို ရေချိုးပေး၊ ဖြီးလိမ်းပေးကာ အဝတ်အစုံ ပေးလိုက်ကြပါတယ်။

http://www.dhammadownload.com



အဲဒီအကြောင်းအရာကို ထင်ရှားပြလိုလို့ သင်္ဂါယနာတင် မထေရ်တွေက ဒီလိုဆိုကြပါတယ်။

'အဲဒီကုန်သည်တွေက အဲဒီဥပါသကာကို ရေချိုး၊ နံ့သာအကောင်းစားနဲ့ လိမ်းကျံစေကာ အဆင်း၊ အနံ့၊ အရသာနဲ့ ပြည့်စုံတဲ့ ဟင်းလျာပါ ထမင်းကိုကျွေးပြီး အဝတ်နှစ်ထည်ကို ပေးကြပါတယ်။ အဲဒီပြိတ္တာမအား အလှူရဲ့ဝေစုကို ရည်ညွှန်းကာ အမျှပေးဝေကြပါတယ်။ ရည်ညွှန်းပေးဝေပြီးတာရဲ့ အခြားမဲ့မှာပဲ အဲဒီပြိတ္တာမမှာ အလှူရဲ့အကျိုးဖြစ်ပေါ်လာပါတယ်။ နတ်သြဇာနဲ့တူတဲ့ စားဖွယ်အမျိုးမျိုး၊ တပ်မက်ဖွယ်အရောင်အဆင်းအမျိုးမျိုးနဲ့ တောက်ပတဲ့ နတ်အဝတ်နဲ့တူတဲ့ အဝတ်၊ ဖျော်ရည်အမျိုးမျိုးဟာ အလှူရဲ့အကျိုးပဲ ဖြစ်ပါတယ်။ အဲဒါတွေကို ရပြီးနောက်မှာ ရေချိုးလို့ စင်ကြယ်တဲ့ကိုယ် ရှိပါတယ်။ အလွန်သန့်စင်တဲ့အဝတ်ကို ဝတ်ရပါတယ်။ ကာသိတိုင်းဖြစ်အဝတ်ထက် ကောင်းတဲ့ အဝတ်ကို ဝတ်ရပါတယ်။ သင်တို့ရဲ့အလှူရဲ့ ဒီအကျိုးထူးကို ကြည့်ကြပါဦး'လို့ ထင်ရှားပြတဲ့အနေနဲ့ ပြုံးရွှင်လျက် ဗိမာန်မှ ထွက်လာပါတယ်။

အဲဒီအခါ အဲဒီကုန်သည်တွေက အဲဒီလို ကောင်းမှုအကျိုးကို မျက်မှောက်တွေ့ရပြီး အံ့သြထူးဆန်းကာ အဲဒီဥပါသကာအပေါ် ရိုသေမြတ်နိုးမှု များစွာထားပြီး လက်အုပ်ချီကြပါတယ်။ သူ့ထံ ချဉ်းကပ်ကြပါတယ်။ အဲဒီဥပါသကာ

http://www.dhammadownload.com



ကလည်း အဲဒီကုန်သည်တွေကို တရားစကားနဲ့ အတိုင်း ထက်အလွန်ကြည်ညိုစေကာ သရဏဂုံ၊ သီလတွေမှာ တည်စေပါတယ်။ အဲဒီကုန်သည်တွေက အဲဒီဗိမာန်ရှင်ပြိတ္တာမရဲ့ ပြုလုပ်ခဲ့တဲ့ကံကို မေးကြပါတယ်။

'အလွန်ဆန်းကြယ်တဲ့ အဆင်းသဏ္ဍာန်ရှိပြီး နှစ်သက်ဖွယ်ကောင်းတဲ့ သင့်ရဲ့ဗိမာန်ဟာ ထွန်းလင်းတောက်ပါပေတယ်။ နတ်သမီး၊ သင့်ကို မေးပါတယ်။ သင်ဖြေကြားပါ။ ဒီအကျိုးဟာ ဘယ်ကံရဲ့အကျိုးပါလဲ။ ဒါနရဲ့အကျိုးလား၊ သီလရဲ့အကျိုးလား'

အဲဒီလိုအမေးခံရတဲ့ပြိတ္တာမက 'ငါပြုလုပ်ခဲ့တဲ့ကုသိုလ်ကံ အနည်းငယ်ရဲ့အကျိုးပါပဲ။ အကုသိုလ်ကံရဲ့အကျိုးကတော့ နောင်အခါ ငရဲမှာ ဒီလိုဖြစ်ပါလိမ့်မယ်'လို့ ပြောပြလိုလို့ အောက်ပါစကားကို ပြောပါတယ်။

'ကျွန်မဟာ အကျင့်ဖြောင့်မတ်တဲ့ ဆွမ်းခံရဟန်းအား အထူးကြည်လင်တဲ့ သဒ္ဓါစိတ်နဲ့ နှမ်းဆီထွေးကို လှူခဲ့ပါတယ်။ အဲဒီကုသိုလ်ကံရဲ့အကျိုးကြောင့် ကာလရှည်ကြာစွာ ဗိမာန်မှာ ခံစားရပါတယ်။ အဲဒီကုသိုလ်ကံရဲ့ အကျိုးကလည်း အခု အနည်းငယ်ပဲ ကျန်ပါတော့တယ်။ မကြာခင်ပဲ သေရပါတော့မယ်။ လေးလလွန်တဲ့အခါ သေရပါမယ်။ ကျွန်မဟာ အဝီစိငရဲကို ကျရောက်ရပါမယ်။ အဲဒီငရဲက တကယ့်ကိုပဲ ဆင်းရဲလှပါတယ်။ ကြမ်းတမ်းလှပါတယ်။

http://www.dhammadownload.com



အထောင့်လေးထောင့် ရှိပါတယ်။ အရပ်လေးမျက်နှာမှာ တံခါးလေးပေါက်နဲ့ ယှဉ်ပါတယ်။ ဝေဖန်အပ်တဲ့ ပုံစံတူရှိပါတယ်။ သံတံတိုင်း ကာရံထားပါတယ်။ သံပြားနဲ့ ပိတ်ဖုံးထားပါတယ်။ အဲဒီငရဲရဲ့မြေကြီးက သံနဲ့ပြီးပါတယ်။ ပတ်ဝန်းကျင်မှာ ဖြစ်ပေါ်တဲ့ မီးလျှံရှိတဲ့ မီးကြီးနဲ့ အမြဲမပြတ် စပ်ယှဉ်နေပါတယ်။ ထက်ဝန်းကျင် အပြင်အရပ်အားလုံးမှာ ယူဇနာတစ်ရာတိုင်တိုင် အမြဲပဲ ပျံ့နှံ့တည်နေပါတယ်။ ကျွန်မဟာ အဲဒီငရဲမှာ ကာလရှည်ကြာစွာ မကောင်းမှုကံရဲ့ အကျိုးဖြစ်တဲ့ ဆင်းရဲဝေဒနာကို ခံစားရပါမယ်။ ဒါကြောင့် ပြင်းထန်စွာ စိုးရိမ်ပါတယ်'

သူမက သူမရဲ့ ပြုလုပ်ခဲ့တဲ့ ကံအကျိုးနဲ့ နောင်အခါ ငရဲဘေးကိုပြပြီးတဲ့အခါ အဲဒီဉပါသကာက သနားစိတ် ဖြစ်သွားလို့ 'အခု ငါဟာ သူမရဲ့ထောက်တည်ရာ ဖြစ်မယ်'လို့ ကြံကာ ပြောပါတယ်။

'နတ်သမီး... သင်ဟာ ငါတစ်ယောက်အား လျှုရတဲ့ အလှူရဲ့အစွမ်းကြောင့် ကာမဂုဏ်အာရုံအားလုံး ပြည့်စုံတယ်။ မွန်မြတ်တဲ့စည်းစိမ်ရတယ်။ အခုတော့ ဒီဉပါသကာတွေအား အလှူ လှူပြီး ဘုရားရှင်ရဲ့ဂုဏ်တော်တွေကိုလည်း အောက်မေ့ကာ ငရဲဖြစ်ရမယ့် အနေအထားမှ လွတ်မြောက်ပါလိမ့်မယ်'

အဲဒီပြိတ္တာမဟာ ရွှင်လန်းကျေနပ်ကာ 'ကောင်းပါပြီ'

http://www.dhammadownload.com



လို့ပြောပြီး အဲဒီဥပါသကာတွေကို နတ်ထမင်း၊ နတ်ဖျော်ရည်နဲ့ တင်းတိမ်အားရစေကာ နတ်အဝတ်တွေနဲ့ ရတနာအမျိုးမျိုးတွေကို ပေးလှူပါတယ်။ ဘုရားရှင်ကိုလည်း ရည်စူးကာ နတ်အဝတ်အစုံကို အဲဒီဥပါသကာတွေရဲ့လက်မှာ လှူပြီး 'မြတ်စွာဘုရား… ဗိမာန်ရှင်ပြိတ္တာမတစ်ယောက်ဟာ ဘုရားရှင်ရဲ့ ခြေတွေကို ဦးခေါင်းနဲ့ ရှိခိုးပါတယ်လို့ သာဝတ္ထိမြို့ကို သွားကာ ဘုရားရှင်ကို ကျွန်မရဲ့စကားနဲ့ ရှိခိုးကြပါ'လို့ ရှိခိုးကြောင်းသတင်းကို ပေးပို့ပါတယ်။ အဲဒီလှေကိုလည်း သူမရဲ့တန်ခိုးအစွမ်းနဲ့ အဲဒီဥပါသကာတွေ သွားလိုရာ ပဋ္ဋနကို အဲဒီနေ့မှာပဲ ပို့ဆောင်ပေးလိုက်ပါတယ်။

အဲဒီအခါ အဲဒီကုန်သည်တွေက အဲဒီပဋ္ဋနမှ အစဉ်အတိုင်း သာဝတ္ထိမြို့ကိုရောက်ပြီး ဇေတဝန်ကျောင်းကို ဝင်ကာ ဘုရားရှင်အား အဲဒီဝတ်စုံကို လှူကြပါတယ်။ ရှိခိုးလိုက်ကြောင်းသတင်းကိုလည်း လျှောက်ထားကြပါတယ်။ အစကစပြီး အဲဒီဖြစ်ပုံကို ဘုရားရှင်အား လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား အကျယ်အားဖြင့် တရားဟောပါတယ်။ အဲဒီဒေသနာဟာ လူအများအတွက် အကျိုးများပါတယ်။ အဲဒီဥပါသကာတွေကတော့ ဒုတိယနေ့မှာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီးလှူကာ အဲဒီပြိတ္တာမအား အမျှပေးဝေကြပါတယ်။ အဲဒီပြိတ္တာမကလည်း

http://www.dhammadownload.com



အဲဒီပြိတ္တာမဘဝက စတေကာ ရတနာမျိုးစုံနဲ့ တောက်ပတဲ့ တာဝတိံသာနတ်ပြည်က ရွှေဗိမာန်မှာ နတ်သမီးတစ်ထောင် အခြံအရံရှိပါတယ်။ (ပေတဝတ္ထု၊ ဋ္ဌ၊ ၄၄)

ဆံပင်အလှပိုင်ရှင် ပြည့်တန်ဆာမဟာ ဆံပင်အလှမဲ့ သွားတဲ့အခါ ဆီနဲ့အရက် အရောင်းလုပ်ငန်းလုပ်ကာ အသက်မွေးရရှာပါတယ်။ အရက်သမားတွေရဲ့အဝတ်တွေကို တောင်းခိုးယူမိသွားတယ်။ ဘဝဆိုတာ နိမ့်ကျသွားပြီ၊ မပြည့် မစုံဖြစ်သွားပြီဆိုရင် မတော်တဲ့ခြေလှမ်းတွေကို လှမ်းမိတတ် ပါလား။ အဲဒီခိုးမှုအကုသိုလ်ကံက နောင်ဘဝမှာ သူမကို ဒုက္ခလိုက်ပေးပါတယ်။ အဝတ်မပါ ဗလာဖြစ်နေလို့ လူမြင် မခံဝံ့တဲ့ဘဝ ရောက်နေရပါတယ်။ တမလွန်ဘဝရောက်နေ သူတစ်ဦးအား အဝတ်၊ စားစရာ အစားအစာ၊ သောက်စရာ၊ နေစရာတွေကို ပေးလိုရင် လူတစ်ဦးက လူတစ်ဦးအားပေး သလို ပေးလို့မရတာဟာ သတိပြုစရာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းမှာတော့ အလှူခံပုဂ္ဂိုလ်က ရဟန်း မဟုတ်၊ လူဝတ်ကြောင်ဖြစ်ပါတယ်။ သာမန်လူဝတ်ကြောင် တော့ မဟုတ်ပါ။ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် ခြင်း၊ ကံ ကံရဲ့အကျိုးကို ယုံကြည်ခြင်းဂုဏ်တွေနဲ့ ပြည့်စုံတဲ့ သူဖြစ်ပါတယ်။ အမျှပေးဝေပြီး ချက်ချင်းပဲ ပြိတ္တာမမှာ အလှူရဲ့အကျိုး သက်ရောက်သွားတာဟာလည်း သတိပြု စရာပါပဲ။ အစား၊ အသောက်၊ အဝတ်တွေ ချက်ချင်းပဲ

http://www.dhammadownload.com



ပြည့်စုံသွားပါတယ်။ အမှုဝေမှု၊ သာစုခေါ်မှုဆိုတဲ့ ကောင်းမှုတွေဟာ နိမ့်ရာဘဝကနေ မြင့်ရာဘဝကို ရောက်စေတတ်ပါတယ်။ ဆင်းရဲရာက ချမ်းသာသွားစေတတ်ပါတယ်။

## အရှင်သာရိပုတ္တရာရဲ့ မိခင်ဟောင်း ပြိတ္တာ

တစ်နေ့မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်၊ အရှင် အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ဟာ ရာဇဂြိုဟ်မြို့ရဲ့အနီးက တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးကြတယ်။ အဲဒီအခါမှာ ဗာရာဏသီမြို့က ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားတစ်ယောက်က ရဟန်း၊ ပုဏ္ဏား၊ ဆင်းရဲသား၊ ခရီးသွား၊ တောင်းစားသူတို့ရဲ့ ရေတွင်းသဖွယ်ဖြစ်ကာ ထမင်း၊ ဖျော်ရည်၊ အဝတ်၊ အိပ်ရာ စသည်တွေကို ပေးတယ်။ ပေးတဲ့အခါမှာလည်း လာလာသမျှ ပုဂ္ဂိုလ်တွေအတွက် အချိန်အခါအားလျော်စွာ၊ ထိုက်သည့်အားလျော်စွာ ခြေဆေးရေ၊ ခြေသုတ်လိမ်းဆီစတဲ့ လှူဖွယ်အားလုံးကို စီစဉ်ပေးတယ်။ နံနက်ပိုင်းမှာ ရဟန်းတွေကို ထမင်း၊ ဖျော်ရည်စတာတွေနဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးတယ်။ အဲဒီပုဏ္ဏားက အရပ်တစ်ပါးကို သွားတဲ့အခါ မယားကိုပြောတယ်။

'အို ရှင်မ... ငါလှူနေကျ ဒီအလှူအစီအစဉ်ကို မယုတ်လျော့စေဘဲ ရိုရိုသေသေ ဆက်လက်ထိန်းသိမ်းပါ'

http://www.dhammadownload.com



မယားက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ပုဏ္ဏားဖဲသွားတယ်ဆိုရင်ပဲ ရှေးဦးစွာ ရဟန်းတွေအား လှူတဲ့အလှူအစီအစဉ်ကို ဖြတ်တောက်ပါတယ်။ ခရီးသွားတွေ နေရာအလို့ငှာ ကပ်ရောက်လာကြရင် အိမ်နောက်ကျောမှာ စွန့်ပစ်ထားတဲ့ ဇရပ်အိုကို 'ဒီဇရပ်အိုမှာ နေကြ'လို့ ညွှန်ပြတယ်။ ထမင်း၊ ဖျော်ရည်စသည်အတွက် အဲဒီအရပ်ကို ခရီးသွားတွေလာကြရင် 'ကျင်ကြီးကို ခဲစားကြ၊ ကျင်ငယ်ကို သောက်ကြ၊ သွေးကို သောက်ကြ၊ သင်တို့အမေရဲ့ ဦးနှောက်ကို ခဲစားကြ'လို့ မစင်ကြယ်၊ စက်ဆုပ်ဖွယ်ဟူသမျှရဲ့နာမည်ကို ယူကာ ကြမ်းတမ်းတဲ့စကားကို ပြောတယ်။ မယားဟာ နောင်အခါမှာ သေပြီး ကံအစွမ်းကပစ်တင်လို့ ပြိတ္တာဘဝရောက်တယ်။ သူ့ဝစီဒုစရိုက်နဲ့ လျော်တဲ့ဆင်းရဲကို ခံစားရတယ်။ ရှေးဘဝနဲ့ဆက်စပ်တာကို အဖန်ဖန်သတိရပြီး အရှင်သာရိပုတ္တရာထံ ချဉ်းကပ်လိုလို့ အရှင်သာရိပုတ္တရာရဲ့ ကျောင်းတံခါးကို ရောက်တယ်။ အရှင်သာရိပုတ္တရာရဲ့ ကျောင်းတံခါးစောင့်နတ်တွေက ကျောင်းထဲဝင်တာကို တားမြစ်ကြတယ်။

အဲဒီပြိတ္တာမဟာ ဒီဘဝကနေ လွန်ခဲ့တဲ့ငါးဘဝမြောက်မှာ အရှင်သာရိပုတ္တရာရဲ့ မယ်တော်ဖြစ်ခဲ့ဖူးပါသတဲ့။ ဒါကြောင့် သူမက ဒီလိုပြောတယ်။

'ဒီဘဝကနေ လွန်ခဲ့တဲ့ ငါးဘဝမြောက်မှာ ငါဟာ

http://www.dhammadownload.com



အရှင်သာရိပုတ္တရာရဲ့ မယ်တော်ဖြစ်ခဲ့တယ်။ ငါ့အား အရှင်သာရိပုတ္တရာကို ဖူးမြော်ဖို့ တံခါးဝင်ခွင့် ပေးကြပါ'

အဲဒီစကားကို ကြားရပြီး နတ်တွေက အဲဒီပြိတ္တာမအား ဝင်ဖို့ခွင့်ပြုလိုက်ကြတယ်။ သူမက ဝင်ပြီး စင်္ကြံအစွန်မှာ ရပ်ကာ မထေရ်အား ကိုယ်ထင်ပြတယ်။ မထေရ်က သူမကို မြင်ပြီး သနားစိတ်ဖြစ်လာလို့ မေးပါတယ်။

'အလွန်ကြုံလှီပြီး နံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဍာန်လည်း ရှိတယ်၊ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထနေတဲ့ ကိုယ်ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့သင်က ဘယ်သူပါလဲ'

မထေရ်က မေးလို့ ပြိတ္တာမက စကားတုံ့ပေးလိုလို့ အောက်ပါစကားတွေကို ပြောပါတယ်။

'အရှင်ဘုရား... တပည့်တော်ဟာ ဒီဘဝကနေ လွန်ခဲ့တဲ့ ၅ ခုမြောက်ဘဝမှာ အရှင်ဘုရားရဲ့မိခင်အရင်း ဖြစ်ခဲ့ပါတယ်။ အခုပြိတ္တာဘုံမှာ ဖြစ်နေရပါတယ်။ ဆာလောင်မွတ်သိပ်မှုတွေရဲ့ နှိပ်စက်ခံနေရပါတယ်။ စွန့်ပစ်ထားတဲ့ တံတွေး၊ နှပ်၊ သလိပ်၊ မီးရှို့ထားတဲ့ လူသေတွေရဲ့အဆီ၊ သားဖွားသူတွေရဲ့ သွေး ကိုယ်ဝန်အညစ်အကြေး၊ အိုင်းအမာအနာရှိသူတွေရဲ့ သွေး၊ နှာခေါင်း၊ ဦးခေါင်း၊ လက်၊ ခြေစသည် ပြတ်သူတွေရဲ့ သွေး၊ မိန်းမ ယောကျ်ားကိုယ်ကိုမှီတဲ့

http://www.dhammadownload.com



အရေ၊ အကြောစသည်တွေကို ဆာလောင်မှုနှိပ်စက်ခံရလို့ စားသောက်ရပါတယ်။ သားကောင်တွေရဲ့ ပြည် သွေး၊ လူတွေရဲ့ ပြည်သွေးတွေကို စားရပါတယ်။ မှီခိုအားထားစရာ မရှိပါ။ နေရာအိမ် မရှိပါ။ သုသာန်မြေကို ညောင်စောင်း အမှတ်ပြုကာ အိပ်ရပါတယ်။ သားတော်... တပည့်တော် အတွက် အလှူကို ပေးလှူပါ။ ပေးလှူပြီး တပည့်တော်အား ရည်ညွှန်းလျက် အလှူရဲ့အဖို့ကို ပေးဝေပါ။ ပြည် သွေးကို စားသောက်ရခြင်းမှ လွတ်မြောက်ရပါမူ ကောင်းလေစွ'

အဲဒီစကားကို ကြားရပြီး အရှင်သာရိပုတ္တရာဟာ ဒုတိယနေ့မှာ အရှင်မဟာမောဂ္ဂလ္လာန်စတဲ့ မထေရ်သုံးပါးကို ခေါ်ပြီး သူတို့နဲ့အတူ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံလှည့်လည်တဲ့ အခါ ဗိမ္ဗိသာရမင်းရဲ့ နန်းတော်ကို သွားပါတယ်။ မင်းက မထေရ်တွေကိုမြင်ကာ ရှိခိုးပြီး 'အရှင်ဘုရားတို့၊ ဘာကြောင့် ကြွလာကြပါသလဲ'လို့ လာခြင်းရဲ့အကြောင်းကို မေးတယ်။ အရှင်မဟာမောဂ္ဂလ္လာန်က အဲဒီဖြစ်ပုံကို မင်းအား ပြောပြ တယ်။ မင်းက 'သိပါပြီ ဘုရား'လို့ လျှောက်ပြီး မထေရ်တွေ ကို လွှတ်လိုက်ကာ အလုပ်ကိစ္စအားလုံးမှာ ကြောင့်ကြစိုက်တဲ့ အမတ်ကို အခေါ်ခိုင်းပြီး 'မြို့ရဲ့အနီး ဆိတ်ငြိမ်ပြီး အရိပ်၊ ရေပြည့်စုံတဲ့ အရပ်မှာ ကျောင်း ၄ ဆောင် ဆောက်လုပ်ပေး ပါ'လို့ စေခိုင်းလိုက်တယ်။

မြို့တွင်းမှာလည်း လောက်နိုင်တဲ့ အထူးအစွမ်းနဲ့

http://www.dhammadownload.com



သုံးပိုင်းခွဲဝေကာ ကျောင်း ၄ ဆောင်ကို လက်ခံစေပါတယ်။ ကိုယ်တိုင်လည်း အဲဒီနေရာကိုသွားပြီး လုပ်ထိုက်တာကို လုပ်တယ်။ ကျောင်းဆောင်တွေ ပြီးသွားတဲ့အခါ ပူဇော်မှု ပြုဖွယ်အားလုံးကို စီစဉ်ခိုင်းပြီး ထမင်း၊ အဖျော်၊ အဝတ် စတာတွေကိုရော၊ ဘုရားအမှူးရှိတဲ့ အရပ်လေးမျက်နှာက ရဟန်းအပေါင်းအား သင့်လျော်တဲ့ ပရိက္ခရာအားလုံးကိုပါ တည်ထားစေပြီး အရှင်သာရိပုတ္တရာအား အဲဒီလှူဖွယ်အားလုံး ကို အပ်နှင်းပါတယ်။ အဲဒီအခါ မထေရ်က အဲဒီပြိတ္တာမကို ရည်စူးပြီး အဲဒီလှူဖွယ်အားလုံးကို ဘုရားအမှူးရှိတဲ့ အရပ် လေးမျက်နှာက ရဟန်းအပေါင်းအား လှူပါတယ်။ အဲဒီ ပြိတ္တာမက အဲဒီအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နတ် ပြည်မှာဖြစ်ပြီး ကာမဂုဏ်အာရုံအားလုံးနဲ့လည်း ပြည့်စုံသွား ပါတယ်။ နောင်အခါမှာ အရှင်မဟာမောဂ္ဂလ္လာန်ထံ ချဉ်း ကပ်ပြီး ရှိခိုးကာ ရပ်တည်ပါတယ်။ သူမကို မထေရ်က မေးပါတယ်။ သူမက သူမရဲ့ပြိတ္တာဘဝ ရောက်ရပုံနဲ့ တစ်ဖန် နတ်ဘဝရောက်ရပုံကို အကျယ်ပြောပြပါတယ်။

ဒါကြောင့် သံဂါယနာတင်မထေရ်တွေက အောက်ပါ စကားတွေကို ပြောထားကြပါတယ်။

'အမိဖြစ်ဖူးတဲ့ ပြိတ္တာမရဲ့စကားကို ကြားရပြီး သနား စောင့်ရှောက်တတ်တဲ့ ဥပတိဿအမည်ရ အရှင်သာရိပုတ္တရာ ဟာ အရှင်မောဂ္ဂလ္လာန်၊ အရှင်အနုရုဒ္ဓါ၊ အရှင်ကပ္ပိနတို့ကို

http://www.dhammadownload.com



ပြောကြားပါတယ်။ ကျောင်းငယ်လေးလုံးကို ဆောက်လုပ်ကာ ကျောင်းတွေကိုရော၊ ထမင်း၊ ဖျော်ရည်ကိုပါ အရပ်လေးမျက်နှာက သံဃာအား လှူပါတယ်။ အမိအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့ အခြားမဲ့မှာ အကျိုးဖြစ်ပေါ်လာပါတယ်။ စားဖွယ်၊ အဝတ်၊ သောက်ရေတွေကို ရလာတာဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီပြိတ္တာမဟာ အဲဒီစားဖွယ်စသည်ကို ရပြီးနောက်မှာ စင်ကြယ်တဲ့ ကိုယ်ရှိပါတယ်။ စင်ကြယ်တဲ့အဝတ် ရှိပါတယ်။ ကာသိတိုင်းဖြစ်အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်ထားပါတယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာကို ဝတ်ဆင်ထားပါတယ်။ သူမက ကောလိတအမည်ရ အရှင်မဟာမောဂ္ဂလ္လာန်ထံ ချဉ်းကပ်ပါတယ်။'

(ပေတဝတ္ထု၊ ဌ၊ ၇၂)

အရှင်သာရိပုတ္တရာရဲ့မိခင် တော်စပ်ဖူးတဲ့ ပြိတ္တာမကြီးမှာ သူမရဲ့နှုတ်က သူမကို ဒုက္ခပေးနေပါတယ်။ 'ဝစီဘေဒ ထိထိုင်းရှ' ဆိုတဲ့အတိုင်း ကိုယ့်ဝစီကံဆိုးက ကိုယ့်ထံပြန်လာပါတယ်။ ကြောက်စရာ သတိထားစရာပါပဲ။ အရှင်သာရိပုတ္တရာရဲ့ မိခင်တော်ခဲ့လို့ ကျောင်းစောင့်နတ်တွေရဲ့ အခွင့်အရေးပေးတာကို ခံယူရပါတယ်။ ဂုဏ်ကြီးရှင်သားရဲ့ အရိုန်အဝါဟာ မိခင်မှာပါ ရိုက်ခတ်ပါတယ်။ ဗိမ္ဗိသာရမင်းနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့ဟာ အရှင်သာရိပုတ္တရာရဲ့ လိုအင်

http://www.dhammadownload.com



ဆန္ဒကို ပြည့်အောင်ဆောင်ရွက်ပေးကြပါတယ်။ တော်ကြပါပေတယ်။ အရှင်သာရိပုတ္တရာရဲ့ အစီအစဉ်ကြောင့် မိခင်ဟောင်း ပြိတ္တာမခမျာ စားဝတ်နေရေး အဆင်ပြေသွားပါတယ်။ အစားအစာ မပြည့်စုံသူအတွက် အစားအစာ လှူပေးရပါတယ်။ အဝတ်မပြည့်စုံသူအတွက် အဝတ်လှူပေးရပါတယ်။ နေစရာမပြည့်စုံသူအတွက် နေစရာလှူပေးရပါတယ်။ သောက်စရာမပြည့်စုံသူအတွက် သောက်စရာ လှူပေးရပါတယ်။

## မတ္တာနဲ့ တိဿာ

သာဝတ္ထိမြို့က သူကြွယ်တစ်ယောက်က သဒ္ဓါတရားရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ သူ့မယားက သဒ္ဓါမရှိ၊ ရတနာသုံးပါးအပေါ် မကြည်ညို၊ ဒေါသကြီးတယ်၊ အမြုံမဖြစ်တယ်။ နာမည်ကတော့ မတ္တာဖြစ်တယ်။ အဲဒီအခါ သူကြွယ်က အမျိုးအနွယ်ပြတ်စဲသွားမှာကြောက်လို့ အမျိုးတူသည့် တိဿာမည်တဲ့ အခြားသတို့သမီးကို ဆောင်ယူတယ်။ တိဿာက သဒ္ဓါရှိတယ်။ ရတနာသုံးပါးအပေါ် ကြည်ညိုတယ်။ လင်ရဲ့ချစ်မြတ်နိုးမှုကို ခံရတယ်၊ တိဿာဟာ မကြာခင်ပဲ ကိုယ်ဝန်ရှိလာတယ်။ ၁၀ လလွန်တော့ သားလေး

http://www.dhammadownload.com



မွေးဖွားတယ်။ ဘူတလို့ နာမည်တွင်တယ်။ တိဿာဟာ အိမ်ပိုင်ရှင်မဖြစ်ပြီး ရဟန်း ၄ ပါးကို ရိုရိုသေသေ ပြုစု လုပ်ကျွေးတယ်။ အမြဲမကတော့ သူမကို သဝန်တိုတယ်။

သူတို့နှစ်ယောက်လုံးဟာ တစ်နေ့မှာ ဦးခေါင်းလျှော် ပြီး ဆံပင်တွေ ရေစိုကာ ရပ်တည်နေကြတယ်။ သူကြွယ်က ဂုဏ်ရဲ့အစွမ်းနဲ့ တိဿာအပေါ် သံယောဇဉ်ငြိတွယ်တယ်။ နူးညံ့တဲ့နှလုံးနဲ့ တိဿာနဲ့အတူ စကားအများကြီးပြောကာ ရပ်တည်နေတယ်။ အဲဒါကိုသည်းမခံနိုင်တဲ့ မတ္တာက မနာ လိုမှု နှိပ်စက်ခံရလို့ အိမ်မှာ တံမြက်လှည်းပြီးထားတဲ့ အမှိုက် ကို တိဿာရဲ့ဦးထိပ်ပေါ်မှာ လောင်းချတယ်။ မတ္တာက နောင်အခါမှာ သေပြီး ပြိတ္တာဘုံမှာဖြစ်တယ်။ သူမရဲ့ကံ အစွမ်းကြောင့် ဆင်းရဲငါးမျိုးကို ခံစားရတယ်။ တစ်နေ့မှာ အဲဒီပြိတ္တာမက ညနေပိုင်းလွန်သွားတဲ့အခါ အိမ်ရဲ့နောက် ကျောဘက်မှာ ရေချိုးနေတဲ့ တိဿာအား ကိုယ်ထင်ပြတယ်။ အဲဒီပြိတ္တာမကို မြင်ပြီး တိဿာက မေးတယ်။

'အလွန်ကြဲ့လိုပြီး နံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်း သဏ္ဌာန်လည်း ရှိတယ်။ ကြဲ့လိုပြီး အကြောပြိုင်းပြိုင်းထနေ တဲ့ ကိုယ်ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့ သင်က ဘယ်သူ လဲ'

မတ္တာက စကားတုံ့ကို ဒီလိုပေးပါတယ်။

http://www.dhammadownload.com



'ငါဟာ မတ္တာပါ။ သင်က တိဿာ၊ ရှေးဘဝက သင်ရဲ့လင်တူ မိန်းမ ဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုလုပ်ခဲ့လို့ ဒီလူ့ဘုံကနေ ပြိတ္တာဘုံကို ရောက်နေရပါတယ်'

တိဿာက နောက်ထပ် သူလုပ်ခဲ့တဲ့ကံကို ဒီလို မေးပါတယ်။

'သင်က ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို လုပ်ခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံ ကို ရောက်နေရပါသလဲ'

မတ္တာက သူလုပ်ခဲ့တဲ့ကံကို ဒီလိုပြောပြပါတယ်။

'ကျွန်မက ဒေါသကြီးပါတယ်။ စကားပြော ကြမ်းတမ်းပါတယ်။ မနာလိုတယ်၊ ဝန်တိုတယ်၊ ကောက်ကျစ်စဉ်းလဲတယ်။ ကျွန်မဟာ သင့်ကို မကောင်းတဲ့စကား၊ အကျိုးမရှိတဲ့စကားကို ပြောမိလို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ရပါတယ်'

တိဿာ။ ။ မှန်ပါတယ်။ ကျွန်မလည်း သင်ကြမ်းတမ်းတယ်ဆိုတာကို သိပါတယ်။ သင့်ကို အခြားအကြောင်းကိုမေးပါမယ်။ သင်ဟာ ဘာကြောင့် မြေမှုန့်တွေနဲ့ ရောပွမ်းတဲ့ကိုယ် ရှိပါသလဲ။

မတ္တာ။ ။ သင်တိဿာက ဦးခေါင်းနဲ့တကွ ရေချိုးထားတယ်။ စင်ကြယ်သန့်ရှင်းတဲ့အဝတ်ကို ဝတ်ထားတယ်။ တန်ဆာဆင်ထားတယ်။ ကျွန်မ

http://www.dhammadownload.com



ကတော့ သင့်ထက် အလွန်အကဲ ပိုလွန်ပြီး တန်ဆာဆင်ထားတယ်။ ကျွန်မက ကြည့်ရှုနေတုန်း လင်နဲ့သင် စကားပြောနေတယ်။ ဒါကြောင့် ကျွန်မမှာ မနာလိုမှု ပွားများလာတယ်။ အမျက်ဒေါသ လွန်စွာဖြစ်လာတယ်။ ဒါကြောင့် မြေမှုန့်ကိုယူပြီး ကျွန်မ သင့်ကို မြေမှုန့်နဲ့ ကြဲချမိခဲ့ပါတယ်။ အဲဒီမကောင်းမှုကံအကျိုးကြောင့် မြေမှုန့်တွေနဲ့ ရောပြွမ်းတဲ့ ကိုယ်ရှိပါတယ်။

တိဿာ။ ။မှန်တယ်၊ သင်မတ္တာဟာ ငါ့ကို မြေမှုန့်နဲ့ ကြဲချတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ သင်ဟာ ဘာကြောင့် ဝဲရောဂါ နှိပ်စက်ခံရပါသလဲ။

မတ္တာ။ ။ သင်နဲ့ ကျွန်မတို့နှစ်ယောက်ဟာ ဆေးကို ဆောင်ယူဖို့ တောကိုသွားခဲ့ကြပါတယ်။ သင်ကတော့ ဆေးဆရာတွေပြောတဲ့ မိမိရဲ့ကျေးဇူးကို ဆောင်ပေးတဲ့ဆေးကို သယ်ဆောင်ခဲ့ပါတယ်။ ကျွန်မကတော့ ခွေးလှေးသီးအရိုင်းကို ဆောင်ယူခဲ့ပါတယ်။ သင် မသိမီ ကျွန်မက သင့်အိပ်ရာပေါ် ခွေးလှေးသီးကို ကြဲချခဲ့ပါတယ်။ အဲဒီမကောင်းမှုကံ အကျိုးကြောင့် ဝဲနာရောဂါ နှိပ်စက်ခံရပါတယ်။

http://www.dhammadownload.com



တိဿာ။ ။မှန်တယ်၊ သင်မတ္တာဟာ ငါရဲ့အိပ်ရာနေရာကို ခွေးလှေးသီး ကြဲချတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ ဘာကြောင့် သင်ဟာ အဝတ်မရှိပါသလဲ။

မတ္တာ။ ။ သူငယ်တွေရဲ့ ပေါင်းဆုံမှု၊ ဆွေမျိုးတွေရဲ့ စည်းဝေးမှု ဖြစ်ခဲ့ပါတယ်။ လင်နဲ့တကွ သင့်ကို ဖိတ်ခေါ်ပါတယ်။ ကျွန်မကိုတော့ မဖိတ်ခေါ်ပါ။ သင်မသိတုန်း ကျွန်မဟာ သင်ရဲ့အဝတ်ကို ခိုးယူခဲ့ပါတယ်။ အဲဒီကံရဲ့အကျိုးကြောင့် ကျွန်မမှာ အဝတ်မရှိ ဖြစ်ရပါတယ်။

တိဿာ။ ။မှန်တယ်၊ သင်မတ္တာဟာ ငါရဲ့အဝတ် ခိုးယူတာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း မေးပါမယ်။ ဘာကြောင့် သင်ဟာ မစင်နံ့ ရှိပါသလဲ။

မတ္တာ။ ။ သင်ရဲ့နံ့သာ ပန်း အဖိုးများစွာထိုက်တဲ့ နံ့သာပျောင်းတွေကို မစင်တွင်းမှာ ပစ်ချခဲ့ပါတယ်။ အဲဒီမကောင်းမှုကို ကျွန်မ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမကောင်းမှုကံရဲ့ အကျိုးကြောင့် မစင်အနံ့ ရှိပါတယ်။

တိဿာ။ ။မှန်တယ်၊ သင်မတ္တာဟာ အဲဒီမကောင်းမှု ပြုခဲ့တာကို ငါသိပါတယ်။ သင့်ကို အခြားအကြောင်း

http://www.dhammadownload.com



မေးပါမယ်။ ဘာကြောင့် သင်ဟာ ဘ၀ဆိုးကို ရောက်နေရပါသလဲ။

မတ္တာ။ ။ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာဟာ သင်နဲ့ကျွန်မ နှစ်ယောက်မှာ သာတူညီမျှသာ ဖြစ်ပါတယ်။ လှူဖွယ်ပစ္စည်းတွေ ထင်ရှားရှိပါလျက် မိမိရဲ့မှီခိုရာ ကောင်းမှုကုသိုလ်ကို ကျွန်မဟာ မပြုလုပ်ခဲ့ပါ။ အဲဒီကံရဲ့အကျိုးကြောင့် ကျွန်မဟာ ဘ၀ဆိုးကို ရောက်ရပါတယ်။

'သင်ဟာ မကောင်းမှုကံကိုမှီဲဝဲဘိတယ်၊ မကောင်းမှုကံတွေနဲ့ ဘ၀ကောင်းကို မရလွယ်'လို့ အဲဒီလူ့ဘ၀ ဖြစ်စဉ်အခါကပဲ ကျွန်မကို သင်ပြောခဲ့ဖူးပါတယ်။

တိဿာ။ ။ သင်က သင့်စီးပွားကို လိုလားတဲ့ငါ့ကို ဆန့်ကျင်ဘက်အနေနဲ့ ယုံကြည်ယူဆတယ်။ ငါ့ကို မနာလိုတယ်၊ မကောင်းမှုကံတွေရဲ့အကျိုးဟာ ကြမ်းတမ်းတဲ့သဘောရှိတာကို သင်ရှုပါလော့။ ရှေးက သင် သိမ်းဆည်းထားခဲ့တဲ့ သင့်အိမ်တွေ၊ အဲဒီကျွန်မတွေ၊ သင့်အဝတ်တန်ဆာတွေ ရှိကြပါတယ်။ အဲဒီအရာဝတ္ထုတွေကို သူတစ်ပါးတွေ သုံးဆောင်နေကြပါတယ်။ စည်းစိမ်တွေဟာ မမြဲကြပါ။

http://www.dhammadownload.com



ယခုအခါ ကလေးအဖေဟာ ဈေးမှ အိမ်ကို ရောက်လာပါတော့မယ်။ သင့်အား တစ်စုံတစ်ရာ ပေးကောင်းပေးပါလိမ့်မယ်။ ဒီအရပ်မှ မသွားပါနဲ့ဦး။

မတ္တာ။ ။ ကျွန်မမှာ အဝတ်လည်း မပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဍာန်လည်း ရှိပါတယ်။ ကြုံလှီပြီး အကြောပြိုင်းပြိုင်းထတဲ့ ကိုယ်ရှိပါတယ်။ ဒီအဝတ်မပါခြင်းစတာဟာ မိန်းမတွေအတွက် ရှက်စဖွယ်ဖြစ်ပါတယ်။ ကျွန်မကို ကလေးအဖေ မမြင်ပါစေနဲ့။

တိဿာ။ ။ အခု ငါက သင့်အား ဘာကိုပေးရပါမလဲ။ အဝတ်ကိုလား၊ ထမင်းကိုလား၊ သင့်ကို ချမ်းသာစေပြီး သင့်အလိုအားလုံး ပြီးစေမယ့် ဘယ်လိုကျေးဇူးကို အခုအခါမှာ ငါဟာ ပြုလုပ်ပေးရပါမလဲ။

မတ္တာ။ ။ ရဟန်းသံဃာမှ သံဃာအနေနဲ့ ရဟန်း ၄ ပါး၊ ပုဂ္ဂိုလ်အနေနဲ့ ရဟန်း ၄ ပါး ပေါင်း ရဟန်း ၈ ပါးကို အလိုရှိသလောက် ဆွမ်းကျွေးပြီး ကျွန်မအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါ။ အဲဒီအခါ ကျွန်မဟာ ချမ်းသာပြီး အလိုဆန္ဒဟူသမျှ ပြည့်ဝပါလိမ့်မယ်။

http://www.dhammadownload.com



အဲဒီစကားကို ကြားရပြီး တိဿာက အဲဒီအကြောင်းကို သူမရဲ့လင်အား ပြောပြကာ ဒုတိယနေ့မှာ ရဟန်း ၈ ပါးကို ဆွမ်းကျွေးပြီး အဝတ်တွေကို လှူဒါန်းကာ အဲဒီပြိတ္တာမအား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့အခြားမဲ့မှာ စားဖွယ်၊ အဝတ်၊ သောက်ရေ ရခြင်းဆိုတဲ့ အကျိုးဖြစ်ပေါ်လာပါတယ်။ အဲဒီအကျိုးဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီနောက် မတ္တာပြိတ္တာမဟာ စင်ကြယ်တဲ့ကိုယ်ရှိလာတယ်။ စင်ကြယ်တဲ့အဝတ်ကို ဝတ်တယ်။ ကာသိတိုင်းဖြစ်အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်တယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာရှိတယ်။ လင်တူ တိဿာထံ ချဉ်းကပ်တယ်။

တိဿာ။ ။အို နတ်သမီး၊ သောက်ရှူးကြယ်ဟာ အရပ်မျက်နှာအားလုံးကို ထွန်းလင်းတောက်ပစေသလို သင်ဟာ အလွန်နှစ်သက်ဖွယ် အရောင်အဆင်းနဲ့ အရပ်မျက်နှာအားလုံးကို ထွန်းလင်းစေလျက် တည်နေတယ်။

သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့် ဒီလို အရောင်အဆင်း ရှိပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်အား ဒီအရပ်မှာ ကောင်းကျိုးပြည့်စုံနေပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် သင့်မှာ စိတ်နှစ်သက်ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါသလဲ။

http://www.dhammadownload.com



တန်ခိုးကြီးတဲ့ နတ်သမီး၊ သင့်ကို ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။ ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုတောက်ပတဲ့အစွမ်း ရှိပါသလဲ။ သင်ရဲ့ အရောင်အဆင်းကလည်း အရပ်မျက်နှာ အားလုံးကို ထွန်းလင်းတောက်ပစေလျက် တည်ရှိပါသလဲ။

မတ္တာ။ ။ ကျွန်မက မတ္တာပါ။ သင်က တိဿာ၊ ရှေးဘဝက သင်ရဲ့လင်တူမိန်းမ ဖြစ်ခဲ့ပါတယ်။ မကောင်းမှုကံကို ပြုခဲ့လို့ ဒီလူ့ဘုံက ပြိတ္တာဘုံကို ရောက်ရပါတယ်။ ကျွန်မဟာ သင်တိဿာ ပေးလှူတဲ့ အလှူကြောင့် ဘာဘေးမှမရှိဘဲ ဝမ်းမြောက်ရပါတယ်။ ညီမတိဿာ... သင်ဟာ ဆွေမျိုးအားလုံးနဲ့အတူ ကြာရှည်စွာ အသက်ရှည်ပါစေ။ သောကကင်းပြီး ချွေး၊ မြူအညစ်အကြေးကင်းရာ နတ်ဘုံဌာနသို့ ရောက်ပါစေ။ ဝသဝတ္တိနတ်တွေရဲ့ နေရာဘုံသို့ ရောက်ပါစေ။ တင့်တယ်တဲ့ ညီမတိဿာ... ဒီလူ့ပြည်လောကမှာ တရားကိုကျင့်ပြီး အလှူဒါနကို ပေးလှူကာ ဝန်တိုမှုအညစ်အကြေးကို အမြစ်ပါနုတ်ပြီး ချီးမွမ်းထိုက်တဲ့ နတ်ပြည်သို့ ကပ်ရောက်ပါလော။

http://www.dhammadownload.com



အဲဒီအခါ တိဿာက အဲဒီဖြစ်ပုံကို သူ့လင်သူကြွယ်အား ပြောပြပါတယ်။ သူကြွယ်က ရဟန်းတွေအား လျှောက်ပြပါတယ်။ ရဟန်းတွေက ဘုရားရှင်အား လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းအရာကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားကိုဟောပါတယ်။ အဲဒီတရားစကားကို ကြားနာရပြီး လူအများဟာ သံဝေဂရကာ နှမြောမှုစတဲ့ အညစ်အကြေးကို ပယ်ရှားပြီး ဒါန၊ သီလစသည်နဲ့ မွေ့လျော်ကြပါတယ်။ ဘဝကောင်းကို ရောက်ကြပါတယ်။ (ပေတဝတ္ထု၊ ၄၊ ၇၇)

ဒီဘဝမှာ အလုပ်ပုပ်၊ အပြောပုပ်၊ စိတ်ထားပုပ်တွေကို ထုတ်ယူသိမ်းဆည်း စုစည်းနေကြရင် သတ္တဝါတွေဟာ သံသရာမှာ အကျိုးပုပ်တွေကို ခံစားကြရပါတော့တယ်။ မတ္တာဟာ အလုပ်ပုပ်၊ အပြောပုပ်၊ စိတ်ထားပုပ်တွေကို ထုတ်ယူသိမ်းဆည်း စုစည်းခဲ့လို့ နောင်ဘဝမှာ အကျိုးပုပ်တွေကို ခံစားရပါတယ်။ တိဿာလို အလုပ်မွှေး၊ အပြောမွှေး၊ စိတ်ထားမွှေးတွေကို မတ္တာသာ ထုပ်ယူနိုင်ခဲ့မယ်ဆိုရင် အကျိုးမွှေးတွေကို ခံစားရပေလိမ့်မယ်။ အလုပ်မွှေး၊ အပြောမွှေး၊ စိတ်ထားမွှေးတဲ့ တိဿာကို မှီခိုခွင့်ရလို့ မတ္တာမှာ အကျိုးမွှေးတွေကို ရရှိသွားပါတယ်။

http://www.dhammadownload.com

# ကရုဏာရှင် အရှင်သာရိပုတ္တရာ

မဂဓတိုင်းမှာ ကူဋဒန္တကဝတီနဲ့ ဒီဃရာဇိဆိုတဲ့ ရွာငယ်နှစ်ရွာ ရှိတယ်၊ အဲဒီရွာငယ်နှစ်ရွာမှာ သံသာရမောစကဆိုတဲ့ အယူ မှားရှိသူတွေ များစွာနေကြတယ်။ ရှေးအခါကလည်း နှစ် ၅၀၀ ရဲ့အထက်မှာ မိန်းမတစ်ယောက်က အဲဒီကူဋဒန္တကဝတီ ရွာငယ်က သံသာရမောစကအမျိုးမှာ ဖြစ်တယ်။ အယူမှား ကြောင့် ပိုးကောင်၊ နှံကောင်များစွာကို သတ်ကာ ပြိတ္တာဘုံမှာ ဖြစ်တယ်။ အနှစ် ၅၀၀ ပတ်လုံး ဆာလောင်မွတ်သိပ်မှု ဆင်းရဲကို ခံစားကာ ဂေါတမဘုရား ပွင့်လာတဲ့အခါ တစ်ဖန် လည်း ကူဋဒန္တကဝတီရွာငယ်က သံသာရမောစကအမျိုးတစ်မျိုး မှာပဲ ဖြစ်တယ်။ ၁၇၊ ၁၈ နှစ်အရွယ်ရောက်တဲ့အခါ အခြား သူငယ်မတွေနဲ့အတူ ရထားငယ်နဲ့ ကစားနိုင်တဲ့အခါ အရှင် သာရိပုတ္တရာက အဲဒီရွာကိုပဲ အမှီပြုကာ အရုဏဝတီ ကျောင်းမှာ သီတင်းသုံးတယ်။ မထေရ်က တစ်နေ့မှာ ရဟန်း ၁၂ ပါးနဲ့အတူ အဲဒီရွာရဲ့တံခါးအနီးက လမ်းနဲ့ကျော်လွန်သွား တယ်။ အဲဒီခဏမှာ ရွာက ကလေးမများစွာဟာ ရွာမှထွက် ပြီး တံခါးအနီးမှာ ကစားကြရင်း ကြည်ညိုစိတ်ဖြစ်သွား ကြတယ်။ မိဘတွေရဲ့အကျင့်ကို ပြတဲ့အနေနဲ့ အဟုန်နဲ့

http://www.dhammadownload.com



လာပြီး အရှင်သာရိပုတ္တရာကိုရော၊ အခြားရဟန်းတွေကိုပါ တည်ခြင်းငါးပါးနဲ့ ရှိခိုးကြတယ်။ သဒ္ဓါမရှိတဲ့အမျိုးရဲ့ အဲဒီ သမီးက ကြာမြင့်စွာသောကာလပတ်လုံး ကုသိုလ်မှာ အလေ့ အကျင့်မရှိ။ သူတော်ကောင်းတွေရဲ့အကျင့်မှ ကင်းတယ်။ ရိုသေမှု မရှိ။ ကျက်သရေမရှိသလို ရပ်တည်တယ်။

အရှင်သာရိပုတ္တရာက အဲဒီအမျိုးသမီးရဲ့ ရှေးက အကျင့်ကိုရော၊ အခုသံသာရမောစကအမျိုးမှာ ဖြစ်တာကို ရော၊ နောင်အခါ ငရဲမှာဖြစ်ထိုက်တာကိုပါ မြင်ပြီး 'ဒီအမျိုး သမီးဟာ ငါ့ကိုရှိခိုးရင် ငရဲမှာ မဖြစ်လတ္တံ့၊ ပြိတ္တာဘုံတွေမှာ ဖြစ်ပြီးပေမယ့် ငါ့ကိုပဲမှီပြီး စည်းစိမ်ကို ရလိမ့်မယ်'လို့ သိလို့ သနားစိတ်က တိုက်တွန်းလို့ အဲဒီကလေးမတွေကို ပြောတယ်။

'သင်တို့က ရဟန်းတွေကို ရှိခိုးကြတယ်၊ ဒီကလေးမ ကတော့ ကျက်သရေမရှိသူလို ရပ်တည်နေတယ်'

အဲဒီအခါ သူမကို အဲဒီကလေးမတွေက လက်တွေ ကို ကိုင်ဆွဲငင်ကာ အတင်းပဲ မထေရ်ရဲ့ခြေတွေကို ရှိခိုးခိုင်း ကြတယ်။ သူမဟာ နောင်အခါ အရွယ်ရောက်တော့ ဒီဃ ရာဇိရွာငယ်က သံသာရမောစကအမျိုးမှာ အမျိုးသားတစ်ဦး အား အပေးခံရတယ်။ ကိုယ်ဝန်အရင့်အမာဖြစ်ပြီး သေသွား တော့ ပြိတ္တာဘုံမှာဖြစ်တယ်။ အဝတ်မပါ၊ ရုပ်ဆိုးတယ်။ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရတယ်။ အလွန်အကဲ အကြည့်

http://www.dhammadownload.com



ရဆိုးတယ်။ လှည့်လည်သွားရင်း အရှင်သာရိပုတ္တရာအား ကိုယ်ထင်ပြပြီး သင့်တင့်ရာအရပ်မှာ ရပ်တည်တယ်။ အဲဒီ ပြိတ္တာမကို မြင်ပြီး မထေရ်က မေးတယ်။

'အလွန်ကြုံလှီပြီး နှံရိုးပြိုင်းပြိုင်းထွက်နေတဲ့ မိန်းမ၊ သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်း သဏ္ဍာန်လည်း ရှိတယ်။ ကြုံလှီပြီး အကြောပြိုင်းပြိုင်း ထနေတဲ့ကိုယ်ရှိကာ ဒီအရပ်မှာ ရပ်တည်နေတဲ့သင်က ဘယ် သူလဲ'

အဲဒီစကားကို ကြားရပြီး ပြိတ္တာမက သူမကို သိစေ လိုလို့ ပြောပါတယ်။

'အရှင်ဘုရား... တပည့်တော်ဟာ ယမမင်းနိုင်ငံ ပြိတ္တာဘုံမှာ အကျုံးဝင်တဲ့ ဘဝဆိုးရှိသူ ပြိတ္တာမဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့ဘုံမှ ပြိတ္တာဘုံကို ရောက်ခဲ့ရ ပါတယ်'

တစ်ဖန် မထေရ်က အောက်ပါအတိုင်း မေးပါ တယ်။

'သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် ဒီလူ့ဘုံမှ ပြိတ္တာဘုံ ကို ရောက်ရပါသလဲ'

အဲဒီလို အမေးခံရတဲ့အခါ 'လှူလေ့မရှိဘဲ နှမြောလို့ တပည့်တော်ဟာ ပြိတ္တာဘုံမှာ ဖြစ်ကာ ဒီလိုကြီးကျယ်တဲ့

http://www.dhammadownload.com



ဆင်းရဲကို ခံစားနေရပါတယ်’လို့ ပြလိုလို့ အောက်ပါစကား တွေကို ပြိတ္တာမက ပြောပါတယ်။

‘အရှင်ဘုရား… သင်ဟာ ကြည်ညိုစိတ်နဲ့ သမဏ၊ ဗြာဟ္မဏတွေအား အလှူကို လှူလော့’လို့ တိုက်တွန်းကာ သံသရာအကျိုးနဲ့ ချီးမြှောက်တတ်တဲ့ မိဘ၊ ဆွေမျိုးတွေ တပည့်တော်မှာ မရှိခဲ့ပါ။ ဒီဘဝမှ လွန်ခဲ့တဲ့သုံးခုမြောက်ဘဝ မှာ တပည့်တော် ပြိတ္တာဘဝရောက်ခဲ့တာကို အဖန်ဖန်အမှတ် ရပြီး အခုအခါမှာလည်း ဒီလိုအဝတ်မပါ ကိုယ်ချည်းသာ ဖြစ်ကာ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရကာ အနှစ် ၅၀၀ ပတ်လုံး လှည့်လည်နေရပါတယ်။ အဲဒါဟာ မကောင်းမှု ကံရဲ့ အကျိုးပါပဲ။’

‘အရှင်ဘုရား… အရှင်ဘုရားကို ကြည်ညိုစိတ်နဲ့ တပည့်တော် ရှိခိုးပါတယ်။ ရဲရင့်ပြီး တန်ခိုးကြီးတဲ့ အရှင် ဘုရား… အရှင်ဘုရားဟာ တပည့်တော်ကို တမလွန်အကျိုးနဲ့ ချီးမြှောက်တော်မူပါ။ (တပည့်တော်ကို ရည်စူးပြီး သနားမှု ပြုတော်မူပါ) လှူဖွယ်တစ်ခုခုကို အလှူခံပုဂ္ဂိုလ်ကောင်း သမဏ၊ ဗြာဟ္မဏတွေအား လှူပြီး တပည့်တော်အား အမျှ ပေးဝေတော်မူပါ။ တပည့်တော်ကို ဘဝဆိုးမှလွတ်မြောက် အောင် လုပ်ပေးတော်မူပါ’

ပြိတ္တာမက အဲဒီလိုပြောလာတဲ့အခါ အရှင်သာရိပုတ္တ ရာက ဒီလိုဆောင်ရွက်ပေးပါတယ်။

http://www.dhammadownload.com



သနားစောင့်ရှောက်တတ်တဲ့ အရှင်သာရိပုတ္တရာဟာ ကောင်းပြီလို့ ဝန်ခံပြီး ရဟန်းတစ်ပါးအား ဆွမ်းတစ်လုတ်စာမျှ၊ တစ်လက်ဝါးမျှသော အဝတ်ပိုင်း၊ သောက်ရေခွက်ကို ပေးလှူပါတယ်။ အဲဒီပြိတ္တာမအား အလှူရဲ့အဖို့ကို ရည်ညွှန်း ပေးဝေတော်မူပါတယ်။ ရည်ညွှန်းပြီး လှူတဲ့အလှူရဲ့ အခြားမဲ့မှာ အကျိုးဖြစ်ပေါ်လာပါတယ်။ စားဖွယ်၊ အဝတ်၊ သောက်ရေတွေကို ရလာတာဟာ အလှူရဲ့အကျိုးပါပဲ။ အဲဒီပြိတ္တာမဟာ အဲဒီစားဖွယ်စသည်ကို ရပြီးနောက်မှာ စင်ကြယ်တဲ့ကိုယ်ရှိပါတယ်။ စင်ကြယ်တဲ့အဝတ် ရှိပါတယ်။ ကာသိတိုင်းဖြစ် အဝတ်ထက် ပိုကောင်းတဲ့အဝတ်ကို ဝတ်ထားပါတယ်။ ဆန်းကြယ်တဲ့ အဝတ်၊ အဆင်တန်ဆာကို ဝတ်ဆင်ထားပါတယ်။ သူမက အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပါတယ်။

အဲဒီအခါ အရှင်သာရိပုတ္တရာက အဲဒီပြိတ္တာမ ဣန္ဒြေတွေ ပြည့်ဖြိုး၊ အရေအဆင်း သန့်စင်၊ နတ်အဝတ်အဆင်တန်ဆာတွေကို ဝတ်ဆင်၊ ပတ်ဝန်းကျင်မှာ သူမရဲ့အရောင်အဝါနဲ့ ထွန်းလင်းစေကာ သူ့ထံလာပြီး ရပ်တည်နေတာကို မြင်သွားပါတယ်။ မျက်မှောက်အားဖြင့် ကံရဲ့အကျိုးကို သူမအား ထင်ရှားစေလိုလို့ အောက်ပါစကားတွေကို မိန့်ပါတယ်။

အရှင်သာရိပုတ္တရာ။ ။ အိုနတ်သမီး… သောက်ရှုးကြယ်ဟာ

http://www.dhammadownload.com



အရပ်မျက်နှာ အားလုံးကို ထွန်းလင်း
တောက်ပစေသလို သင်ဟာ အလွန်နှစ်
သက်ဖွယ် အရောင်အဆင်းနဲ့ အရပ်မျက်
နှာ အားလုံးကို ထွန်းလင်းစေလျက်
တည်နေတယ်။

သင်ဟာ ဘယ်ကုသိုလ်ထူးကြောင့်
ဒီလိုအရောင်အဆင်း ရှိပါသလဲ။ ဘယ်
ကုသိုလ်ထူးကြောင့် သင့်အား ဒီအရပ်မှာ
ကောင်းကျိုးပြည့်စုံနေပါသလဲ။ ဘယ်
ကုသိုလ်ထူးကြောင့် သင့်မှာ နှစ်သက်
ဖွယ် စည်းစိမ်အားလုံး ဖြစ်ပေါ်နေကြပါ
သလဲ။

တန်ခိုးကြီးတဲ့ နတ်သမီး... သင့်ကို
ငါမေးပါတယ်။ လူဖြစ်စဉ်က သင်ဟာ
ဘယ်ကုသိုလ်ထူးကို ပြုခဲ့ပါသလဲ။
ဘယ်ကုသိုလ်ထူးကြောင့် ဒီလိုတောက်ပ
တဲ့အစွမ်း ရှိပါသလဲ။ သင်ရဲ့အရောင်
အဆင်းကလည်း အရပ်မျက်နှာအားလုံး
ကို ထွန်းလင်းတောက်ပစေလျက် တည်
ရှိပါသလဲ။

အဲဒီလို မထေရ်က နောက်ထပ်အမေးခံရတဲ့အခါ

http://www.dhammadownload.com



အဲဒီပြိတ္တာမက အဲဒီစည်းစိမ်ကို ရခြင်းရဲ့အကြောင်း ထင်ရှား ပြလို့ အောက်ပါစကားတွေကို လျှောက်ပါတယ်။

ပြိတ္တာမ။ ။ ကြံ့လှိုပြီး ဖက်ရွက်ရော်လိုဖြစ်ကာ ဆာလောင်လျက် အဝတ်မပါ၊ ကိုယ်အရေအဆင်း ပျက်စီးကာ ဘဝဆိုး ရောက်နေတဲ့တပည့်တော်ကို လောကမှာ သနားကရုဏာရှိတဲ့ရဟန်းက မြင်ပါတယ်။ အဲဒီရဟန်းက ရဟန်းတစ်ပါးအား ဆွမ်းတစ်လုတ်စာမျှ၊ တစ်လက်ဝါးမျှ အဝတ်ပိုင်း၊ သောက်ရေတစ်ခွက်ကို ပေးလှူပြီး တပည့်တော်အား အလှူရဲ့အဖို့ကို ရည်ညွှန်းပေးဝေပါတယ်။

ဆွမ်းတစ်လုတ်ရဲ့အကျိုးကို ကြည့်ပါ။ တပည့်တော်ဟာ အနှစ်တစ်ထောင်ပတ်လုံး နတ်ထမင်း၊ အရသာများတဲ့ဟင်းကို အလိုရှိတိုင်း စားသောက်သုံးဆောင်ရပါတယ်။

တစ်လက်ဝါးမျှ အဝတ်ပိုင်းရဲ့အကျိုးကို ကြည့်ပါ။ နန္ဒမင်းရဲ့တိုင်းပြည်မှာရှိတဲ့ အဝတ်တွေထက် တပည့်တော်မရဲ့အဝတ်တွေက ပိုများပါတယ်။ ပိုးထည်၊

http://www.dhammadownload.com



ကမ္ဗလာအဝတ်ထည်၊ ခေါမထည်၊ ဝါချည်ထည်တွေဟာ အလျား၊ အနံအားဖြင့်လည်း ပြန့်ကျယ်ကြပါတယ်။ အဖိုးများစွာလည်း ထိုက်တန်ကြပါတယ်။ အဲဒီအဝတ်တွေဟာလည်း ကောင်းကင်မှာသာ တွဲရရွဲကျနေကြပါတယ်။ တပည့်တော်ဟာ စိတ်နှစ်သက်ရာရာအဝတ်ကို ဝတ်ဆင်ရပါတယ်။

သောက်ရေတစ်ခွက်ရဲ့အကျိုးကို ကြည့်ပါ။ ရေကန်တွေဟာ ရေသန့်ပြီး သဲဖြူတွေ ဝန်းရံနေကြပါတယ်။ ဆိပ်ကမ်းကောင်း ရှိကြပါတယ်။ အေးမြတဲ့ရေ ရှိကြပါတယ်။ မွှေးပျံ့သင်းကြိုင်လှိုင်တဲ့ ရနံ့ရှိကြပါတယ်။ ကောင်းစွာ ဖန်ဆင်းအပ်ပါတယ်။ နက်ကြပါတယ်။ လေးထောင့် ရှိကြပါတယ်။ ပဒုမ္မာကြာ၊ ဥပ္ပလကြာတွေနဲ့ ဖုံးလွှမ်းထားပါတယ်။ ရေရဲ့အထက်မှာ ကြာဝတ်ဆံတွေနဲ့ ဖုံးလွှမ်းလျက် ပြည့်နေကြပါတယ်။

အရှင်ဘုရား... တပည့်တော်ဟာ ဘယ်ဘေးရန်မှ မရှိဘဲ မွေ့လျော်ရပါ

http://www.dhammadownload.com



> တယ်။ မြူးထူးပျော်ပါးရပါတယ်။ ဝမ်း
> မြောက်ရပါတယ်။ လောကမှာ သနား
> ကရုဏာရှိတဲ့ အရှင်ဘုရားကို ရှိခိုးဖို့
> လာခဲ့ပါတယ်။

ပြိတ္တာမက အဲဒီလိုလျှောက်ထားပြီးတဲ့အခါ အရှင်သာရိပုတ္တရာက ကုဏ္ဍကဝတိနဲ့ ဒီဃရာဇိဆိုတဲ့ ရွာငယ် ၂ ရွာကလူတွေ သူ့ထံလာကြတော့ အဲဒီအကြောင်းကို အကျယ်အားဖြင့် ပြောပြတယ်။ သံဝေဂရစေပြီး သံသာရမောစကမကောင်းမှုမှ လွတ်မြောက်စေကာ ဥပါသကာအဖြစ်မှာ တည်စေပါတယ်။ အဲဒီဖြစ်ပုံဟာ ရဟန်းတွေထဲမှာ ထင်ရှားသွားပါတယ်။ အဲဒီအကြောင်းကို ဘုရားရှင်အား ရဟန်းတွေက လျှောက်ထားကြပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟောတယ်။ အဲဒီတရားဒေသနာဟာ လူအများအတွက် အကျိုးများပါတယ်။ (ပေတဝတ္ထု၊ ၄၊ ၆၂)

အရှင်သာရိပုတ္တရာသာ မကယ်တင်ရင် အဲဒီပြိတ္တာဘဝက စားဝတ်နေရေး ဆက်လက်ဆင်းရဲနေမှာပါပဲ။ သူတော်ကောင်းကို အမှီပြုရတဲ့အတွက် ဆင်းရဲတွင်းမှ လွတ်ခဲ့ရပါတယ်။ သူတော်ကောင်းတွေနဲ့ ဆက်စပ်ရမှုဟာ အကျိုးကြီးမားလှပါတယ်။ ပညာရှိသူတော်ကောင်းတွေဟာ ဆင်းရဲ

http://www.dhammadownload.com



ဒုက္ခရောက်နေသူတွေကို ချမ်းသာသုခရလာအောင် ဆောင်ရွက်ပေးတော်မူတတ်ကြပါပေတယ်။ အရှင်သာရိပုတ္တရာရဲ့ ပညာနဲ့ ကရုဏာဟာ ဒီပြဿနာမအတွက် ဧရာမအားကိုးရာကြီး ဖြစ်ပါပေတယ်။

## ကျိန်စာသင့်သူ

သာဝတ္ထိမြို့အနီး ရွာငယ်က သူကြွယ်တစ်ဦးမှာ မြုံနေတဲ့ မယားရှိတယ်။ အဲဒီသူကြွယ်ရဲ့ဆွေမျိုးတွေက 'သင်ရဲ့မယားက မြုံနေတယ်။ သင့်အတွက် အခြားသတို့သမီးကို ဆောင်ယူကြမယ်'လို့ ပြောကြတယ်။ သူကြွယ်က သူ့မယားအပေါ် ချစ်လို့အလိုမရှိ။ အဲဒီအခါ သူ့မယားက အဲဒီဖြစ်ပုံကို ကြားရပြီး 'အို အရှင်... ကျွန်မက မြုံနေပါတယ်။ အခြားသတို့သမီးကို ဆောင်ယူထိုက်ပါတယ်။ သင်ရဲ့အမျိုးအနွယ် မပြတ်စဲပါစေနဲ့'လို့ ပြောတယ်။ မယားက အထပ်ထပ်ပြောလာတဲ့အခါ အခြားသတို့သမီးကို သူကြွယ်က ဆောင်ယူလိုက်ပါတယ်။ အဲဒီသတို့သမီး (မယားငယ်) ဟာ နောင်အခါမှာ ကိုယ်ဝန်ရလာတယ်။ အမြုံမိန်းမ (မယားကြီး)က 'ဒီမိန်းမဟာ သားကိုရပြီး ဒီအိမ်ရဲ့အစိုးရသူ ဖြစ်သွားလိမ့်မယ်'လို့ တွေးကာ မနာလိုဖြစ်ပြီး မယားငယ်ရဲ့ ကိုယ်ဝန်ဖျက်တဲ့နည်းကို ရှာမှီးတဲ့အခါ ပရိဗိုဇ်မတစ်ယောက်

http://www.dhammadownload.com



ကို ထမင်း၊ ဖျော်ရည်စသည်တွေနဲ့ သိမ်းသွင်းကာ အဲဒီ ပရိဗိုဇ်မကို အဲဒီမယားငယ်အား ကိုယ်ဝန်ကျဆေး ပေးစေ ပါတယ်။

မယားငယ်ဟာ ကိုယ်ဝန်ကျပြီးတဲ့အခါ သူမရဲ့မိခင် အား ပြောပြတယ်။ မိခင်က သူ့ဆွေမျိုးတွေကို ပေါင်းစုပြီး အဲဒီအကြောင်းကို အသိပေးတယ်။ အဲဒီဆွေမျိုးတွေက အမြဲမကို 'သင်ဟာ ဒီမိန်းမရဲ့ကိုယ်ဝန်ကျအောင် လုပ် သလား'လို့ မေးကြတယ်။

'ကျွန်မ မကျစေပါ'

'သင်၊ ကိုယ်ဝန်မဖျက်ဆီးခဲ့ရင် ကျိန်စာဆိုပါ'

'ငါဟာ ကိုယ်ဝန်ဖျက်ဆီးခဲ့ရင် ဘဝဆိုးကို ရောက် ကာ ဆာလောင်မွတ်သိပ်မှု နှိပ်စက်ခံရပြီး ညနေပိုင်းရော နံနက်ပိုင်းမှာ သား ၅ ယောက် ၅ ယောက်တို့ကို ဖွားမြင်ပြီး ခဲစားကာ မတင်းတိမ်ရပါစေသား။ အမြဲ အနံ့ဆိုးကာ ယင် ကောင်တွေလည်း အဝိုင်းခံရပါစေသား'

အဲဒီလိုလိမ်ပြောပြီး ကျိန်စာဆိုပါတယ်။ မယားကြီး ဟာ မကြာခင်ပဲ သေပြီး အဲဒီရွာရဲ့အနီးမှာပဲ ရုပ်ဆိုးတဲ့ပြိတ္တာမ ဖြစ်တယ်။ အဲဒီအခါ ဇနပုဒ်မှာ ဝါကျွတ်အောင် နေပြီးတဲ့ မထေရ် ၈ ပါးက ဘုရားရှင်ကို ဖူးမြော်ဖို့ သာဝတ္ထိမြို့ကို လာကြတယ်။ အဲဒီရွာရဲ့အနီးမှာ အရိပ်၊ ရေနဲ့ပြည့်စုံတဲ့ တောအရပ်မှာ ဝါကပ်ကြတယ်။ အဲဒီအခါ အဲဒီပြိတ္တာမက

http://www.dhammadownload.com



မထေရ်တွေအား ကိုယ်ထင်ပြတယ်။ အဲဒီမထေရ်တွေထဲက မထေရ်ကြီးက အဲဒီပြိတ္တာမကို မေးပါတယ်။

'သင်ဟာ အဝတ်လည်းမပါ၊ စက်ဆုပ်ရွံရှာဖွယ် အဆင်းသဏ္ဌာန်လည်းရှိတယ်။ မကောင်းနံ့ရှိတယ်။ သင့်ကိုယ်က အပုပ်နံ့ နံတယ်။ ယင်ကောင်တွေနဲ့ ဝိုင်းအုံနေတယ်။ ဒီအရပ်မှာ ရပ်တည်နေတဲ့သင်က ဘယ်သူလဲ'

မဟာထေရ်က အမေးခံရတဲ့အခါ ပြိတ္တာမက သူ့ကိုယ်ကို ထင်ရှားပြရင်း သတ္တဝါတွေအား သံဝေဂဖြစ်စေလိုလို့ အောက်ပါအတိုင်း ပြောပါတယ်။

'အရှင်ဘုရား... တပည့်တော်မဟာ ယမမင်းနိုင်ငံ ပြိတ္တာဘုံမှာ အကျုံးဝင်ပါတယ်။ ဘဝဆိုးရောက်နေတဲ့ ပြိတ္တာမ ဖြစ်ပါတယ်။ မကောင်းမှုကံကို ပြုမိခဲ့လို့ ဒီလူ့လောကမှ ပြိတ္တာလောကကို ရောက်နေရပါတယ်။ တပည့်တော်မဟာ နံနက်ပိုင်းမှာ သား ၅ ယောက်၊ တစ်ဖန် ညနေပိုင်းမှာ သား ၅ ယောက်တို့ကို နေ့တိုင်း နေ့တိုင်း ဖွားမြင်ပြီး အဲဒီသားတွေကို ခဲစားရပါတယ်။ အဲဒီသား ၁၀ ယောက်ကတောင်မှ တပည့်တော်မရဲ့ တစ်နေ့တာ ဆာလောင်မွတ်သိပ်မှုကို မပယ်ဖျောက်နိုင်ပါ။ တပည့်တော်ရဲ့ နှလုံးသားဟာ ဆာလောင်မွတ်သိပ် နှိပ်စက်ခံရလို့ ပူလောင်လှပါတယ်။ အခိုးတထောင်းထောင်းထသလို ဖြစ်ပါတယ်။ ရေဆာလို့ ဟိုဟိုဒီဒီလှည့်လည်တဲ့အခါ ရေကိုတောင်

http://www.dhammadownload.com



မသောက်ရပါ။ ဆင်းရဲပျက်စီးခြင်းသို့ ရောက်နေတဲ့ တပည့်တော်ကို ကြည့်ရှုတော်မူပါ'

အဲဒီစကားကို ကြားရပြီး မထေရ်က သူမရဲ့ ပြုလုပ်ခဲ့တဲ့ကံကို မေးပါတယ်။

'သင်ဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်မကောင်းမှုကို ပြုလုပ်ခဲ့ပါသလဲ။ ဘယ်ကံရဲ့အကျိုးကြောင့် မွေးဖွားလာတဲ့ သားတွေရဲ့အသားတွေကို စားရပါဘိသလဲ'

အဲဒီအခါ အဲဒီပြိတ္တာမက သူပြုလုပ်ခဲ့တဲ့ကံကို မထေရ်အား ပြောပြပါတယ်။

'အရှင်ဘုရား… တပည့်တော်ရဲ့လင်တူမိန်းမဟာ ကိုယ်ဝန် ရှိခဲ့ပါတယ်။ အဲဒီလင်တူမိန်းမအပေါ် ယုတ်မာတဲ့အမှုကို အားထုတ်ခဲ့ပါတယ်။ တပည့်တော်မဟာ ဒေါသစိတ်နဲ့ ကိုယ်ဝန်ကျအောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီလင်တူမိန်းမရဲ့ နှစ်လရှိကိုယ်ဝန်ဟာ ပျက်ပြီး သွေးဖြစ်ကာ ယိုစီးကျလာပါတယ်။ အဲဒီအခါမှာ အဲဒီလင်တူမိန်းမရဲ့မိခင်က တပည့်တော်မကို အမျက်ထွက်ပြီး သူ့ဆွေမျိုးတွေကို စုဝေးစေပါတယ်။ တပည့်တော်မကို ကျိန်စာလည်း ဆိုခိုင်းပါတယ်။ ကြောက်ဖွယ်ဘေးနဲ့လည်း ခြိမ်းခြောက်ပါတယ်။ တပည့်တော်မဟာ 'အဲဒီကိုယ်ဝန်ချတာကို ကျွန်မပြုမိခဲ့ရင် ကျွန်မ သားတွေရဲ့ အသားတွေကို ခံစားရပါစေသား'လို့ ကြမ်းတမ်းတဲ့ကျိန်စာကိုရော၊ မုသားစကားကိုပါ ပြောဆိုခဲ့ပါတယ်။

http://www.dhammadownload.com



အဲဒီကိုယ်ဝန်ချတဲ့ ပါဏာတိပါတကံနဲ့ မုသားစကားပြောတဲ့ မုသာဝါဒကံ နှစ်မျိုးရဲ့အကျိုးကြောင့် ပြည်သွေးတွေနဲ့ လိမ်းကျံတဲ့ သားတွေရဲ့အသားတွေကို ခံစားခဲ့ရပါတယ်'

အဲဒီပြိတ္တာမက အဲဒီလို သူ့ကံအကျိုးကို ပြောပြပြီး တစ်ဖန် မထေရ်တွေကို ဒီလိုလျှောက်ထားပါတယ်။

'အရှင်ဘုရားတို့... တပည့်တော်ဟာ အဲဒီရွာမှာပဲ ဒီအမည်ရှိ သူကြွယ်ရဲ့မယားဖြစ်ကာ မနာလိုမှု နှိပ်စက်ခံရလို့ မကောင်းမှုကို လုပ်ပြီး ဒီလိုပြိတ္တာဘုံမှာ ဖြစ်နေပါတယ်။ တောင်းပန်ပါတယ် ဘုရား။ အဲဒီသူကြွယ်ရဲ့အိမ်ကို ကြွတော်မူကြပါ။ သူက အရှင်ဘုရားတို့အား အလှူကို လှူပါလိမ့်မယ်။ အဲဒီအလှူကို တပည့်တော်အား အမျှပေးဝေခိုင်းတော်မူကြပါ။ အဲဒီလိုလုပ်ရင် တပည့်တော်ဟာ ဒီပြိတ္တာဘဝမှ လွတ်ရပါလိမ့်မယ်'

မထေရ်တွေက အဲဒီစကားကို ကြားရပြီး သူမကို သနားတဲ့အတွက် ကယ်တင်လိုကြလို့ အဲဒီသူကြွယ်ရဲ့အိမ်ကို ဆွမ်းခံဝင်ကြတယ်။ သူကြွယ်က မထေရ်တွေကို မြင်ရပြီး ကြည်ညိုကာ ခရီးဦးကြိုဆိုတယ်။ သပိတ်တွေကို ယူပြီး မထေရ်တွေကို နေရာတွေမှာ ထိုင်စေကာ မွန်မြတ်တဲ့စားဖွယ်နဲ့ ဆွမ်းကျွေးဖို့ ကြိုးစားတယ်။ မထေရ်တွေက အဲဒီဖြစ်ပုံအကြောင်းကို သူကြွယ်အား ပြောပြပြီး အဲဒီအလှူကို အဲဒီပြိတ္တာမအား အမျှပေးဝေစေကြပါတယ်။ အဲဒီခဏမှာပဲ

http://www.dhammadownload.com



အဲဒီပြိတ္တာမဟာ အဲဒီဆင်းရဲမှုလွတ်ကင်းကာ မြင့်မြတ်တဲ့ စည်းစိမ်ကိုရပြီး ညအခါမှာ သူကြွယ်အား ကိုယ်ထင်ပြတယ်။ အဲဒီအခါ မထေရ်တွေက အစဉ်အတိုင်း သာဝတ္ထိမြို့ကို သွားပြီး ဘုရားရှင်အား အဲဒီအကြောင်းကို လျှောက်ထားကြတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို အကြောင်းပြုပြီး ရောက်လာတဲ့ပရိသတ်အား တရားဟောတယ်။ တရားဒေသနာ အဆုံးမှာ လူအများဟာ သံဝေဂရကာ နှမြောဝန်တိုမှုမှ ရှောင်ကြဉ်ကြတယ်။ အဲဒီလို အဲဒီတရားဒေသနာဟာ လူအများမှာ အကျိုး များတယ်။

(ပေတဝတ္ထု၊ ၄၊ ၃၀)

မဟုတ် မမှန်တာကို ပြောပြီး ကျိန်စာဆိုတာဟာ ကြောက်စရာကောင်းလှပါတယ်။ ကျိန်စာသင့်တဲ့အခါ ခံစားရတဲ့ဒုက္ခဟာ မသက်သာလှပါ။ မထေရ် ၈ ပါးနဲ့ သူ့လင်သားသာ သူတော်ကောင်းစိတ်မရှိခဲ့ရင် သူမရဲ့ဘဝဟာ ဒုက္ခပင်လယ်ဝေနေပါလိမ့်မယ်။ သံဝေဂယူဖွယ် ကောင်းလှပါတယ်။

## သင်္ကန်းအမျိုးမျိုး

ရဟန္တာပုဂ္ဂိုလ်တို့၏ တံခွန်အလံသဖွယ်ဖြစ်သော သင်္ကန်း၊ ရသေ့သင်္ကန်းထက်မြတ်သော သင်္ကန်း၊ သာသနာတော်သုံး

http://www.dhammadownload.com



သင်္ကန်းသည် ရဟန်း၊ သာမဏေတို့ဝတ်ရုံ သုံးဆောင်သည့် အဝတ်အထည်ဖြစ်သည်။ အပ်စပ်သောသင်္ကန်းဖြစ်ရန် ချည်အမျိုးအစားကိုလိုက်၍ 'ခုံချည် (ပိုက်ဆံချည်)ဖြင့် ရက်အပ်သော သင်္ကန်း၊ ဝါချည်ဖြင့် ရက်အပ်သောသင်္ကန်း၊ ပိုးချည်ဖြင့်ရက်အပ်သောသင်္ကန်း၊ သိုးမွေးဖြင့်ရပ်အပ်သော သင်္ကန်း၊ သျှမ်ချည်ဖြင့် ရက်အပ်သောသင်္ကန်း၊ ချည်အမျိုးမျိုးရော၍ ရက်အပ်သောသင်္ကန်း'ဟူ၍ သင်္ကန်း ၆ မျိုး ရှိသည်။

(ဝိ၊ ၃။ ၃၉၄။ ဇူဠနိ၊ ၄က ၁၀။ ခုဒ္ဒကသိက္ခာ၊ ၃၀)

ထို့အပြင် ဘွဲ့ဖြူသင်္ကန်း၊ ပဋ္ဌုဏ္ဏအရပ်၌ဖြစ်သော သင်္ကန်း၊ သောမာရအရပ်၌ဖြစ်သော သင်္ကန်း၊ စိန့်တိုင်း၌ဖြစ်သောသင်္ကန်း၊ တန်ခိုးကြောင့်ဖြစ်သော သင်္ကန်း၊ နတ်တို့လှူသော သင်္ကန်းဟု ရှေ့သင်္ကန်း ၆ မျိုးအားလျော်သော သင်္ကန်း (အနုလောမစီဝရ) အားဖြင့် ၆ မျိုး ရှိသည်။

(ဇူဠနိ၊ ၄၊ ၁၁၀။ ခုဒ္ဒသိက္ခာ၊ ၃၁။ သာရတ္ထ၊ ၂၊ ၃၈၅။ သာရတ္ထ ၃၊ ၃၃၃။ ဝိနယဝိနိစ္ဆယ ၄၅၁-၂။ ၎င်းဋီ ၅၅၁-၂)

ထို ၆ မျိုးကို အနုလောမသင်္ကန်းဖြစ်သောကြောင့် သီးခြားမဟော၊ သင်္ဂါယနာတင်မထေရ်တို့ အနုလောမအဖြစ်ဖြင့် ခွင့်ပြုအပ်သောသင်္ကန်းတို့ ဖြစ်သည်။

(ဝိ၊ ၄၊ ၃၊ ၃၈၅)

ခါးဝတ်သင်္ကန်း (သင်းပိုင်)၊ ကိုယ်ရုံသင်္ကန်း (ဧကသီ)၊ ၂ ထပ်သင်္ကန်း၊ သင်္ကန်းကြီး (ဒုကုဋ္ဌ)၊ မိုးရေခံ

http://www.dhammadownload.com



သင်္ကန်း (ရေသနုပ်)၊ ထိုင်သောအခါ အသုံးပြုသောသင်္ကန်း နေရာထိုင် (နိသီဒိုင်)၊ အိပ်ရာခင်းသင်္ကန်း၊ အမာ (အနာ) လွှမ်းသင်္ကန်း၊ မျက်နှာသုတ်သင်္ကန်း မျက်နှာသုတ်ပဝါ၊ ရေ့ ၈ မျိုးမှတစ်ပါး ရေစစ်၊ သပိတ်အိတ်စသည် ဝိကပ္ပနာ လောက်သော အသုံးအဆောင်ဖြစ်သော အဝတ်အထည် (ပရိက္ခာရစောဠ) ဟု အမည်အားဖြင့် ၉ မျိုးရှိသည်။

(ဝိ၊ ၃၊ ၄၁၁)

ထို ၉ မျိုးတို့တွင် သင်းပိုင်၊ ကိုယ်ရုံ၊ ၂ ထပ်သင်္ကန်း ၃ ထည်တို့သည် မူလသင်္ကန်းများဖြစ်သည်။ ကျန် ၆ မျိုးတို့ကား နောက်ထပ်ခွင့်ပြုသောသင်္ကန်းများ ဖြစ်သည်။ ထို ၆ မျိုးတို့တွင် မိုးရေခံသင်္ကန်းကို သင်္ကန်းမပါ ဗလာကိုယ် တည်း မိုးရေခံ (မိုးရေချိုး) ကြသောရဟန်းတို့ကို အကြောင်း ပြု၍ ဝိသာခါ၏လျှောက်ထား တောင်းပန်မှုကြောင့် ခွင့်ပြု တော်မူသည်။ (ဝိ၊ ၃၊ ၄၀၆)

နေရာထိုင် (နိသီဒိုင်) သင်္ကန်းကို ရဟန်းအများကို အကြောင်းပြု၍ 'ကိုယ်ကိုစောင့်ရှောက်ခြင်း (ကာယဂုတ္တိ) သင်္ကန်းကို စောင့်ရှောက်ခြင်း (စီဝရဂုတ္တိ) ကျောင်းအိပ်ရာ နေရာကို စောင့်ရှောက်ခြင်း (သေနာသနဂုတ္တိ) အကျိုး' ငှာ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၁၀)

အိပ်ရာခင်းသင်္ကန်းကို နေရာထိုင်ငယ်နေ၍ မခင်း လောက်သောကြောင့် ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၁၀)။

http://www.dhammadownload.com



အမာလွှမ်းသင်္ကန်းကို အရှင်ဗေလဋ္ဌသီသအား 'ဝဲကြီးနာ' စွဲသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၁၀)။ မျက်နှာသုတ်သင်္ကန်းကို ဝိသာခါ လှူဒါန်းသည်ကို အကြောင်းပြု၍ ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၁၀)။ ပရိက္ခရာစောဠကို ရေစစ်၊ သပိတ်အိတ်စသည် လိုနေသောကြောင့် ခွင့်ပြုတော်မူသည်။ (ဝိ၊ ၃၊ ၄၁၀)

ထို့ပြင် 'ဥတုလာသောရဟန်းမတို့ သုံးဆောင်ရန် ခွင့်ပြုသော ဥတုနီးသင်္ကန်း၊ ညှပ်ရိုးအောက်၊ ချက်အထက် အရပ်ကို ဖုံးလွှမ်းရန် ခွင့်ပြုသော ရင်လွှမ်းသင်္ကန်း'ဟု ရဟန်းမတို့သာ သုံးဆောင်နိုင်သောသင်္ကန်း နှစ်မျိုးရှိသေးသည်။ (ဝိ၊ ၂၊ ၃၉၉၊ ၄၆၁)။ ရဟန်းမတို့သည် သင်းပိုင်၊ ဧကစီ၊ ၂ ထပ်သင်္ကန်း၊ ရေသနုပ်သင်္ကန်း ရင်လွှမ်းသင်္ကန်း ၅ ထည်ကို ၅ ရက် တစ်ကြိမ် ပြောင်းလဲသုံးဆောင်ရသည်။ (ဝိ၊ ၂၊ ၃၇၀)

သမန်းမြက်သင်္ကန်း၊ လျှော်သင်္ကန်း၊ ပျဉ်ချပ်သင်္ကန်း၊ လူတို့၏ဆံပင်ဖြင့် ရက်အပ်သောသင်္ကန်း၊ သားမြီးဖြင့် ရက်အပ်သော သင်္ကန်း၊ သစ်နက်ရေသင်္ကန်း၊ မရိုးမျှင်ဖြင့် ရက်အပ်သော သင်္ကန်း၊ သင်ပန်းမျှင်ဖြင့် ရက်အပ်သောသင်္ကန်း၊ သားရေသင်္ကန်း၊ သစ်သား၊ သစ်ခေါက်၊ သစ်ခွံဖြင့် ပြုအပ်သော သင်္ကန်း၊ နွယ်ဖြင့်ပြုအပ်သော သင်္ကန်း၊ ငှက်ပျောလျှော်ဖြင့် ပြုအပ်သောသင်္ကန်း၊ ဝါးဖြင့် ပြုအပ်သောသင်္ကန်း'

http://www.dhammadownload.com



စသည်တို့ကား ရဟန်းသာမဏေများ မဝတ်ရုံ၊ မသုံးဆောင် ကောင်းသော သက်န်းများ ဖြစ်ကြသည်။

(ဝိ၊ ၃၊ ၄၂၁။ စူဠနိ၊ ၄၊ ၁၁၀)

တစ်နည်းအားဖြင့် အလုံးစုံ ညို၊ ရွှေ၊ နီ၊ မောင်း၊ မည်းနက်သော သင်္ကန်း၊ ကင်းခြေများကျောကုန်းအဆင်းရှိ သင်္ကန်း၊ ဖက်ရွက်ရော် (ပဒုမ္မာကြာ) အဆင်းရှိသော သင်္ကန်း၊ မပြတ်သော အမြိတ်အဆာရှိသော သင်္ကန်း၊ သင်တိုင်း (အင်္ကျီကိုယ်ကျပ်) လျှော်တေသင်္ကန်းဟု မသုံးကောင်းသော သင်္ကန်း ၁၃ မျိုး ရှိသည်။ (ဝိ၊ ၃၊ ၄၂၂။ ဝိ၊ ၄၊ ၄၅၉)

ခိုးသူလုယက်၍ သင်္ကန်းမရှိဖြစ်နေက မအပ်သော သင်္ကန်းအားလုံး အသုံးပြုနိုင်၏။

(ခုဒ္ဒသိက္ခာ၊ ၅၇။ ခုဒ္ဒသိက္ခာ၊ ဋီ၊ ဟောင်း ၅၇။ ခုဒ္ဒသိက္ခာ၊ ဋီ၊ သစ်၊ ၅၇)

## သင်္ကန်းချုပ်ပုံ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့မှ ဒက္ခိဏာဂိရိဇနပုဒ်သို့ ကြွစဉ် အစ္စိဗဒ္ဓ လေးထောင့်လယ်၊ ပါဠိဗဒ္ဓ လယ်လျှား ရှည် (လယ်ရှည်)၊ မရိယာဗဒ္ဓ အကြားအကြား၌ ကံသင်းဖွဲ့ အပ်သော လယ်၊ သိင်္ဃာဋကဗဒ္ဓ လေးထောင့်အကွက် အကွက်ဖွဲ့အပ်သော လယ်တို့ကို ရှင်အာနန္ဒာအား ညွှန်ပြ၍

http://www.dhammadownload.com



ထိုလယ်တို့၏ ပုံသဏ္ဌာန်နှင့်တူစွာ သင်္ကန်းချုပ်စေတော်မူ၏။ ရှင်အာနန္ဒာသည် ကုသိ၊ မူလအနားပတ်ရှည်၊ ထပ်တင်သောအနားပတ်ရှည်၊ တလုတ်မြောင်းရှည်၊ အာဓုကုသိ မူလအနားပတ်တို၊ ထပ်တင်သော အနားပတ်တို၊ တလုတ်မြောင်းတို၊ မဏ္ဍလ ၅ ခန်းရှိသော သင်္ကန်း၏ တစ်ခန်းတစ်ခန်း၌ အခန်းကြီး ၅ ခန်း၊ အဍ္ဎမဏ္ဍလ၊ ၅ ခန်းရှိသော သင်္ကန်း၏ တစ်ခန်းတစ်ခန်း၌ အခန်းငယ် ၅ ခန်း၊ ဝိဝဋ္ဋ ခေါင်စပ် ခေါင်ခန်း၊ အနုဝိဝဋ္ဋ၊ ခေါရန်း ၂ စပ်၊ ဗာဟန္တ=လက်လိပ် ၂ စပ် (တစ်နည်းအားဖြင့် ခေါင်ရန် ၄ စပ်ကို အနုဝဋ္ဋသင်္ကန်းရုံရာ လက်လိပ်ပြင်ဘက်ကျသော အစွန်း ၂ ခုကို ဗာဟန္တဟု ခေါ်သေးသည်။) ဂီဝေယျက (ကြာရှည်ခိုင်ခံ့စေခြင်းငှာ) အနားပတ်အပြင် လည်ပင်းနေရာ၌ ထပ်အပ်သောအထပ်အလွှာ၊ ဇင်္ဃေယျက ခြေသလုံးနေရာ၌ ထပ်အပ်သော အထပ်အလွှာတို့ဖြင့် စီစဉ်၍ သင်္ကန်းချုပ်တော်မူသည်။ (ဝိ၊ ၃၊ ၄၀၀-၁။ ဝိ ဋ္ဌ၊ ၃၊ ၄၀၈-၉။ ဝိနယဝိနိစ္ဆယ၊ ၅၆၃-၄။ ၎င်းဋီ ၅၆၃-၄။ ဝိနယလင်္ကာရ ၂၊ ၃၇၈)။ ၂ ထပ်သင်္ကန်း၌ ထပ်တင်အပ်သော အပိုအထပ်အလွှာကို ဂီဝေယျ၊ ဇင်္ဃေယျကဆိုသည်၊ ထိုအပို အထပ်အလွှာကို ဝိမတိဆရာတို့ လက်ထက်ကပင် မပြုလုပ်ကြတော့။ (ဝိမတိ၊ ၂၊ ၁၉၈)

ရှင်အာနန္ဒာ ရွာထဲသို့ ဆွမ်းခံဝင်စဉ် လေကြောင့် သင်္ကန်းလွင့်သည်ကို အကြောင်းပြု၍ ဂဏ္ဌိက၊ ကမ္ပတ်သီး

http://www.dhammadownload.com



ကမွတ်ကွင်း၊ ဂဏ္ဍိကဖလက ကမွတ်သီးအိမ်၊ ပါသက ဖလက ကမွတ်ကွင်းအိမ်တို့ကို ခွင့်ပြုတော်မူသည်။ (ဝိ၊ ၄၊ ၂၇၇။ ဝိဋ္ဌ၊ ၁၊ ၂၅၂။ ဝဇိရ၊ ၅၂၄။) ဒကသိဥ္ဒ အယုတ်ဆုံးအားဖြင့် အလျား ၅ တောင်တောင်ဆုပ်၊ အနံ ၃ တောင်တောင်ဆုပ်၊ အကြီးဆုံးအားဖြင့် မြတ်စွာဘုရား၏ သင်္ကန်းတော် ပမာဏရှိရသည်။ သင်းပိုင်ဥ္ဒ အနံ ၂ တောင်ထွာ၊ သို့မဟုတ် ၂ တောင် ပမာဏသာ ထူးသည်။ (ဝိဋ္ဌ၊ ၂၊ ၂၂၆။ ကခ်ါ၊ ၁၅၃-၄။ ခုဒ္ဒသိက္ခာ၊ ၃၇-၈။ ဝိနယဝိနစ္ဆယ ၅၅၆-၇-၈)။ သင်္ကန်းဥ္ဒ အယုတ်ဆုံးအားဖြင့် ၅ ပိုင်း ၅ ခန်း ဖြတ်ရသည်။ လုံးဝမဖြတ်သောသင်္ကန်း၊ ၂ ဖြတ်၊ ၃ ဖြတ်၊ ၄ ဖြတ်။ ဖြတ်သောသင်္ကန်းများ မအပ်။

(ဝိ၊ ၃။ ၃၅၃၊ ၄၀၁။ ဝိဋ္ဌ၊ ၃၊ ၃၉၂)။

## သင်္ကန်းနဲ့ ရဟန္တာ

သင်္ကန်းသည် အဝတ်အားလုံးတွင် အမြတ်ဆုံးဖြစ်သည်။ လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ယုတ်ညံ့သောလူ့အသွင်ဖြင့် မြင့်မြတ်သော အရဟတ္တဖိုလ်ကို မဆောင်နိုင် မရနိုင်။ ရဟန္တာဖြစ်သောနေ့မှာပင် ရဟန်းမူလည်းပြုရ၏။ ရဟန်းမပြုလျှင်ကား ပရိနိဗ္ဗာန်စံရ၏။ နတ်ဘဝဖြင့် အနာဂါမ် ရဟန္တာဖြစ်သော ကာမာဝစရနတ်တို့လည်း တောတောင်

http://www.dhammadownload.com



စသော ဆိတ်ငြိမ်ရာအရပ်မရှိသောကြောင့် တစ်ခဏမျှ မတည်တံ့နိုင်။ ဘုမ္မစိုးနတ်တို့ကား တောတောင်စသော ဆိတ်ငြိမ်ရာအရပ်ရှိသောကြောင့် ရဟန္တာအဖြစ်ဖြင့် တည်တံ့နိုင်၏။

(ဒီ၊ ဋ္ဌ၊ ၄၊ ၉၇။ မ၊ ဋ္ဌ၊ ၃။ ၁၃၆-၇။ ဒီ၊ ဋီ၊ ၃၊ ၉၃။ မ၊ ဋီ၊ ၃။ ၉၁။ အံ၊ ဋီ၊ ၃၊ ၂၈၅)။

## လူ့အနာဂါမ်နဲ့ ပုထုဇဉ်သာမဏေ

ရှေးဦးစွာ သောတာပန်ဖြစ်သောလူအား နောက်မှ သောတာပန်ဖြစ်သော ရဟန်းက အရိုအသေပြုမှုစသည်ကို ပြုသင့်သည်ဟု ပြောကြားသော သာကီနွယ်ဆွေတော်မျိုးတော်တို့ စကားကို မြတ်စွာဘုရားက 'အမျိုးဇာတ်၊ ပူဇော်ထိုက်သော အကြောင်း၊ အသွင်ပုံဟန် တခြားစီဖြစ်သည်။ အကျင့်အားဖြင့် အဆင့်အတန်းမြင့်သော်လည်း အနာဂါမ် လူပုဂ္ဂိုလ်က သင်္ကန်းတန်ခိုးကြောင့် ယနေ့ဖြစ်စ ပုထုဇဉ်ရှင်သာမဏေကိုပင် အရိုအသေပြုရသည်။ လူသောတာပန်နှင့် ရဟန်းသောတာပန် နှိုင်းစာမရ၊ ရဟန်းသောတာပန်က အရဟတ္တဓဇ ရဟန္တာအလံသင်္ကန်းကြောင့် လူသောတာပန်ထက်သာလွန်၍ မြင့်မြတ်လှတော့သည်'ဟု မိန့်တော်မူသည်။

(သုတ္တနိ၊ ဋ္ဌ၊ ၁။ ၂၆၁-၂)

http://www.dhammadownload.com



## မစင်ပေ သင်္ကန်း

လမ်းခရီး၌ စွန့်ပစ်ထားသော မစင်လိမ်းကျံသောသင်္ကန်းကို ပင် လက်အုပ်ချီမိုး ရှိခိုးအပ်၏။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့ ဘုရားရှင်တို့သည် ဤသင်္ကန်းဖြင့် ကိလေသာခပ်သိမ်း ကင်း ငြိမ်း စင်ကြယ်ကြသောကြောင့် ဖြစ်သည်။

(အပ၊ ၁၊ ၅၂။ အပ၊ ဋ္ဌ၊ ၁၊ ၃၃၁-၂)

## သင်္ကန်းနဲ့ သာသနာ

သင်္ကန်းသည် သာသနာကွယ်ခြင်း၊ မကွယ်ခြင်း၏ မှတ်တိုင် သဖွယ်ဖြစ်သည်။ ဤသင်္ကန်းဖြင့် ငါတို့အား အကျိုးမများ ဟု နှလုံးပြု၍ သင်္ကန်းကို မစွန့်ပစ်သမျှ 'လိင်္ဂသာသနာ' မကွယ်ပနိုင်။ သင်္ကန်းကို စွန့်ပစ်သောအခါမှ 'လိင်္ဂသာသနာ' ကွယ်ပသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၇၀)

http://www.dhammadownload.com

# သက်နိုးလှူရကျိုးများ

သင်္ကန်းလှူခြင်းကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပခြင်း၊ အညစ်အကြေးကင်းခြင်း၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊ တန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်း၊ ကိုယ်လုံးကိုယ်နေ ပြေပြစ်ချောမောခြင်း၊ အဆင်းလှသော ပုဆိုး အဝတ်အထည် တစ်သိန်းကို ရနိုင်ခြင်း၊ ပိုးထည်၊ သက္ကလပ်ထည်တို့ကို ရနိုင်ခြင်း၊ ခေါမတိုင်းဖြစ်အထည် ဝါချည်အထည်တို့ကို ရနိုင်ခြင်း ၈ ပါး တို့ဖြစ်သည်။

ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ပင်းစုံဝ၊ ထွန်းလင်းပ၏။ ဒုလှကာယ၊ မကသိန်းဖိုး၊ ပုဆိုးရလိမ့်၊ ဝါ၊ ရွှေ၊ ဖြူ နီ၊ ဤရှစ်လီသည့် ကျမ်းညီသင်္ကန်းလှူကျိုးတည်း။ (အပ၊ ၁။ ၃၅၈-၉)

တဘော်ဆင်မြန်း၊ ဝတ်သင်္ကန်းကို၊ လှူဒါန်းသည့်သူ၊ အဆင်းလှူတည့်၊ နတ်လူတို့ဘောင်၊ ဖြစ်တိုင်းနောင်ဝယ်၊ အခေါင်ဦးစွန်း၊ ကိုယ်ရောင်ထွန်း၍၊ တုကျွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့်၊ ပဘာဝတီ၊ နတ်တစ်ပြည်သို့၊ အညီနှိုင်းရှိ၊ လှခေါင်ထိလိမ့်။

(သံ၊ ၁။ ၂၉။ သံ၊ ၌၊ ၁။ ၇၈။ မဃဒေဝ၊ ၅၀၇)

http://www.dhammadownload.com



## ပဒေသာပင်

အရှင်မဟာကဿပအလောင်း သူကြွယ်တစ်ဦးသည် သင်္ကန်း လှူခဲ့ဖူးသောကောင်းမှုကြောင့် ဗာရာဏသီပြည်တွင် နန္ဒမင်း ဖြစ်ရသည်။ အရပ်လေးမျက်နှာမှ တစ်ထည်လျှင် တစ်သိန်း မကတန်သော အဝတ်တန်ဆာ လိုရာစုံလင်သော ပဒေသာ ပင် ၃၆ ပင် (ကောစိဝါဒအားဖြင့် ၆၄ ပင်) ပေါ်ပေါက်ပေး ရသည်။

မိမိစိုးမိုးအုပ်ချုပ်သော နိုင်ငံတွင် 'ချည်ငင်၊ ဗိုင်းငင်၊ ရက်ကန်းစင်ပင် မရှိစေရ' အနှစ်တစ်ထောင်ကာလပတ်လုံး ပဒေသာပင်မှ အဝတ်အထည် ဝေငှ၊ မြောက်ကျွန်းတမျှ ပြည့်ဝစုံလင်သောအကျိုးကို ရရှိခံစားရသည်။

(ပေတ၊ ဋ္ဌ၊ ၇၈-၉၊ ၇၀)

## မဟာလတာနှင့် ဗောဓိကျွန်ုး

သင်္ကန်းလှူခြင်းကြောင့် မိန်းမတို့အား မဟာလတာတန်ဆာ၊ ယောကျ်ားတို့အား တန်ခိုးကြောင့်ဖြစ်သော သင်္ကန်းကို ရနိုင် ဗေဟိဘိက္ခုဖြစ်နိုင်သည်။ မိန်းမ ဗေဟိဘိက္ခုနီမ မရှိနိုင်။

(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၂၉။ ဝဇိရ၊ ၃၅၁)

http://www.dhammadownload.com

## ဗောဓိကွာ ဖြစ်နိုင်သူ

ပရိက္ခရာရှစ်ပါးတွင် တစ်ပါးပါးမလှူဖူးခဲ့လျှင် တန်ခိုးကြောင့် ဖြစ်သော သပိတ်၊ သင်္ကန်းမရနိုင်။ ဗောဓိကွာမဖြစ်နိုင်။ ပရိက္ခရာရှစ်ပါးတွင် တစ်ပါးပါးလှူခဲ့ဖူးမှ တန်ခိုးကြောင့် ဖြစ်သော သပိတ်၊ သင်္ကန်းရနိုင်၊ ဗောဓိကွာဖြစ်နိုင်သည်။

(မ၊ ဋ္ဌ၊ ၄။ ၂၁၅။ မ၊ ဋီ၊ ၃၊ ၄၀၄)

တစ်နည်းအားဖြင့် သပိတ်၊ သင်္ကန်းလှူခဲ့ဖူးမှ တန်ခိုးကြောင့်ဖြစ်သော သပိတ်၊ သင်္ကန်းရနိုင်၊ ဗောဓိကွာဖြစ်နိုင်သည်။ မလှူခဲ့ဖူးက မရနိုင်၊ မဖြစ်နိုင်။

(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၁၁-၂။ ဥဒါန၊ ဋ္ဌ၊ ၈၅။ အံ၊ ဋီ၊ ၁၊ ၁၈၁)

## ဇီဝကရဲ့ သင်္ကန်းလှူရကျိုး

ဇီဝကဟာ စဏ္ဍပဇ္ဇောတမင်းထံက ရတဲ့ပုဆိုးအစုံတစ်ထောင်နဲ့ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ယူဆောင်ကာ ဘုရားရှင်ထံသွားပြီး 'မြတ်စွာဘုရား၊ တပည့်တော်ရဲ့ အဖိုးများစွာ ထိုက်တန်တဲ့ သိဝိတိုင်းဖြစ် ပုဆိုးတစ်စုံကို ခံယူတော်မူပါ။ ရဟန်းသံဃာတို့အားလည်း အလှူဒါယကာတွေ လှူဒါန်းတဲ့ သင်္ကန်းကို ခွင့်ပြုတော်မူပါ'လို့ လျှောက်ထားကာ သိဝိတိုင်း

http://www.dhammadownload.com



ဖြစ် ပုဆိုးတစ်စုံကို ဘုရားရှင်အား လှူဒါန်းပြီး ကျန်တဲ့ ပုဆိုးအစုံတစ်ထောင်ကို သံဃာတော်အား လှူဒါန်းတယ်။ ဘုရားရှင်က ဇီဝက လှူဒါန်းတဲ့ သိဝိတိုင်းဖြစ်ပုဆိုးတစ်စုံ ကို ခံယူတော်မူပြီး ရဟန်းသံဃာအားလည်း လူဒါယကာတို့ လှူတဲ့သင်္ကန်းကို ခွင့်ပြုတော်မူတယ်။ မှန်တယ်။ ဘုရား ဖြစ်သည်ကစပြီး ဝါတော် ၂၀ ရသည့်တိုင်အောင် ဘုရားရှင် နဲ့တကွ ရဟန်းသံဃာတွေဟာ ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်ကြတယ်။ လူဒါယကာတွေ လှူဒါန်းတဲ့သင်္ကန်း ကိုမဝတ်ရုံ၊ မသုံးဆောင်ကြ။ ဝါတော် ၂၀ ကျော်မှ ဇီဝက ရဲ့ တောင်းပန်လျှောက်ထားချက်အရ ရဟန်းသံဃာတို့အား လူဒါယကာတွေလှူတဲ့ သင်္ကန်းကို ခွင့်ပြုတယ်။ အဲဒီအခါ ကစပြီး လူဒါယကာတွေလည်း သင်္ကန်းလှူခွင့်ရကြတယ်။ သင်္ကန်းအနုမောဒနာစကား ပြောကြားပြီးအဆုံးမှာ ဇီဝက ဟာ သောတာပန်ဖြစ်တယ်။

(ဝိ၊ ၃၊ ၃၉၂။ ဝိ၊ ဋ္ဌ၊ ၃၊ ၄၀၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၁၂၃။ အံ၊ ဋ္ဌ၊ ၁၊ ၃၀၇)

ဇီဝကဟာ ကာသိမင်း ပို့ပေးတဲ့ ကမ္ဗလာထည်ကို လည်း ဘုရားရှင်အား လှူဒါန်းရာ ဘုရားရှင်က ကမ္ဗလာ ထည်ကို ခံယူတော်မူကာ ရဟန်းသံဃာတို့အားလည်း ကမ္ဗလာသင်္ကန်း ခွင့်ပြုတယ်။ (ဝိ၊ ၃၊ ၃၉၃)

သာမဏေကျော်

၁၃၆၇ ခု၊ ဝါခေါင်လပြည့်နေ့။

၁၉၊ ၈၊ ၂၀၀၅။

http://www.dhammadownload.com

# မကြာမီက ထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၂၉၆။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(ပ) |
| ၂၉၇။ သာမဏေကျော် | လှူမှုဝေ၍ |
| ၂၉၈။ ထက်ခေါင် | သက်တံရောင်စဉ် |
| ၂၉၉။ ပန်းဒကာကိုတင်မြင့် | သွေးကပြောသောစကားများ |
| ၃၀၀။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(ဒု) |
| ၃၀၁။ ဒေါက်တာမတင်ဝင်း | အတွေးမှန်ကူကွက်များ |
| ၃၀၂။ ထက်ခေါင် | ဆပ်ပြာပူဖောင်းကလေးများ |
| ၃၀၃။ ကထိကရဟန်း | သင့်အတွက် အသိဉာဏ်ဖွင့်ဆောင်းပါးများ(၂) |
| ၃၀၄။ အရှင်ကုမာရ(မြဲတောင်) | ဗုဒ္ဓဘာသာမျက်ရှု |
| ၃၀၅။ ဒေါက်တာခင်မောင်ဝင်း | အတွေးသစ်ကိုဖန်တီးခဲ့သူများ |
| ၃၀၆။ သာမဏေကျော် | ထင်ပေါ်ကျော်ကြား ဥပါသကာများ |
| ၃၀၇။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(တ) |
| ၃၀၈။ သာမဏေကျော် | ဒေါသ |
| ၃၀၉။ မစန္ဒာ | ပန်းပွင့်ခရေ |
| ၃၁၀။ ဦးသော်ဇင် | သုတ်သုံးကျမ်း |
| ၃၁၁။ သူ | အဖော်မွန်သစ္စာ |
| ၃၁၂။ ကျော်နန္ဒအောင် | ဝိပဿနာရှုနည်းများ(စ) |
| ၃၁၃။ သာမဏေကျော် | ထင်ပေါ်ကျော်ကြား ဥပါသိကာမများ |

http://www.dhammadownload.com

# ဆက်လက်ထုတ်ဝေမည့်ပါရမီစာအုပ်များ

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး

**ပရမတ္ထသရူပဘေဒနီ–ကမ္မဋ္ဌာန်းပိုင်း**

(စာမူခွင့်ပြုချက် ၃၂၀၃၉၄၀၅၀၆)

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

**ဘုရားကိုးဆူပူဇော်နည်း**

(စာမူခွင့်ပြုချက် ၃၂၀၃၇၆၀၆၀၆)

ဓမ္မာစရိယဦးအေးနိုင်

**အဘိဓမ္မာပို့ချချက်(ရုပ်ပိုင်း)**

(စာမူခွင့်ပြုချက် ၃၂၀၃၀၁၀၆၀၅)

ဦးသော်ဇင်

**ဝိမုတ္တိရသ**

(စာမူခွင့်ပြုချက် ၃၂၀၂၈၁၀၆၀၅)

သစ္စာရှင်

**ဗုဒ္ဓတရားအဆီအနှစ်များ(ပ)**

(စာမူခွင့်ပြုချက် ၃၂၀၃၇၃၀၆၀၆)

ကျော်နန္ဒအောင်

**ဝိပဿနာရှုနည်းများ(ပဌမ)**

(စာမူခွင့်ပြုချက် ၃၂၀၁၂၈၀၆၀၂)